ငွေနှင့်ပတ်သက်၍ စည်း မျဉ်း စည်း ကမ်း များ အား လုံး ကို ဤနေရာ၌ ဖော်ပြရန် မဖြစ်ပေ။ ဖော်ပြလိုက်လျှင် စည်း မျဉ်း စည်း ကမ်း စာရင်း တစ်ခု ထက် ကိုယ်ကျင့်တရား နှင့် ပို၍ တူနေသည်။ ထို စည်း မျဉ်း စည်း ကမ်း များ က သင့်ကို ဘာလုပ်ရန် ပြောပြလိမ့်မည် မဟုတ်။ အခြေအနေ တစ်ခု၌ မည်သို့ ကျင့်ကြံအား ထုတ်ရမည်၊ မည်သည့် အချက်များ ကို လိုက်နာရမည်၊ ထိုသို့ ပြုလုပ်ခြင်း အား ဖြင့် မည်သည့် အကျိုး တရား များ ရရှိမည်၊ ရေရှည်တွင် မည်သို့ အကျိုး ရှိမည်ကိုသာ ညွှန်ပြသည်။ ကိုယ်ကျင့်တရား များ ကဲ့သို့ပင် ထို စည်း မျဉ်း စည်း ကမ်း များ သည် အဆင့်အမျိုး မျိုး ရှိသည်။ အဆင့်တစ်ခု၌ ရှိလျှင် နောက်တစ်ဆင့် မည်သို့သွား ရမည် ဖြစ်ကြောင်း ပြောပြမည်။

ပထမဆုံး နှင့် အရှင်း ဆုံး စည်း မျဉ်း မှာ မိမိ၏ငွေကို မိမိမှတ်တမ်း တင်ထား ရန် ဖြစ်သည်။ ကိုယ့်မှာ ဘယ်လောက်ရှိသည်၊ ဘယ်လောက် သုံး နေသည်၊ ဘယ်လောက် ဝင်နေသည်၊ မည်သည့်နေရာသို့ ငွေများ စီး ဆင်း သွား နေသည်ကို သိရမည်။

ကျွန်တော်၏ ကိုယ်တွေ့ ဥပမာတစ်ခုကို ပြောလိုပါသည်။ ကျွန်တော် ၏ သမီး အကြီး ဆုံး စင်သီယာက ကျွန်တော်၏အိမ်မှ ကျွန်တော့်ဇနီး ဟောင်း ဟယ်လင်၏အိမ်သို့ သွား သည့်ခရီး မှာ တစ်မိုင်ခန့်သာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရှိသည်ဟု သူက ထင်သည်။ ဟယ်လင်၏အိမ်သို့ ကား ဖြင့်သွား လျှင် ၎ါ မိနစ်ခန့် သွား ရပြီ လမ်း လျှောက်သွား လျှင် ၁၀ မိနစ်မှ ၁၅ မိနစ်ထိ ကြာသည်။ သူက တစ်မိုင် လောက်ဟု ပြောခြင်း မှာ တိတိကျကျပြောခြင်း မဟုတ်၊ မိုင်ဝက်လောက် လည်း ဖြစ်ကောင်း ဖြစ်မည်၊ တစ်မိုင်လည်း ဖြစ်ကောင်း ဖြစ်မည်၊ တစ်မိုင် ခွဲလည်း ဖြစ်ကောင်း ဖြစ်မည်။ ထိုသို့ ဖော်ပြခြင်း သည် သူနှင့် ကျွန်တော်တို့ ခရီး သွား သည့်အကြောင်း ကို ပြောရာ၌ အသုံး ဝင်သည်။ ထိုနေရာသို့ ကျွန် တော်တို့ ခြေကျင်လည်း ကောင်း ၊ ကား ဖြင့်လည်း ကောင်း သွား ရန်သာ ဖြစ် သည်။ အကယ်၍ စင်သီယာအနေဖြင့် တစ်နည်း နည်း ဖြင့် ပြန်သွား နိုင်မည် ဆိုလျှင် ထိုအိမ် နှစ်အိမ်အကြာ ၌ ခရီး အကွာအဝေး မှာ ပြောပလောက်အောင် ပင် မရှိတော့ပေ။ တစ်အိမ်နှင့်တစ်အိမ် ကပ်နေသည့် သဘောမျိုး ဖြစ်သွား သည်။ သို့သော် ဧရာမ အလေး အပင် ပစ္စည်း များ တင်ပြီ တစ်အိမ်မှ တစ်အိမ် သို့ တွန်း သွား မည်ဆိုလျှင် ပေ ၄၈၀၀ ဝေ သည်ဟု တိတိကျကျ ပြောခြင်း က ပိုမို၍ အဓိပ္ပာယ်ရှိမည်။ လှေကား ထစ် ၂၆ ထစ်ခန့် ရှိနေသည် မဟုတ်ဘဲ လှေကား ထစ် ၂၀ သာ ရှိသည်ဆိုလျှင် ပို၍ သက်သောင့်သက်သာ ဖြစ်မည်။ အခြား တစ်ဖက်၌ အိမ်နှစ်အိမ်ကြား တွင် ဝါယာကြိုး ဖြင့် ဆက်သွယ်ပြီ စကား ပြောနိုင်အောင် လုပ်ထား လျှင် အိမ်နှစ်အိမ်အကြား ပေ ၅၀ လောက် ဝေ သည် ဟု ထင်နေမည်။ လက်မ အထိ သိစရာ မလို။ ဝါယာကြိုး နှင့် ပတ်သက် လျှင်လည်း လက်မ အထိ ပြောလေ့ မရှိကြ။ မိမိ၏ လုပ်ပုံကိုင်ပုံ၊ သွား ပုံလာပုံ၊ နေပုံထိုင်ပုံအပေါ် မူတည်ပြီ ကိန်း ဂဏန်း များ ကို အသုံး ပြုလေ့ရှိကြောင်း နမူနာပြခြင်း ဖြစ်သည်။

အသုံး စရိတ်များ နှင့် ပတ်သက်၍လည်း အလား တူပင် ကျင့်သုံး သင့်သည်။ အကယ်၍ သင်သည် တစ်နှစ်လျှင် ဒေါ်လာ ၃၀၀၀၀ ဝင်ငွေရှိပြီ ထို ၃၀၀၀၀ အနက်မှ ၁၀၀၀၀ ကို စုမိလျှင် တစ်ရက်တာ ဈေး ဝယ်သည်ကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မှတ်တမ်း မထား မိ၍ ဘာမျှဖြစ်မည် မဟုတ်ပေ။ ဒေါ်လာ ၁၀၀ လောက်ကို စာရင်း မသွား မိဘဲ မေ့နေသည့်အတွက် ပြဿနာ ကြီး ကြီး မား မား ဖြစ်မည် မဟုတ်။

တစ်ပတ်ကြာ ခရီး ထွက်မည့် ကိစ္စတစ်ခုကို ကြိုတင်ခန့်မှန်း တွက်ဆကြည့်ရာ ဒေါ်လာ ၁၇၀၀ လောက် ကုန်မည်ဟု မှန်း ပြီ ဒေါ်လာ၂၀၀လောက် ပိုကုန်သွား လျှင် စုဆောင်း ငွေမ အနည်း ငယ်သာ လျော့သွား နိုင်သည်။ သို့သော် သင်၏ဝင်ငွေမှာ ဒေါ်လာ ၇၀၀၀ သာ ဖြစ်ပြီ သင်၏ စုဆောင်း ငွေမှာ အလွန်နည်း နေလျှင် ဒေါ်လာ ၂၀၀ ခန့်ပိုကုန်သွား ခြင်း ဖြင့် ထိုပိုကုန်သွား သည့် ငွေကို ဖြည့်ရန် ၆ လခန့် ကြို စား ချွေတာရမည်။စရိတ်များ လျှော့ချရမည်၊ နေ့လယ်စာ လျှော့စား ရမည်။

ငွေရေ ကြေး ရေ နှင့် ပတ်သက်လျှင် ကျွန်တော် ဘဏ်လုပ်ငန်း ရှင် ဘ၀က အသေ အဖွဲ့ ခို မှုတစ်ခုကို လုပ်တတ်ကြောင်း ဝန်ခံ ဖြောင့်ချက်ပေလိုသည်။ စီ ပွား ရေ ကိစ္စများ အတွက် နေ့လယ်စာ သွား စား သည့်အခါ ၃၅ ဆင့်တန် စီ ကရက် တစ်လိပ်ကို အမြဲတမ်း ယူသောက်လေ့ရှိသည်။ တစ်ခါ တစ်ရံ၌ တစ်နေ့လျှင် မည်မျှသောက်မည်ဟု ကျွန်တော် ဆုံ ဖြတ်ထား သည့်အပေါ် မူတည်ပြီ နှစ်လိပ် သုံ လိပ် စသည်ဖြင့် ယူသောက်တတ်သည်။ ထိုအသုံ စရိတ်ကို ကျွန်တော်၏ဘဏ်က ကျခံရသည်။ ထိုသို့ သောက်ခြင်းဖြင့် အပြစ်မရှိဟု ဆင်ခြေပေ စရာ အကြောင်း များ အများ အပြား ရှိသည်။ သို့သော် ဘဏ်လုပ်ငန်း ရှင် တစ်ယောက်အနေပြင့် ပြောရလျှင် ၃၅ ဆင့်ပင် ဖြစ်စေ မည်သည့် ခို မှုမျို ကိုမျှ ဆောင်ရွက်ရန် မသင့်တော်ပါ။

အင်္ဂလန်နိုင်ငံ၌ ကျွန်တော် ယခုကဲ့သို့ လုပ်သည့် အဖြစ်မျို ကို ဟိုစမ် စမ် ဒီစမ် စမ် တယောထို သလို လုပ်သည်ဟု ခေါ်သည်။ ဗြိတိသျှ ရို ရာ ဝေါဟာရများ ၌ လူတိုင် လူတိုင် သည် ဟိုစမ် စမ် ဒီစမ် စမ် တစ်ခုခု တော့ လိမ်တတ်၊ ညာတတ်၊ ခို တတ် ကြသည်ဟု ဆိုရို စကာ ရှိသည်။

ဤနေရာ၌ ကျွန်တော်ပြောချင်သည့် ကိစ္စမှာ **လိမ်ခြင်း ၊ ညာခြင်း**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



**တို့သည် မိမိစိတ်ကို ထိန်း ချုပ်နိုင်သည့် နယ်ပယ်အတွင်း မှာသာ ဖြစ်ရမည်။**

ဂလိုက်ဖောင်ဒေ ရှင် ၏ ဘဏ္ဍာရေး မှူး ဖြစ်သွား သောအခါ ကျွန်တော့်အနေဖြင့် ဒေါ်လာ သန်း ပေါင်း များ စွာကို လက်လှမ်း မီနေသဖြင့် ၃၅ ဆင့်တန်ယူသည့် ကိစ္စမျိုး ကို ရပ်ပစ်လိုက်သည်။ ၅ ဆင့်ကအစ တတ်နိုင်သမျှ အသေစိတ်ကပါမကျန် တိကျအောင် ကြိုး စား သည်။ ယခုအခါ၌ နေ့လယ်စာစားထွက်ပြီဆိုလျှင် မည်မျှကုန်သည်ကို တိတိကျကျ မှတ်သာ ဖို့ ဂရုစိုက်သည်။ အကယ်၍ မမှတ်မိလျှင်လည်း ပို၍ မတောင်ဘဲ လျှော့၍သာ တောင်တတ်သည်။ လူတိုင်း ၏ စိတ်ထဲ၌ ငါတော့ နည်း နည်း လေ လုပ်လိုက်မိပြီ၊ နောက်တစ်ခါကျရင်တော့ နည်း နည်း လေ ပိုလုပ်လိုက်မယ်ဆိုသော စိတ်မျိုး ရှိနေတတ်သည်။ "တစ်တက်စာ လည်း ကြက်သွန်၊ နှစ်တက်စာ လည်း ကြက်သွန်"စိတ်ဓာတ်မျိုး ကို ကိုယ့်ဘာသာကိုယ် သတိထား ရမည်။ မည်သည့်အဆင့်အထိ ကိုယ့်ဘာသာကိုယ် လက်ခံနိုင်ပြီ ထိုနေရာမှ တစ်ဆင့် မတက်ရန် ကြိုး စား ရမည်။ ကျွန်တော့်အနေဖြင့် ကျွန်တော် ခို စရာ ဒေါ်လာ သန်း ချီ၍ ရှိနေသည့်အခါ ၅ ဆင့်ကအစ သတိထား ဖို့ အလွန် အရေးကြီး သည် ကျွန်တော် ဘဏ်လုပ်ငန်း ရှင်ဘ၀က အနည်း ငယ်မျှ ခို နိုင်ပြီ အသုံး စရိတ်များကို တစ်နှစ်လျှင် ဒေါ်လာ ၂၀၀၀၊ ၃၀၀၀ ခန့် ပို၍ ပြနိုင်ပါလျက် ကျွန်တော့်အနေဖြင့် ၃၅ ဆင့်အထိသာ ခွင့်ပြုသည်။ တာဝန်ကြီး လာလေ ကိုယ့်ကိုယ်ကို ထိန်း ချုပ်ရလေ ဖြစ်သည်။

ထိုကဲ့သို့ ထိန်း ချုပ်ရမှန်း မသိသူ၊ အလွဲသုံး စား လုပ်တတ်သူတစ်ယောက်ကို ကျွန်တော် ကြုံတွေ့ခဲ့ဖူး သည်။ သူ၏အမည်မှာ ဖရက် ဟု အမည်ရသည်။ သူသည် ကျွန်တော်တို့ဘက်၌ အလုပ်လုပ်သူ ဖြစ်သည်။ သူ့ကို နောက်ဆုံး ၌ ဖမ်း မိသွား သည့်အခါ လူတိုင်း က အံ့အား သင့်ကြသည်။ သူသည် အလွန်သိမ်မွေ့သူ တစ်ယောက်ဖြစ်ပြီ အသက် ၅၀ ကျော် အရွယ်ရှိကာ ရှက်တတ်သည့်၊ အေး အေး ဆေး ဆေး နေတတ်သည့်၊ ဆက်ဆံရေး အလွန်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကောင်း သည့်သူ ဖြစ်သည်။ သူသည် အလွန်စိတ်ချရသည့် အလုပ်တစ်ခုကို လည်း ရထား သည်။ ကျွန်တော်တို့ အား လုံး က အလုပ်နှင့် ပတ်သက်၍ သူ့ ကို သိပ်အား ကို ကြသည်။ သူ့ကို ပြဿနာဖြစ်အောင် လုပ်မည့်သူ မဟုတ်၊ ဘဏ်၌ အလုပ် လုပ်ခဲ့သည်မှာလည်း ကြာပြီဟု နာ လည်ထား ကြသည်။

၁၉၅၀ ပြည့်လွန် နှစ်များ က သူသည် အဆင့်နိမ့် ဝန်ထမ်း တစ်ဦး ဘဝတွင် တာဝန် ထမ်း ဆောင်ခဲ့ရသည်။ သူသည် ထိုအချိန်က ငွေကိုင်စာရေး တစ်ယောက်မျှသာ ဖြစ်သည်။ သူက သူ၏ ကိုယ်ပိုင်ငွေကို အသုံး ပြုကာ ယူရေနီယံ စတော့ရှယ်ယာများ ဝယ်ခဲ့သည်။ ထိုအချိန်က ဆော့လ်တ်လိတ် မြို့တော်၌ ယူရေနီယံစတော့များ ရောင်း ချနေသည်။ သူက အခြား မိတ်ဆွေ များ အား လည်း ယူရေနီယံ စတော့ရှယ်ယာများ ဝယ်ရန် ပြောလေ့ရှိသည်။ စတော့ရှယ်ယာများ ၏ ဈေး နှုန်း များ တက်လာသည့်အခါ သူက စတော့ ရှယ်ယာများ ထပ်ထပ်၍ ဝယ်ရန် မိတ်ဆွေများ အား တိုက်တွန်း လေ့ရှိသည်။ သူ၏ မိတ်ဆွေများ ကလည်း သူ့ကို ငွေရေး ကြေး ရေး နှင့် ပတ်သက်၍ ပါရဂူ တစ်ယောက်လို မြင်လာကြသဖြင့် ကိုယ်ပိုင် ပစ္စည်း ဥစ္စာများ ရောင်း ချ ၍လည်း ကောင်း ၊ အခြား သူများ ထံမှ ချေး ငှား ၍လည်း ကောင်း ငွေရှာကာ ယူရေနီယံစတော့များ ဝယ်ယူကြသည်။ သို့သော် ယူရေနီယံ စတော့ရှယ်ယာ များ သည် ဈေး တက်နေရာမှ ဈေး ပြုတ်ကျသွား သည့်အခါ ထိုစတော့ရှယ်ယာ များ ဝယ်မိသူ အား လုံး တို့သည် သိသိသာသာကြီး ထိခိုက်ဆုံး ရှုံး ရသည်။ ဖရက်၏မိတ်ဆွေ အတော်များ များ သည် အဆုံး အရှုံး ကို မည်သို့ ရင်ဆိုင် ရမည် ဖြစ်ကြောင်း သင်ခန်း စာများ ရသွား ကြသော်လည် ဖရက်က သူတို့၏ ဆုံး ရှုံး မှုများ သည် သူ့ကြောင့်ဖြစ်ရသည်ဟု အပြစ်ရှိသလို ခံစား နေရသည်။ ထို့ကြောင့် မိတ်ဆွေများ နှင့် ပတ်သက်လျှင် ရက်ရက်ရောရော ဆက်ဆံလေ့ရှိ သည်။ နေ့လယ်စာများ ခေါ်ကျွေး သည်။ အစပိုင်း ၌ သူ၏လခကို အသုံး ပြုကာ လက်ဆောင်များ ပေး သည်။ သူပေး နိုင်သလောက် ပေး သည်။ သို့သော်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သူပေးသည့် လက်ဆောင်များသည် သူ၏မိတ်ဆွေများ ကြုံတွေ့ခဲ့ရသော အဆုံးအရှုံးများနှင့် နှိုင်းစာလျှင် အသေးအဖွဲမျှသာ ဖြစ်ကြောင်း သူနားလည်သဘောပေါက်သည်။ ဤနည်းအားဖြင့် ဟိုနားက နည်းနည်း၊ ဒီနားက နည်းနည်းနှင့် ငွေနည်းနည်းချင်း ယူကာ မသမာမှုများ ပြုတော့သည်။

ဘဏ်ထဲ၌ တာဝန်များ၊ ရာထူးများ တိုးလာသောအခါသူသည်ဘဏ်ထိန်းချုပ်စာရင်း အကြီးအကဲရာထူးကို ရလာသည်။ ထိုနေရာသည် ဘဏ်လုပ်ငန်း၏ အချက်အချာကျသည့် နေရာတစ်ခု ဖြစ်သည်။ နေ့စဉ် လည်ပတ်နေရသည့် ငွေပမာဏကို ညှိနှိုင်းပေးသည့် စာရင်းတစ်ခု ဖြစ်သဖြင့် လက်ကျန်ရှင်းတမ်း၏ နှစ်ဖက်စလုံးသည် ညီမျှနေရမည်။ သူသည် ထိုစာရင်းကို ထိန်းချုပ်ရန်သာမက မည်သို့ လိမ်ရမည်ကိုပါ တတ်လာခဲ့သည်။

၈ နှစ်မှ ၁၀ နှစ်ခန့် အတွင်းတွင် မည်သူကမျှ သူ၏စနစ်ကို စစ်ဆေးခြင်း မပြုနိုင်ကြောင်း သဘောပေါက်သွားခဲ့သည်။ ထိုစာရင်းကို ပြည့်ပြည့်ဝဝ နားလည်သူမှာ သူတစ်ယောက်သာ ဖြစ်သည်။ တစ်စုံတစ်ယောက်က စာရင်းစာအုပ်များကို လာရောက်စစ်ဆေးလျှင် သူက ထိုနေရာ၌ အဆင်သင့် ရှိနေတတ်သည်။ သူသည် သူမရှိခိုက် စာရင်းစစ်မှာ စိုး၍ အားလပ်ရက်ပင် မယူ။ အခြားသူများ အားလည်း ဘဏ်ထိန်းချုပ် စာရင်းကို မည်သို့ ဆောင်ရွက်ရကြောင်း မည်သူ့ကိုမျှ မသင်ပေးရဲ။ သူက ကြာလေခိုလေ လုပ်လာသည်။ သူ့မိတ်ဆွေများ ဆုံးရှုံးသမျှ ငွေများကို ပြန်ဆပ်ဖို့ကြိုးစားသည်။ မိတ်ဆွေများ၏ထံမှ တန်ကြေးမရှိတော့သည့် ယူရေနီယံ စတော့ရှယ်ယာများကို ပြန်ဝယ်ရန်အတွက် သုံးလေ့ရှိသည်။

တစ်သက်လုံး အားလပ်ခွင့် မယူသည့် ဖရက်က အားလပ်ခွင့်ယူသည့်အခါ အဖမ်းခံရသည်။ သူ အားလပ်ခွင့်ယူ၍ တစ်စုံတစ်ယောက်က သူ၏ စာရင်းစာအုပ်များကို ကြည့်မိသွားသည့်အခါ သူသည် ဒေါ်လာ ၃ သိန်း အထိ မသမာမှု ပြုထားကြောင်း ရှာဖွေတွေ့ရှိခဲ့ရသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထိုကိစ္စမျိုး မှာ ဖြစ်လေ့ဖြစ်ထ ရှိသည်။ မိမိ၏စိတ်ကို မထိန်း ချုပ် နိုင်ခြင်း ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စမျိုး ဖြစ်သည်။ ထို့ကြောင့် မည်သည့် အတိုင်း အတာ အထိသာ မိမိစိတ်ကို ထိန်း ချုပ်နိုင်ကြောင်း သရှိရန် လိုသည်။ တာဝန်ကြီး မှာ လေ စိတ်ကို ထိန်း ရလေဖြစ်သည်။

ကျွန်တော့်အမေက 'မိသာ စုကို ကျွေး ဖို့ ပေါင်မုန့်ခို တဲ့ သူတွေဟာ ထောင်ကို သွား ရတယ်၊ သန် ပေါင် များ စွာ ခို တဲ့သူတွေဟာ အောင်မြင်ကြ တယ်'ဆိုသည့် စကား ကို ပြောလေ့ရှိသည်။ သူမနှင့်ကျွန်တော် ဤနေရာ၌ သဘောထား ခြင်း မတူပါ။ ပေါင်မုန့်ခို သည့် ဆင် ရဲသာ တော်တော်များ များ အဖမ်း ခံရ၊ အပြစ်ပေး ခံရသည်မှာ မှန်ပါသည်။ သို့သော် အကြီး အကျယ် ငွေခို သည့် ကိစ္စများ အပြစ်မခံရထိုက် ဆိုသည်မှာ မမှန်ပါ။ အမှန်စင်စစ် သူမသည် မှော်ကြည့်ဝါဒီများ ရှုမြင်သကဲ့သို့ အကျိုး အမြတ်ကို ခို မှုနှင့် ရောထွေး၍ ရှုမြင်နေခြင်း ဖြစ်သည်။ အခြား လူတစ်ယောက်က မိမိထက်ပို၍ ငွေရှိ နေလျှင် တစ်ခုခုတော့ မှာ ယွင်း နေပြီ ဟူသော အယူအဆပေါ်၌ အခြေခံ သည်။ ခို ခြင်း ကဲ့သို့သော မတော်မတရာ မှုမျိုး ကို လုပ်ပြီး ရယူသည်ဟု ထင်သည်။ ထိုမှတစ်ဆင့် အကျိုး အမြတ်ရသည်၊ ဆို ဝါ သည်ဟု ရောထွေး ရှုမြင်ခဲ့ပုံ ရသည်။

အမှန်စင်စစ် များ များ ခို လေ မိဖို့များ လေ ဖြစ်သည်။ အကြီး စား ခို မှုမျိုး သည် လူသတ်မှု ကဲ့သို့သော ပြစ်မှုများ ထက်ပင် ဆိုး သေ သည်။ အဘယ်ကြောင့်နည်း ။ အကယ်၍ သင်က တစ်စုံတစ်ယောက်ကို သတ်လိုက် လျှင် သူ၏ မိသား စုများ ၊ မိတ်ဆွေများ ၏ သောကမှာ အချိန်တန်လျှင် ပျောက်သွား မည်။ ၅ နှစ်ခန့် ကြာလျှင် အခြား သူများ အား လုံး က မေ့သွား ကြမည်။ သို့သော် ဒေါ်လာ ၇ သိန်း ခန့် ခို မိလျှင် ၅ နှစ်ခန့် ကြာသည် အထိ မေ့ကြမည် မဟုတ်ဘဲ ထိုခို သူကို ရှာတွေ့ဖို့၊ ခို သွား သော ငွေများ ကို ပြန်ရဖို့ ကြိုး စား ကြမည်။ ထို ခို မှုကဲ့သို့သော ရာဇဝတ်မှုများ ကြောင့် ဆုံး ရှုံ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သွာ သော ငွေကို ပြန်ရအောင် ကြို စာ ကြမည်။ ထိုရှိ ထာ သော ငွေကိုယူပြီ ဘရာဇီ သို့ ထွက်ပြေ မည် ဆိုလျှင် လွယ်ပါသည်။ သို့သော် မူလနေရာ၌ ဆက်လက်၍ မနေနိုင်တော့။ ထိုအခါ ရရှိထာ သော အကျိုး ကျေ ဇူး များ လည် ပျောက်ကွယ်ကုန်မည်။ သူခိုး လုပ်သူသည် တစ်ချိန်လုံ ပုန် ကွယ် နေရမည်။ အခိုး ခံရ၊ ငွေဆုံ သူများ က သူတို့ ကုန်ဆုံ သောငွေ၏ တစ်ဝက်ကို အကုန်ခံရန် ဝန်လေ ကြမည် မဟုတ်ပေ။ ယခုခေတ် အနေဖြင့် ပြောရလျှင် ဒေါ်လာ တစ်သိန် လောက် ကုန်မည်ဆိုလျှင် ကမ္ဘာအနှံ့ မည်သည့်နေရာ၌ မည်သူ ပုန် နေနေ ရာဖို့ လွယ်ပါသည်။ သို့မဟုတ် သူခိုး ကို ဒုက္ခပေ ဖို့ လွယ်ပါသည်။

ယခုအခါ၌ မသမာမှု ပြုသူများ အပေါ်၌ ထာ သည့် အာမခံ ကုမ္ပဏီ များ နှင့် အခြာ မသမာမှုနှင့် ဆိုင်သည့် ကုမ္ပဏီများ ၏ သဘောထာ မှာ စိတ်ဝင်စာ စရာ ကောင် သည်။ လူသိရှင်ကြာ ထုတ်ဖော်ပြောကြာ ခြင် မရှိသော်လည် ရာဇဝတ်မှုဗေဒပညာရှင် အတော်များ များ က သိနေကြပြီ ဖြစ်သည်။ သူခိုး များ အာ တရာ စွဲဆိုရာ၌ ပတ်သက်သည့် ပုဂ္ဂိုလ်များ က လည် သိနေကြပြီ ဖြစ်သည်။ တစ်ခါတစ်ရံ၌ ခိုး သူတစ်ယောက်ကို ခိုး မှန် သိသော်လည် ခိုင်လုံသည့် အထောက်အထာ မပြနိုင်သည့်အခါ ထိုသူ့ကို အကြွက်ဆင်၍ ဖမ် ပြီ သူကျူး လွန်သည့် ပြစ်မှုမျိုး အတိုင် ပြစ်ဒဏ်ကို ကျခံစေရန် ကြို စာ တတ်ကြသည်။ ဥပမာ သင်သည် ဘဏ်တစ်ခုမှ ငွေ အမြောက်အမြာ ခိုး ခဲ့ပြီ စုံစမ် စစ်ဆေ သူ တစ်ယောက်က သင်ခိုး ယူခဲ့သည် ကို သေချာစွာ သိသော်လည် သက်သေမပြနိုင်လျှင် သင့်ကို ပြန်ပေ ဆွဲကာ မြေထဲပင်လယ်ထဲက နိုင်ငံတစ်ခု၌ ဆေ ခြောက်ပစ်၍ အမှုဆင် ဖမ် နိုင်သည်။ ထိုဒေသ၌ ဆေ ခြောက်နှင့် ဖမ် မိလျှင် ထောင် ၁၀ နှစ်ခန့် ကျခံရအောင် လုပ်နိုင်သည်။

ထိုသို့ လုပ်ရန်အတွက် ဒေါ်လာပေါင် ထောင်ချီ၍ အကုန်ခံရလျှင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လည်း အကုန်ခံထိုက်သည်ဟု ထင်ကြသည်။ သူခိုးတိုင်းကို ပြစ်ဒဏ်ချမှတ်ရမည်ဟု ယူဆကြသည်။ ဤနည်းအားဖြင့် အခြားသူများလည်း အလားတူ ပြစ်မှုမျိုး မကျူးလွန်နိုင်ရန် ဟန့်တားရာ ရောက်သည်ဟု ထင်တတ်ကြသည်။

သို့ဖြစ်၍ ငွေရေးကြေးရေးနှင့် ပတ်သက်သည့် ပြစ်မှုများကို မကျူးလွန်မိစေရန် မည်သည့် ပမာဏကစ၍ မိမိကိုယ်မိမိ ထိန်းချုပ်မည်ကို သိထားသင့်သည်။ လူတော်အများစု အနေဖြင့် မသမာမှု မပြုလုပ်ကြပေ။ မသမာမှု လုပ်ဖို့ထက် မသမာမှုကို ဆန့်ကျင်အောင် ဆွဲဆောင်နေသည့် အင်အားများက ပို၍ အားကောင်းနေတတ်ကြသည်။

မိမိ၏ ငွေရေးကြေးရေးကို ဂရုစိုက်ရန် လိုသည့် အခြားတစ်ခုမှာ ကြွေးများနှင့်ပတ်သက်၍ ဖြစ်သည်။ ကြွေးဆိုသည်မှာ ကြီးမားသည့် ချေးငွေများရော အသေးအဖွဲ့ကြွေးများ အားလုံးကိုပါ ဆိုလိုသည်။ အကြွေးဝယ်သည့် အသေးအဖွဲ့ ကိစ္စများ အားလုံးပါဝင်သည်။ မိမိကို အကြွေးရောင်းလိုက်သည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများသို့ ပေးစရာရှိသည့် ငွေများလည်း ပါသည်။ ကြွေးရှိခြင်း၊ ကြွေးများကို ဆပ်ခြင်းသည် ငွေကို အာရုံစိုက်အောင် လုပ်ပြီး ထိရောက်သည့် နည်းလမ်းတစ်ခု ဖြစ်သည်။ ကိုယ့်ကိုယ်ကို ထိန်းချုပ်ရန် အကူအညီပေးသည့် နည်းလမ်းတစ်ခု ဖြစ်သည်။

ကျွန်တော် ဘဏ်လုပ်ငန်းရှင် ဘဝက ဘဏ်၏ဖောက်သည်များ အတွက် အလိုအလျောက် ငွေပေးချေသည့် စနစ်တစ်ခုကို ကျင့်သုံးရန် ဈေးကွက်သုတေသန လုပ်ဖူးသည်။ ထိုသုတေသနပြုချက် အရဆိုလျှင် လူအများသည် အလိုအလျောက် ကြွေးဆပ်သည့် စနစ်ကို ကြိုက်နှစ်သက်မှု နည်းကြောင်း တွေ့ရသည်။ သူတို့၏ ကိုယ်ရေးကိုယ်တာများ၌ ဘဏ်အနေဖြင့် ဝင်ရောက်စွက်ဖက်ခြင်း မရှိစေလို၍လည်း ဖြစ်နိုင်သည်။ သို့သော် ထိုအကြောင်းတရားသည် တကယ့်အကြောင်းတရား ဟုတ်ကောင်းမှ ဟုတ်မည်။ သူတို့၏ ကြွေးဆပ်ပုံဆပ်နည်းများကို ထပ်မံ၍ စူးစမ်းလေ့လာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လိုက်သည့်အခါ ကျွန်တော့်အနေဖြင့် ကြွေ ဆပ်သည့်ကိစ္စ၌ စိတ်ဝင်စား စရာ အများ အပြား ပါဝင်နေသည်ကို တွေ့ရသည်။ ပထမဦး စွာ **ကြွေ ဆပ်သည့် ကိစ္စကို အခြား သူများ အား ပြစ်ဒဏ်ပေ ရန် နည်း လမ် တစ်ခု အနေဖြင့် လူအများ က အသုံ ပြုတတ်ကြသည်။** အလုပ် ကောင် ကောင် မလုပ်သည့် သွာ စိုက်ဆရာဝန်တစ်ယောက်၊ အခန် တွင် အလုပြင်ဆင်သူတစ်ယောက် သည် နှစ်လ၊ သုံ လ သို့မဟုတ် ခြောက်လခန့်အထိ ငွေမရဘဲ ဖြစ်နေနိုင် သည်။ ထိုသို့ ပြစ်ဒဏ်ပေ သည့်အနေဖြင့် ရုတ်တရက် ငွေမချေဘဲ ထာ သည့် နည် ကို လူအများ အနေဖြင့် အလွန် နှစ်ခြိုက်ကြကြောင် တွေ့ရသည်။

ဒုတိယ စိတ်ဝင်စာ စရာ တစ်ခုမှာ လူအများ သည် စုစုပေါင် သူတို့ ကြွေ မည်မျှ ဆပ်စရာရှိသည်ကို သိချင်ကြသည်။ ထိုသို့ သိခြင် အာ ဖြင့် မိမိတို့ သုံ စွဲပုံ သုံ စွဲနည် များ ကို ထိန် ချုပ် ဟန့်တာ နိုင်ကြသည်။အနာဂါတ် ကာလတွင် သုံ စွဲမှုများ အတွက် ဆုံ ဖြတ်ချက်များ ချမှတ်ရာတွင် အထောက် အကူ ဖြစ်နိုင်သည်။ အကယ်၍ လူတစ်ယောက်သည် ဖေဖော်ဝါရီလတွင် သူ၏ဝင်ငွေသည် ဒေါ်လာ ၅၀၀ ရှိသည် ဆိုပါစို့။ ခရစ္စမတ် ကတည် က မပေ ရသေ သည့် ကြွေ များ မှာ ဒေါ်လာ ၈၀၀ ခန့် ရှိသည်ဆိုလျှင် သူ့အနေ ဖြင့် နောက်ထပ် သူလိုချင်သည့် ပစ္စည် များ ကို မဝယ်ဘဲ နေမည်။ကြွေ များ ၏ ပမာဏက နောက်ထပ် သူ့ဝယ်ချင်စိတ်ကို အဟန့်အတာ ဖြစ်အောင် ထိန် သိမ် ပေ သည်။ သူ၏ ဆန္ဒများ ကို ထိန် သိမ် ပေ သည်။

တတိယအချက်မှာ လူအများ သည် မည်သည့်ကြွေ ကို အရင်ဆပ်ရ မည်၊ မည်သည့်ကြွေ ကို မည်သည့်အချိန်၌ ဆပ်ရမည်ကို သိချင်ကြသည်။ ဥပမာ တယ်လီဖုန် ကုမ္ပဏီက တယ်လီဖုန် ခများ မပေ ဘဲ လမည်မျှကြာ အောင် တယ်လီဖုန် လိုင် ဖြတ်မပစ်ဘဲ အသုံ ပြုနိုင်သည်ကို သိချင်ကြသည်။ အမှိုက်ခွန်ကို မှန်မှန်မပေ ဆောင်သည့်အတွက် နောက်ထပ် ခြောက်လခန့် အမှိုက်သိမ် မည်၊ မသိမ် မည်ကို သိချင်ကြသည်။ အများ အာ ဖြင့် ဝန်ဆောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မှုလုပ်ငန် အတော်များ များ သည် အမှန်တကယ် ပေ ချေခြင် မပြုသည့်တိုင် နောက်ထပ် သုံ လခန့် ခွင့်ပြုထာ တတ်ကြသည်။ အကြွေ တောင် လွှာအမျိုးမျိုး ၌ ရက်တရက် ဆပ်စရာ မလိုသေ ဘဲ မည်မျှကြာမှသာ ဆပ်နိုင်ကြောင် အချိန် ကန့်သတ်ချက်များ ပေ ထာ ကြသည်။ အကယ်၍ ကလေ တစ်ယောက်သည် သွာ စိုက်ဆရာဝန်ကို ဒေါ်လာ ၆၀၀ ပေ စရာရှိပြီ သွာ စိုက်ဆရာဝန်က နောက်ထပ်ဒေါ်လာ ၂၀၀ မရလျှင် ဘာမျှ ဆက်မလုပ်ဟု ဆိုပါက ထိုကလေ အနေဖြင့် ဒေါ်လာ ၂၀၀ ကို ပေ လိုက်ပြီ အခြာ ပေ စရာများ ကို နောက်မှပေ မည်ဟု ရွှေ့ဆိုင် ထာ နိုင်သည်။ ဤနည် အာဖြင့် သူသည် အခြာ မြီရှင်များ ထံမှ ထပ်မံ၍ ချေ ယူနိုင်သည်။ အကယ်၍ ဆွေမျိုး တစ်ယောက် ကွယ်လွန်သွာ ၍ နာရေ ကို မေ မြန် ရမည်ဆိုလျှင် လျှပ်စစ်ဓာတ်အာ ခ၊ တယ်လီဖုန် ခ၊ အမှိုက်ခွန် စသည့် ကိစ္စများ သည် စောင့်ဆိုင် နေလိမ့်မည်ဟု သိပြီ စိတ်ချလက်ချ ထွက်သွာ နိုင်သည်။ အမှန်စင်စစ် သူ့အနေဖြင့် ကြွေ ကို ကြွေ ဖြင့်ဆပ်သည့် သဘောဖြစ်သည်။ ကြွေ ဆပ်စရာ ရှိသည်တို့ကို ရှေ့နောက် အစီအစဉ် အချိတ်အဆက် လုပ်လိုက်ခြင် အာ ဖြင့် နိုင်နိုင်နင် နင် ကိုင်တွယ်သွာ နိုင်သည်။

ကြွေ ဆပ်ပုံ ဆပ်နည် များ ကို လေ့လာသည့်အခါ လူအများ အနေဖြင့် သူတို့ကိုယ်သူတို့နှင့် ထိန် ချုပ်ရန်ခက်သည့် ဆန္ဒများ ထိန် ချုပ်ကြပုံကို သိရှိလာရသည်။

ကျွန်တော်၏ ကိုယ်ပိုင်ဘဝ၌ ကြွေ ယူသည့် စနစ်ကို လက်ခံကျင့်သုံခြင် ၊ ချေ ငွေများ ယူခြင် သည် **အတင် အကြပ် စုဆောင် ခိုင် သည့် သဘော**မျိုး ဖြစ်သည်ဟု ယူဆ၍ လက်ခံကျင့်သုံ နေခြင် ဖြစ်သည်။ အသက်အာမခံလုပ်ငန် က လူများ ကို အသက်အာမခံ ထာ ခိုင် ခြင် မှာ အသက်အာမခံ မထာ လျှင် ငွေစုရန် ခက်သောကြောင့် ဖြစ်သည်ဟု အကြောင် ပြတတ်ကြသည်။ လူ အတော်များ များ သည် သူတို့၏ အနာဂတ်ကို အကောင် မြင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တတ်ကြသည်။ မထင်မှတ်၊ မမျှော်လင့်သည့် ကိစ္စများ ဖြစ်ပေါ်မည်ဟု မျှော်လင့်ထား ခြင်း မရှိကြပေ။ ထို့ကြောင့် အသက်အာမခံ ထား ခိုင် ခြင် သည် သူတို့အာ ဗွတ်အတင် စုခိုင် ရာ ရောက်သွာ သည်။

နှစ်နှစ်ခန့် အကြာက အတို နှုန် သက်သက်သာသာဖြင့် ရ၍ ဘဏ် တစ်ခုမှ ဒေါ်လာ ၂၀၀၀ ချေ ခဲ့သည်။ ထိုချေ ငွေကို ငွေစုငွေချေ အသင် တစ်ခုထဲ၌ ထည့်ထာ လိုက်ပြီ နှစ်နှစ်ခန့် လခွဲ၍ ဆပ်နေလိုက်သည်။ အကျိုး သက်ရောက်မှုမှာ နှစ်နှစ်အဆုံ ၌ ဒေါ်လာ ၂၀၀၀ ဆပ်ပြီ သည့်အပြင် ကျွန်တော့်မှာလည် စုငွေ ၂၀၀၀ ရှိသွာ သည်။ ထိုသို့ ဒေါ်လာ ၂၀၀၀ စုမိရန် အတွက် တစ်နှစ်လျှင် နှစ်ရာခိုင်နှုန် အတို သာ ကုန်ကျသည်။ ထိုနှစ်ရာခိုင် နှုန် မှာ ကျွန်တော်ပေ ရသော အတို နှင့် စုဆောင် ငွေမှ ကျွန်တော်ရရှိသည့် အတို တို့၏ ခြာ နာ ချက် ဖြစ်သည်။ ဤသို့လုပ်ခြင် မှာ စုဆောင် ငွေ မျာ အောင် လုပ်လိုက်ခြင် အာ ဖြင့် အနာဂါတ်ကာလ အရေ ပေါ်ကိစ္စများ အတွက် လိုအပ်လာလျှင် ငွေပို၍ ချေ ယူရရှိနိုင်သည်ကို သိ၍ဖြစ်သည်။ ကျွန်တော့် စိတ်ထဲကလည် ၎င် ငွေမျာ ကို မှန်မှန်ဆပ်ရန် လိုသည်ဟု ဆုံ ဖြတ်ထာ ပြီ မှန်မှန်လည် ဆပ်ခဲ့ပါသည်။ ထိုနည် မှာ ဗွတ်အတင် စုဆောင် သည့်နည် ဖြစ်သည်။ အိမ်ပေါင်ခံခြင် ၊ အပေါင်စနစ်ဖြင့် ဝယ်ယူ ခြင် စသည်တို့သည်လည် အလာ တူ ချေ ငွေမျာ ဖြစ်သည်။ ကျွန်တော်တို့ အနေဖြင့် ကျွန်တော်တို့၏ ဆန္ဒမျာ ကို ထိန် ချုပ်ရန် လိုအပ်သည်ဟု အသိ အမှတ်ပြုကာ ဆောင်ရွက်တတ်ကြသည့် သဘောမျာ ဖြစ်သည်။

ကျွန်တော်တို့ အတော်မျာ မျာ သည် ထိန် ချုပ်မှုမျာ ၊ အကန့်အသတ် မျာ ရှိရန်လိုသည်။ သင့်အတွက် ထိုသို့ ထိန် ချုပ်မှုမျာ မလိုလျှင် စမ် သပ်မှု တစ်ခုကို လုပ်ကြည့်ပါ။ ကိုယ်လုပ်ချင်သည့် အလုပ်ကို ထလုပ်ဖို့ မည်မျှလွယ် သည်ကို သတိထာ ကြည့်ပါ။ ကိုယ်အလိုရှိသည့် အရာတစ်ခုကို မတွေ့ ဘဲ မနေနိုင်ကြောင် သတိထာ ကြည့်ပါ။ အကယ်၍ သင်သည် ကိုယ်လိုချင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သည့် အရာတစ်ခုအတွက် (၃)ရက်လောက် မသုံးဘဲ နေနိုင်လျှင် သင်မှန်ပါသည်၊ ထပ်မံ၍ ထိန်းချုပ်မှုများ လုပ်စရာ မလိုပါ။ သို့သော်သင်သည် လက်ရှိ ရှိနေပါလျက်နှင့် အခြား ပစ္စည်း အသစ်တစ်ခုကို လိုချင်နေလျှင် သင်၏ဘဝနှင့် ပတ်သက်၍လည်း ကောင်း ၊ သင်၏ နေပုံထိုင်ပုံနှင့် ပတ်သက်၍လည်း ကောင်း အကန့်အသတ်များ ၊ အတားအဆီး များ ချမှတ်ရန် လိုပေသည်။

စာဖတ်သူ အားလုံး လိုလိုပင် ငွေထိန်းချုပ်မှု မရှိသည့် ပြဿနာနှင့် ကြုံတွေ့ရတတ်သည်။ မိမိကိုယ်မိမိ ငွေထိန်းချုပ်မှု ပြဿနာ မရှိပါ၊ နိုင်နိုင်နင်းနင်း ထိန်းချုပ်နိုင်ပါသည် ဟု ဆိုသဉ လူအများ စုပင်လျှင် ထိန်းချုပ်မှု မရှိကြသည်ကို တွေ့ရသည်။ အခြား တစ်ဖက်၌ အခြေခံ လိုအပ်ချက်မှလွဲ၍ ပိုပိုလျှံလျှံ လိုချင်သည့် သူအချို့လည်း ရှိကြသည်။ ထိုသူများ အနေဖြင့် အစားအသောက် အနည်းငယ် စား၍လည်း နေနိုင်ကြသည်။ သုံးရက်လောက် ဘာမျှ မစားဘဲလည်း နေနိုင်ကြသည်။ သူတို့သည် သူတို့၏ ကိုယ်ရေကိုယ်တာထက် မြင့်မြတ်သည့် ကိစ္စများ အတွက် မြှုပ်နှံကြသည်။ ထိုသူများ ထဲ၌ ဗဟိုဌာန တစ်ခုမှ ဘုန်းကြီး များ ၊ သေလုမြောပါး ဖြစ်နေသော ဝေဒနာသည်များ ကို ကုသနေသော သူနာပြုများ အထိ ပါဝင်သည်။ ကျွန်တော်၏ အကြံပြုချက်များ သည်လည်း ထိုအုပ်စု နှစ်ခုစလုံး အတွက် အသုံးဝင်ပါသည်။ အများ စုအတွက် ဖြစ်စေ၊ ချွင်းချက်ထဲ၌ အကြုံဝင်သည့် လူအနည်းစုထဲ၌ ဖြစ်စေ အသုံးဝင်ပါသည်။

ငွေကို မှတ်တမ်းတင်သည့် အလွယ်ဆုံး နည်းလမ်းတစ်ခုမှာ ချက်လက်မှတ်ဖြင့် ထုတ်ယူ၍ရသော စာရင်းရှင်အပ်ငွေများ ထားရန်ဖြစ်သည်။ လူအများ စုအတွက် စာရင်းရှင်အပ်ငွေများ ထားရန်လိုအပ်သည်။ အချို့သူများက ငွေကိုင်၍သုံးလျှင် ပိုကောင်းသည်။ ကိုယ်ရာရသည့် ငွေထက် ပို၍ သုံးနိုင်သည်ဟု ထင်တတ်ကြသည်။ လူတစ်ယောက်သည် တစ်ပတ်လျှင် ဒေါ်လာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



၂၀၀ ရနေပြီ ထိုငွေကို ပျော်ပျော်ပါ ပါ သုံး စွဲနေလျှင် သူတို့ပြောတာ မှန်ပါသည်။ သို့သော် ကိစ္စအတော်များ များ ၌ အခြား တာဝန်များ ရှိနေသည့် အခါ စာရင်း ရှင် ဖွင့်ထား ခြင်း က ပိုကောင်း သည်။ ထိုသို့ စာရင်း ရှင် ဖွင့်ထား လိုက်ခြင်း အား ဖြင့်၊ ချက်လက်မှတ်များ နှင့် ငွေပေး ချေခြင်း အား ဖြင့် မည်သည့် ကိစ္စများ အတွက် ငွေသုံး သည်ကို မှတ်တမ်း တင်နိုင်သည်။ နောက်ကြောင်း ခံ၍ လိုက်နိုင်သည်။ ထိုသို့ မှတ်တမ်း ထား ခြင်း ၊ နောက်ကြောင်း ခံ လိုက်ခြင်း မှာ ယခုပြောနေသည့် ဒုတိယ ဥပဒေသ၏ အရေး ပါသော အစိတ်အပိုင်း တစ်ခု ဖြစ်သည်။ ငွေရေး ကြေး ရေး နှင့် ပတ်သက်သည့် အပြုအမူများ ကို သတိထား မိ အောင် လုပ်လိုက်ရလည် ရောက်သည်။ ကိစ္စအား လုံး ကို အမြင်ကျယ်ကျယ် မြင်တတ်အောင် ဆောင်ရွက်လိုက်ရလည် ရောက်သည်။ အကယ်၍ ဖြစ်နိုင်လျှင် စာရင်း ရှင်နှစ်ခု ဖွင့်ထား ခြင်း က ပိုကောင်း သည်။ ပထမ တစ်လတွင် စာရင်း ရှင်တစ်ခုက ငွေကို ချက်လက်မှတ်ဖြင့် ထုတ်ပေး ပြီ နောက် တစ်လတွင် နောက်စာရင်း ရှင်တစ်ခုမှ ငွေကို ချက်လက်မှတ်ဖြင့် ထုတ်ပေး မည်။ စာရင်း တစ်ခုကို မသုံး ဘဲ ထား ခြင်း အား ဖြင့် ဘဏ်စာရင်း များ အချိန်မီ ရှင်း လင်း နိုင်ရန် အချိန်ပေး ရာ ရောက်သည်။ အခြား နည်း တစ်နည်း မှာ ချက် စာအုပ်များ လျော့သွား အောင် မလုပ်ဘဲ တို ပွား အောင် လုပ်သည့်နည်း ဖြစ်သည်။ ထိုနည်း လမ်း ကို အလွန်ထူ ချွန်သည့် အိမ်ရှင်မများ ထံမှ ရရှိခဲ့သည်။ သင့်အနေဖြင့် ဒေါ်လာ ၁၆၀၀ အပ်နှံထား သည် ဆိုပါစို့။ ချက်တစ်စောင် ထုတ်ပေး လိုက်သည့်အခါတိုင်း ထိုချက်တန်ဖိုး ထက် ပိုသည့်ငွေကို သော်လည်း ကောင်း ၊ ချက်တန်ဖိုး နှင့် ညီမျှသည့် ငွေကို သော်လည်း ကောင်း ထပ်၍ သွင်း နိုင်သည်။ ထိုနည်း အား ဖြင့် မူလအပ်နှံထား သည့် ငွေတန်ဖိုး မလျော့အောင် ဆောင်ရွက်နိုင်သည်။

ကျွန်တော်၏ ဂျက်ဟု အမည်ရှိသော မိတ်ဆွေတစ်ယောက်က သူသည် မည်သည့်ကိစ္စမဆို ရအောင်ဝယ်နိုင်သည် ဟု ပြောတတ်သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သို့သော် သူ ဝယ်ပြီးဆိုလျှင် လက်လီဈေး ထက် ၃၀ ရာခိုင်နှုန်း ခန့် ဈေး ကြီး နေတတ်သည်။ သူသည် မူ ယစ်ဆေး ဝါ အလွန်အကျွံ သုံး စွဲသူတစ်ယောက် ဖြစ်ပြီ သူ၏ ယုံကြည်ချက်မှာလည်း ထူ ဆန် သည်။ ငွေများ သည် သူတို့ ကိုယ် သူတို့ ဂရုစိုက်သွာ ကြလိမ့်မည်ဟု သူက ယုံကြည်နေသည်။ ပထမ ဥပဒေသကို အထင်အမြင် လွဲမှာ မှုမျိုး ဖြစ်နေသည်။ သူသည် ပထမ ဥပဒေသကို လိုက်နာသယောင်ယောင် ရှိသော်လည် ဒုတိယ ဥပဒေသကို ချိုး ဖောက်သည်။ ကျွန်တော်တို့၏ ကိုယ်ရေ ကိုယ်တာ ဘဝများ ၌ သပ်သပ် ရပ်ရပ် စနစ်တကျ ရှိနိုင်စွမ် ၊ စုစုစည် စည် ရှိနိုင်စွမ် များ ကို သူက ဥပေက္ခာ ပြုထာ သည်။ ဒုတိယ ဥပဒေသသည် **သပ်သပ်ရပ်ရပ် တိတိကျကျ ရှိမှု၊ စုစု စည် စည် ရှိမှု**တို့ကို ညွှန်ပြသည်။ နောက်ဆုံ ၌ ငွေနှင့် ပတ်သက်၍ကျင့်သုံ ပုံ ကျင့်သုံ နည် သည် ကျွန်တော်တို့ဘဝ၏ အခြာ အစိတ်အပိုင် များ အပေါ်၌ လည် အကျိုး သက်ရောက်မှု ရှိသည်။ ကျွန်တော်တို့ ဘယ်လို လူများ ဖြစ်သည် ဆိုသည်ကို နာ လည်ရန်အတွက် **ဘဝ၏ အသေ စိတ်များ ကို အာရုံစိုက်ဖို့**လို သည်။ ထိုသို့ ဘဝ၏ အသေ အဖွဲ့ကအစ အာရုံစိုက်နေရခြင် အာ ဖြင့် ကိုယ် ဘယ်လိုလူ ဖြစ်သည် ဆိုသည်ကို နာ လည်နိုင်သည်။ ကိုယ် မည်မျှ တို တက်လာသည်၊ ရင့်ကျက်လာသည်ကို သိရှိနိုင်သည်။ **ငွေရေ ကြေ ရေ နှင့် ပတ်သက်၍ ဂရုမစိုက်ဘဲ ပစ်စလက်ခတ်လုပ်ခြင် အာ ဖြင့် အမှန်တရာ ကို မျက်ကွယ်ပြုရာ ရောက်စေနိုင်သည်။ အမှန်တရာ ကို မျက်ကွယ်ပြုလျှင် ဒုက္ခ ရောက်စေနိုင်သည်။ ဘဝနှင့်ပတ်သက်၍ အမှန်တရာ ကို မျက်ကွယ်ပြုခြင် သည် ဒုက္ခရောက်စေနိုင်သလို ငွေနှင့်ပတ်သက်၍ အမှန်တရာ ကို မျက်ကွယ် ပြုခြင် သည် ဒုက္ခ ရောက်စေနိုင်သည်။ တကယ်တမ် ပြောရလျှင် ဘဝရေ ရာ ကိစ္စများ သည် ငွေရေ ကြေ ရေ ထက်ပင် ခက်ခဲရှုပ်ထွေ သေ သည်။ ငွေရေ ကြေ ရေ မျှကိုပင် ဂရုမစိုက်နိုင်လျှင် ဘဝ၏ အခြာ သော အရေ အရာများ ကို ဂရုစိုက်နိုင်မည် မဟုတ်ပေ။** ဂျက်၏ မိတ်ဆွေများ က သည် ခံကြသော်လည်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရေရှည် သည် ခံကြမည် မဟုတ်ပေ။ စီ ပွာ ရေ လောကဌ် ကြည့်လျှင် ဂျက်ကို မယုံသင့်ထိုက်သော ပုဂ္ဂိုလ်တစ်ယောက် အဖြစ် မြင်ကြမည်။ တန်ရာတန်ကြေ ထက် ၃၀ ရာခိုင်နှုန်း ပို၍ တောင် တတ်သည်ကို သဘောပေါက်နာ လည်နေကြမည်။

တစ်ခါက ဂျက်သည် ဆေ ခြောက်သုံ့ စွဲပြီ ရေငုပ်သဖြင့် ရေနစ်လုနီ နီ ဖြစ်သွာ သည်။ ဤအချက်ကို ကြည့်လျှင် ငွေရေ ကြေ ရေ နှင့် ပတ်သက်၍ သူ၏ ရှုမြင်သုံ သပ်ပုံ ညံ့ဖျင် သလို အခြာ နေရာဌ်လည် သူ၏ ရှုမြင်သုံ သပ်ပုံ ညံ့ဖျင် ကြောင် တွေ့ရသည်။ လောကနှင့် ပတ်သက်၍ ရှုမြင်သုံ သပ်ပုံ ညံ့ဖျင် ကြောင် တွေ့ရသည်။ ငွေရေ ကြေ ရေ မျာ ကို ကိုင်တွယ်ရသည်မှာ ကိုယ်ကျင့်တရာ ဆိုင်ရာ ကိစ္စတစ်ခု ဖြစ်သည်။ ကိုယ်ကျင့်တရာသည် ကိုယ်ရည်ကိုယ်သွေ ထက်ပင် အရေ ကြီ သည်။ ဂျက်လို ကိုယ်ရည်ကိုယ်သွေ စရိုက်လက္ခဏာ ရှိသည့်သူ တစ်ယောက်ကို ပြောင် လဲအောင် လုပ်နိုင်ပါမည်လာ ။ **စိတ်၏ပတ်ဝန် ကျင်**ဟု အမည်ရသည့် ဂရိဂိုရီဘိတ်ဆန်၏ စာအုပ်ဌ် အရက်စွဲနေသူ တစ်ယောက်သည် ကျန်သည့် သူ့ဘဝတစ်လျှောက်လုံ့ အရက်စွဲနေတော့မည် ဖြစ်ကြောင် ပြည့်ပြည့်ဝဝ နာ လည်သဘောပေါက်မှသာ ဖြသနာကို ဖြေရှင် နိုင်မည်ဟု ဖော်ပြထာ သည်။ တစ်သက်လုံ့ အရက်စွဲနေသူ ဖြစ်တော့မည် ဆိုသည်ကို နာ လည် သဘောပေါက်မှသာ မသောက်ဘဲ နေနိုင်မည်။ ၅ နှစ်ခန့် အရက်ဖြတ်ထာ သည့်တိုင်အောင် အရက်သမာ ဖြစ်နိုင်သေ ကြောင် ၊ သဘောပေါက်ရမည်။သူ့ကိုယ်သူ ထိန် ချုပ်နိုင်ပါသည် ဆိုသည့် ထူ ချွန်သော အရက်သမာ ဟူ၍မရှိ။ အရက်နှင့် ပတ်သက်လျှင် သူ ဘာမျှ မလုပ်နိုင်တော့ကြောင် ၊ ဘာမျှမတတ်နိုင်ကြောင် သိရှိနာ လည်သည့်အခါမှသာ အရက်ကို ရှောင်ကြဉ်နိုင်ပြီ သူလည် အသက်ရှင်သန်နိုင်မည် ဟု ရေ သာ ထာ ခဲ့သည်။

ဘိတ်ဆန်၏သီအိုရီသည် လူတိုင် အတွက် မှန်ကောင် မှ မှန်မည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဖရန့်သည် အသက် ၂၆ နှစ် အရွယ်ရှိ လူပျိုတစ်ယောက်ဖြစ်ပြီး အဆင့်အတန် မြင့်မြင့် နေထိုင်နိုင်သူ ဖြစ်သည်။ သူသည် ငွေရေ ကြေ ရေ နှင့် ပတ်သက်၍ လှည့်ပတ် လိမ်လည်ခဲ့သည့် အကြောင် များ ကို ပွင့်ပွင့်လင် လင် ပြောပြသည်။ တစ်ခါက သူသည် ငွေစုငွေချေ ကုမ္ပဏီ၏ ချေ ငွေကော်မတီ၌ တာဝန် ထမ် ဆောင်ရသည်။ ထိုငွေစုငွေချေ ကုမ္ပဏီနှင့် ဆက်စပ်နေသော ဘဏ်တစ်ခုက ခေတ်မီ ဂျက်ဂွာကာ တစ်စီ ဝယ်နိုင်လောက်အောင် ငွေ ထုတ်ချေ သည်။ ထိုငွေကို လ ၃၀ အကြာမှ ပြန်ဆပ်ရမည်။ ဆိုလိုသည်မှာ လ ၃၀ ကာလ အတွင် တွင် အရင် ငွေကို ပြန်ဆပ်စရာ မလိုပေ။ ထိုငွေချေ ပုံ ချေ နည် မှာ အလွန်ဆို ဝါ သော နည် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုလျှင် လ ၃၀ ကုန်သည့်အခါ ကာ ၏တန်ဖို မှာ ပြောပလောက်အောင် ရှိတော့မည် မဟုတ်ပေ။ ငွေချေ သူ၏ အခြေအနေသည်လည်း ထိုအချိန်တွင် ဆပ်နိုင်သည့် အခြေအနေ ရှိကောင် မှ ရှိမည်။ နောက်ဆုံ ၌ ဖရန့်က အခြာ ဖောက်သည် အများ အပြာ ၏ နာမည်ကို အလွဲသုံ စာ လုပ်ကာ သူ့ကိုယ်သူ ပြန်၍ ငွေချေ ပစ်လိုက်။ အလုပ်မှ အာ လပ်ရက် ခွင့်ယူ၍ ထွက်ခွာ သွာ သောအခါ သူက လစဉ် ဆပ်စရာငွေများ ကို မိတ်ဆွေတစ်ယောက်အာ ဆပ်စေခဲ့သည်။ သို့သော် ဖရန့်အတွက် ကံဆို သည်မှာ သူ၏မိတ်ဆွေက ခြောက်ရက်နောက်ကျပြီ မှ ဆပ်လိုက်သည့်အခါ ကွန်ပျူတာက သူ အလွဲသုံ စာ လုပ်ထာ သော သူများ ထံသို့ သတိပေ အကြောင် ကြာ စာများ ပို့လိုက်သည်။ ထိုအခါ သူတို့က စိတ်ဆို မာန်ဆို ဖြင့် ရောက်လာကြပြီ ချေ ငွေကို သူတို့မချေ ရကြောင် ၊ ချေ ငွေအကြောင် ကိုလည် သူတို့ဘာမျှ မသိရကြောင် ပြောကြသည်။ ထိုအခါကျမှပင် ဖရန့်ကို ချက်ချင် ဖမ် ဆီ လိုက်ရသည်။

သူ ထောင်မှ ထွက်လာသည့်အခါ မည်သည့်အလုပ်ကိုမျှ မရတော့ပေ။ သူသည် ဘဏ်လုပ်ငန် ဖြင့် လေ့ကျင့်ပျို ထောင်လာသူ ဖြစ်ပြီ အလွဲ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သုံး စာ လုပ်သည့် အတွေ့အကြုံကလည်း ရှိနေသည်။ တစ်နှစ်ခန့် ဘာအလုပ်မှ မရ၍ ဘာမှ မတတ်နိုင်ဘဲ ထိုင်နေရသည်။ နောက်ဆုံး ၌ သူသည် ဝေါလ်စထရိဂျာနယ်၌ ကြော်ငြာတစ်ခု ထည့်သည်။ ထိုကြော်ငြာ၌ သူ၏ အတွေ့အကြုံနှင့် သူထောင်ကျခဲ့သည့်အကြောင်း များ ကို အကျဉ် ချုပ်၍ ဖော်ပြထားသည်။ ထိုအခါ သူ့အား အလုပ်ခန့်ချင်သူ ၃၀ ကျော် ပေါ်ပေါက်လာသည် သူ့အား အလုပ်ခန့်ချင်သည့်သူ အတော်များ များ နှင့် ကျွန်တော် သဘောချင်တူပါသည်။ **သူ ဘာဖြစ်ခဲ့သည်၊ ဘာလုပ်ခဲ့သည် ဆိုသည့်ကိစ္စကို ကောင်းကောင်း သဘောပေါက်သည့် သူများ သာ အနာဂတ် အပြုအမူများ ကို ထိန်း ချုပ်နိုင်စွမ်း ရှိကြသည်။**

ဖရန့်သည် အလွန်အောင်မြင်သည့်သူတစ်ယောက် ဖြစ်လာခဲ့သည်။ တစ်နှစ်ခန့်အတွင်း မှာပင် လစာကောင်း ကောင်း ရရှိခဲ့ပြီ အရည်အချင်းပြည့် ဘဏ္ဍာရေး ကျွမ်း ကျင်သူ တစ်ယောက်အနေဖြင့် ထိုက်တန်သော ဆုလာဘ်များ ကို ရရှိခဲ့သည်။

ငွေကို မှတ်တမ်း တင်ရမည် ဆိုသည့် စည်း မျဉ်း စည်း ကမ်း အပြင် ငွေရေး ကြေး ရေး ရှုထောင့်က ကိုယ် ဘယ်လိုလူ ဖြစ်သည်၊ ကိုယ် ဘယ်နေရာ ရောက်နေသည်ကိုလည်း သိရန် အရေး ကြီး သည် အထူး သဖြင့် ချေး ငွေတစ်ခု အတွက် လျှောက်လွှာတင်သည့်အခါတွင် အရေး ကြီး သည်။ လူ တစ်ဦး ချင်း၊ တစ်ယောက်ချင်း ထက် စီမံကိန်း များ ၊ စီ ပွား ရေး လုပ်ငန်း များ ၌ ထိုသို့ အရေး ကြီး ပုံမှာ ပို၍ ထင်ရှား သည်။

ဖောက်သည်တစ်ယောက်အတွက် ငွေရေး ကြေး ရေး အတိုင်ပင်ခံ တစ်ယောက်အဖြစ် ကျွန်တော် ဆောင်ရွက်သည့်အခါ ပထမဆုံး ကျွန်တော် လုပ်ပေ သည်မှာ ဘဏ်တစ်ခုမှ ငွေချေး ယူနိုင်ရန်အတွက် အရည်အချင်း ပြည့်မီသော အဆင့်ရောက်အောင် ဆောင်ရွက်ပေ ခြင်း ဖြစ်သည်။ အကျိုးအမြတ်ကို ဦး တည်သည့် အဖွဲ့အစည်း များ ကိုသာမက အကျိုး အမြတ်ကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဦ မတည်သည့် လူမှုရေး အဖွဲ့အစည်း များ ကိုလည်း ထိုသို့ပင် ဆောင်ရွက်ပေ သည်။ အဖွဲ့အစည်း ကို အပေါင်ထား ပြီး ချေး ငွေများ ရရန်အတွက် လျှောက်ထား နိုင်သည်။ အဘယ့်ကြောင့် ယခုကဲ့သို့ လုပ်ရသည် ထင်ပါသနည်း ။ အဘယ်ကြောင့်ဆိုလျှင် ချေး ငွေရရန် ကြိုး စား သည့် ဖြစ်စဉ်တစ်ခုလုံး သည် မိမိ၏ စီး ပွား လုပ်ငန်း ၊ မိမိ၏ စီမံကိန်း နှင့် ပတ်သက်၍ ထို ထွင် သိမြင်နိုင်သည့် စွမ်း အား ကို ရယူနိုင်၍ ဖြစ်သည်။ ဘဏ်များ ၏ ရည်ရွယ်ချက်မှာ ရာနှုန်း ပြည့် အပေါင်ထား သော ချေး ငွေများ ထုတ်ချေး ပြီး လုံး ဝ အန္တရာယ်နှင့် မရင်ဆိုင်ရစေရန် ဖြစ်သဖြင့် ဘဏ်လုပ်ငန်း ရှင်များ သည် အမြင်ရှင် သော၊ အမြင်ကျဉ်း မြောင်း သော၊ စိတ်ကူး စိတ်သန်း ဆန်း ကြယ်ခြင်း မရှိသောသူများ ဖြစ်နေတတ်သည်။ ဘဏ်လုပ်ငန်း လောက၌ စွန့်စားခြင်း ဆိုသည်မှာ အရည်အချင်း မရှိခြင်း ပင် ဖြစ်သည်။ အကယ်၍ ဘဏ်အနေဖြင့် စွန့်စား လုပ်ဆောင်သင့်သည်ဟု ယူဆလျှင် ဘဏ်တစ်ခု၏ တာဝန်နှင့် ပတ်သက်၍ အထင်အမြင် လွဲမှား နေခြင်း ဖြစ်မည်။ ဘဏ်များ သည် ငွေရေးကြေး ရေး ကုမ္ပဏီများ ၊ လက်လီဆိုင်များ နှင့် အခြား စီး ပွား ရေး လုပ်ငန်း များကဲ့သို့သော အဖွဲ့အစည်း များ ကို ငွေထုတ်ချေး လေ့ရှိ၏။ ၎င်း တို့သည် ချေး ထား သော ငွေများ ကို အသုံး ပြုကာ စွန့်စား မှု ပြုလုပ်သည့် စီး ပွား ရေး လုပ်ငန်း များ ဖြစ်ကြသည်။ ဘဏ်ကိုယ်တိုင်က စွန့်စား မှု မပြုဘဲ စွန့်စား မှု ပြုသည့် လုပ်ငန်း များ သို့ ငွေထုတ်ချေး တတ်သည်။ ဘဏ်က လက်ကာသမား နှင့် တူနေပြီ လုံး ဝ အန္တရာယ်မရှိရန် ကြိုး စား လေ့ရှိသည်။ အမှန်စင်စစ် အချိန်တစ်ချိန်၌ ဘဏ်တစ်ခုအနေဖြင့် ချေး ငွေ၏ ဝ ဒသမ ၃ ရာခိုင်နှုန်း ကို ဆုံး ရှုံး သည် ဆိုလျှင်ပင် စီမံခန့်ခွဲပုံ အလွန်ညံ့ဖျင်း နေသည်ဟု ယူဆတတ်ကြသည်။

တစ်ယောက်ယောက်ကို ဘဏ်သို့ ခေါ်သွား သည့်အခါ ကျွန်တော်တို့ ဘာလုပ်ကြသနည်း ။ သူလုပ်နေသည့် စီး ပွား ရေး လုပ်ငန်း နှင့် ပတ်သက်၍

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



လည် ကောင်း ၊ အနာဂတ် စီ ပွာ ရေ လုပ်ငန် များ နှင့် ပတ်သက်၍ လည် ကောင် ငွေရေ ကြေ ရေ ကိစ္စကို အမှန်အတိုင် မြင်ထာ ပါသည်ဟု ပြောကြ ရသည်။ စွန့်စာ ရမှု အန္တရာယ်များ လုံ ဝ မရှိသလောက် ပြောကြရသည်။ အနာဂတ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြောနိုင်ရန်အတွက်ဆိုလျှင် လူ အများ သည် လက်ရှိ မိမိအခြေအနေကို တိတိကျကျ သိမြင်ရန် လိုသည်။

ကျွန်တော်၏ ဖောက်သည်များ သည် ကိုယ့်ကိုယ်ကို နာ လည် သဘောပေါက်သွာ ပြီဆိုလျှင် သူတို့နာ လည်သလို ဘဏ်က ငွေချေ သူ အရာရှိ နာ လည် သဘောပေါက်ရန်အတွက် ကြို စာ ကြရသည်။ ထိုသို့ အခြာ သူများ နာ လည်ရန်အတွက် ကြို စာ ရာ၌ အချိန်ယူရသည်။ ဘဏ် လုပ်ငန် ရှင်တစ်ယောက်က မိမိကို သိကျွမ် ရန်အတွက် တစ်နှစ်လောက် အချိန်ယူရသည့် အခါများ လည် ရှိသည်။

ဘဏ်သို့ ချေ ငွေရရန်အတွက် သွာ သည့်အခါ ဘာလုပ်လေ့ ရှိသလဲ။ ကိစ္စ သုံ ခုကို ပြင်ဆင်သွာ ရသည်။ **ဘဏ္ဍာရေ ရှင် တမ်** ၊ **စီမံချက် နှင့် ကိုယ်ပိုင်ငွေရေ ကြေ ရေ အခြေအနေ** ဟူသည့် အချက်သုံ ခုကို ယူသွာ ရသည်။

(၁) *အထွေထွေ ဘဏ္ဍာရေ ရှင် တမ်* က စီ ပွာရေ လုပ်ငန် တစ်ခုနှင့်သော်လည် ကောင် ၊ စီမံကိန် တစ်ခုနှင့် သော်လည် ကောင် ပတ် သက်သည့် ရှင် တမ် ကို ဆိုလိုသည်။ ကိုယ်ပိုင်ငွေအတွက်လည် ရှင် တမ် တစ်ခု လိုကောင် လိုမည်။ ထိုရှင် တမ် များ က ယခုအချိန်အထိ ဘာလုပ်သည် ကို တိတိကျကျ မှတ်တမ် တင်ထာ သည်။ လက်ကျန်ရှင် တမ် တစ်ခုနှင့် ဝင်ငွေနှင့် အသုံ စရိတ် ရှင် တမ် တို့လည် ပါဝင်သည်။

လက်ကျန်ရှင် တမ် ၌ အပိုင် သုံ ပိုင် ပါဝင်သည်။၎င် တို့မှာ **ပိုင်ဆိုင် ခွင့်များ** ၊ **ပေ ရန်တာဝန်များ** နှင့် **အသာ တင်တန်ဖို** တို့ ဖြစ်သည်။

(က) *ပိုင်ဆိုင်ခွင့်များ* သည်ရှင် တမ် ထုတ်ပြန်သည့် နေ့၌ ဘဏ်တွင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရှိသည့် ငွေများ ၊ လူအများ က မိမိကို ပေး ရန်ရှိသည့် ငွေများ ၊ အဆောက်အအုံ များ ၊ လက်ကျန်များ ကဲ့သို့သော ရုပ်ဝတ္ထုပစ္စည်း များ ၏ တန်ဖိုး များ ပါဝင် သည်။ ၎င်း တို့ကို ငွေအဖြစ်လွယ်ဆုံး အရာမှ စ၍ ရေး ပြီး ငွေအဖြစ် ပြောင်း လဲရန် အခက်ဆုံး အရာကို နောက်ဆုံး ၌ ဖော်ပြလေ့ရှိသည်။ ငွေဖြစ်လွယ် သည်ဆိုသည်မှာ ပစ္စည်း တစ်ခု၊ ကိစ္စတစ်ခုကို ငွေသား အဖြစ်သို့ အလျှင်အမြန် ပြောင်း လဲနိုင်စွမ်း ကို ဆိုလိုသည်။ဥပမာ ဒေါ်လာ ၂၀၀ ရစရာရှိသည့် ကြွေး ကို တစ်လခန့်အတွင်း ၌ တောင်း ခံနိုင်သော်လည်း ပစ္စည်း တစ်ခု ထုတ် ရောင်း ရန်အတွက် ၅ နှစ်ခန့် ကြာကောင်း ကြာမည်။

(ခ) *ပေး ရန်တာဝန်များ* ဆိုသည်မှာ မိမိက ပေး ရန်ရှိသည့်အကြွေး များ ဖြစ်သည်။ ၎င်း တို့ကိုလည်း လောလောလတ်လတ် ပေး စရာရှိသည့် ကြွေး မှ အေး အေး ဆေး ဆေး ပေး စရာရှိသည့် အကြွေး အထိ တန်း စီသွား သည်။ ပေး ရန်တာဝန်များ ၏ နောက်၌ တယ်လီဖုန်း ခများ ၊ အိမ်ငှား ရမ်း ခများ ၊ ယခုအချိန်အထိ ပေး ရန်ရှိသော လစာများ ၊ ဘဏ်သို့ ပေး ရန်ရှိသည်များ ၊ အကယ်၍ လုပ်ငန်း အောင်မြင်ခဲ့လျှင် ပြန်ဆပ်မည့် ချေး ငွေများ ၊ မိမိ၏ ဆွေမျိုး သား ချင်း များ အား ပြန်ဆပ်ရန် ကတိပေး ထား သည့် ချေး ငွေများ ပါဝင်သည်။

(ဂ) *အသား တင်တန်ဖိုး* ဆိုသည်မှာ မိမိ၏ ပိုင်ဆိုင်ခွင့်များ မှ ပေး ရန် တာဝန်များ ကို နုတ်လိုက်သည့်အခါ ရရှိသည့် တန်ဖိုး ကို ဆိုလိုသည်။အသား တင်တန်ဖိုး သည် အပေါင်း လက္ခဏာလည်း ဖြစ်နိုင်သလို တစ်ခါတစ်ရံ အနုတ်လက္ခဏာလည်း ဖြစ်နိုင်သည်။

ဝင်ငွေ၊ အသုံး စရိတ်ရှင်း တမ်း ၏ ထိပ်ဆုံး ၌ လွန်ခဲ့သည့် တစ်လ သို့မဟုတ် လေး လပတ် သို့မဟုတ် တစ်နှစ်ကာလာတွင် မိမိ၏ ဝင်ငွေကို ဦး စွာ ဖော်ပြသည်။ ထို့နောက် ထိုကာလအတွင်း မိမိ၏ အသုံး စရိတ်များ ကို ဖော်ပြသည်။ နောက်ဆုံး ၌ အသုံး စရိတ်နှင့် ဝင်ငွေ၏ ခြား နား ချက်ကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ဖော်ပြသည်။ ၎င်း တို့ ခြာ နာ ချက်သည် အပေါင် လက္ခဏာ ဆော်လည် ကောင်း ၊ အနုတ်လက္ခဏာ ဆော်လည် ကောင်း ဖြစ်နေနိုင်သည်။ ဝင်ငွေက များ လျှင်လည် များ နိုင်သည်။ အသုံ့ စရိတ်က များ လျှင်လည် များ နေနိုင်သည်။ ဝင်ငွေဆိုသည်မှာ ထိုကာလအတွင် ရရှိသည့် ငွေများ ကို ဆိုလိုသည်။ အသုံ့ စရိတ်ဆိုသည်မှာ လစာများ ၊ ချက်လက်မှတ်နှင့် ပေ ရသည့် စရိတ်များ ၊ စီ ပွာ ရေ ကိစ္စနှင့် သွာ ရသည့် ခရီ စဉ်၌ ဝယ်လာခဲ့သည့် ပစ္စည် များ စသည် တို့ ပါဝင်သည်။ လက်ကျန်ရှင် တမ် တစ်ခုသည် မိမိ၏ စီမံကိန် နှင့် မိမိ၏ စီ ပွာ ရေ အခြေအနေတို့ကို အချိန်ကာလတစ်ခု၌ ဓာတ်ပုံရိုက်၍ ပြလိုက်သလို ဖြစ်နေသည်။ အိတ်ကို ခါထုတ်လိုက်ပြီ အိတ်ထဲမှာရှိသည့် အရာအာ လုံ ကို ထုတ်၍ ရေတွက်လိုက်သလို ဖြစ်သွာ သည်။ မိမိဝတ်ထာ သော အင်္ကျီ၊ ဖိနပ်တို့၏ တန်ဖို ၊ ဆွစ်ဇာလန်မှ ဝယ်လာခဲ့သည့် စစ်သုံ ဓာ ၏ တန်ဖို အစရှိသည်ဖြင့် အာ လုံ ကို စုစည် ကာ စာရွက်တစ်ရွက်ပေါ်၌ ချရေ သလို ဖြစ်သွာ သည်။ ဝင်ငွေ အသုံ့ စရိတ် ရှင် တမ် က ဘာဖြစ်ခဲ့သည် ဆိုသည့် သမိုင် ကြောင် ကို ဖော်ပြသည်။

လက်ကျန်ရှင် တမ် ကို ဘာလုပ်ရန် အသုံ ပြုသနည် ။ လက်ကျန်ရှင် တမ် သည် အမြတ်ရရှိအောင်လုပ်သည့် လုပ်ငန် ဖြစ်စေ၊ အမြတ်ကို ဦ မတည်သည့် လုပ်ငန် ဖြစ်စေ မိမိ၏ ကိုယ်ရည်ကိုယ်သွေ များ နှင့် အကျင့်အလေ့အထများ ကိုဖြစ်စေ လက်ကျန်ရှင် တမ် တစ်ခုအပေါ်၌ တင်၍ ပြနိုင်သည်။ ဘာလုပ်ခဲ့သည် ဆိုသည်ကို ဘဏ်လုပ်ငန် ရှင် သိအောင် ဖော်ပြသည့် နည် တစ်ခုပင် ဖြစ်သည်။ ဘဏ္ဍာရေ ရှင် တမ် ၏ ပုံသဏ္ဍာန်ကို လေ့လာခြင် အာ ဖြင့် သူ့အနေဖြင့် မေ သင့်မေ ထိုက်သည့် မေ ခွန် များ ကို မေ ကာ သတင် အချက်အလက်များ ပိုမိုရရှိရန် ကြို စာ အာ ထုတ်နိုင်သည်။ ထိုသို့ ကြို စာ အာ ထုတ်ရန်ပင် ဘဏ်လုပ်ငန် ရှင်များ ကို လေ့ကျင့်ပျို ထောင်ပေ ထာ ခြင် ဖြစ်သည်။ ဘဏ်လုပ်ငန် ရှင်များ ၊ ဘဏ်ဝန်ထမ် များ သည် အချို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



များ ကို တွက်လေ့ရှိကြသည်။ ရှင် တမ် ၏ တစ်နေရာရှိ ငွေနှင့် အခြား တစ်နေရာရှိ ငွေတို့၏ အချို့ အစား များ ၊ ဆက်နွယ်ပုံများ ကို တွက်လေ့ရှိကြသည်။ ထိုအချို့ များ ကို ကြည့်ကာ ယုတ္တိရှိသည့် မေး ခွန်း များ ကိုမေး လေ့ရှိသည်။ အချို့ အချို့ကို ကြည့်ကြသူသည် ဒေါ်လာသန်း ပေါင်း ရာပေါင်း များ စွာ ကိုင်ဆောင်လည်ပတ်နေသည့် ကုမ္ပဏီတစ်ခုကို မေး သည့် မေး ခွန်း မျိုး ကို ပင်လျှင် သင့်ကိုလည်း မေး လိမ့်မည်။

(၂) ဒုတိယလိုအပ်သည့် ကိရိယာတစ်ခုမှာ စီမံချက်ဖြစ်သည်။စီမံချက် တစ်ခုသည် များ သောအား ဖြင့် အနာဂတ်ကာလ၌ ရရှိမည့်ဝင်ငွေနှင့် အနာ ဂတ်ကာလ၌ အသုံး ပြုရမည့်စရိတ်များ ပါဝင်လေ့ရှိသည်။ အများ အား ဖြင့် အတိတ်ကအတွေ့အကြုံပေါ်၌အခြေခံကောင်း အနာဂတ်ကာလကို တစ်ဖြောင့် တည်း တွက်ဆလေ့ရှိသည့် အလွန်ရိုး ရှင်း လွယ်ကူသော်လည်း အလွန် ထူး ခြား သည့်လုပ်ငန်း ရပ် တစ်ခုဖြစ်သည်။ ဘာဖြစ်လာမည်ကို ကြိုတင်မှန်း ဆစီမံနိုင်ခြင်း အား ဖြင့် မိမိလက်ရှိ အခြေအနေကို ကောင်း ကောင်း နား လည် ကြောင်း ပြသသည်။ ထို့ကြောင့် ၎င်း စီမံချက်က ဘဏ်တစ်ခုမှ ချေး ငွေရရှိ ရန်အတွက် လျှောက်ထား သည့်အခါ အလွန်တန်ဖိုး ရှိသည်။ ဘဏ်များ က စီမံချက်တစ်ခုကို အမြဲတမ်း ယူလာခိုင်း လေ့ရှိသည်။ ထိုစီမံချက်ကို အသေ စိတ်လေ့လာခြင်း အား ဖြင့် လက်တွေ့အခြေအနေကို နား လည်သဘော ပေါက်စေနိုင်သည်။

ကျွန်တော်၏ဖောက်သည်များ နှင့် လည်း ကောင်း ၊ သူတို့၏ စီမံချက် များ နှင့်လည်း ကောင်း ကျွန်တော်လုပ်ပုံကို ဥပမာပြလိုပါသည်။ ကျွန်တော်တို့ အတူတကွ ထိုင်ပြီး စီမံချက်တစ်ခု လုပ်ကြသည်။ အတူတူထိုင်ပြီး လုပ်ကြ ခြင်း မှာ ပြင်ပလူတစ်ယောက်အနေဖြင့် သူတို့ထက် ကျွန်တော်က သူတို့၏ အနာဂတ်ကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်နိုင်၍ ဖြစ်သည်။ သူတို့လို ဝင်ငွေမှန်မှန် ရလိမ့်မည်ဟု အကောင်း မြင်မထား သလို စရိတ်စကတွေ တက်မလာအောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထိန်ထားနိုင်လိမ့်မည် ဟုလည်း အကောင်မြင်ထား စရာ မလိုပေ။ သို့ဖြစ်၍ သူတို့၏ လက်ရှိအခြေအနေများ ကို ကျွန်တော်က နီးနီး ကပ်ကပ် ကြည့်ရှုပြီး ၎င်းတို့၏ အစွမ်းအစများ ၊ ၎င်းတို့လုပ်နေသည့် အလုပ်များ နှင့် ပတ်သက်၍ ပို၍နားလည် သဘောပေါက်စေနိုင်သည်။ ကျွန်တော် နားလည်သဘောပေါက်သလို သူတို့ နားလည်သဘောပေါက်အောင် ပြောနိုင်သည်။ ဤနည်းအားဖြင့် ၎င်းတို့၏ အခြေအနေများ ကို လက်တွေ့ကျကျ ရင်ဆိုင်စေရန် အထောက်အကူ ဖြစ်သည်။ စီမံချက်များ ရေးဆွဲကာ အနာဂတ်ကာလအတွက် ခန့်မှန်းချက်များ ပြုလုပ်ခြင်းအားဖြင့် ၎င်းတို့၏ အဖွဲ့အစည်းအတွင်းရှိ တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်နွှယ်နေကြသော အင်အားစုများ ကို ခြုံငုံ၍ မြင်စေနိုင်သည်။ စီးပွားရေး လုပ်ငန်းထဲ၌ အဓိက ဩဇာလွှမ်းမိုးနေသည့် အင်အားများ အကြောင်းကိုလည်း နားလည်စေနိုင်သည်။

ကြိုတင်စီမံချက် ရေးဆွဲရသည်မှာ အလွန်လွယ်ကူသည်။ တစ်ခုနှစ်ခုလောက် ဆွဲကြည့်လိုက်လျှင် စီမံချက်ဆွဲရန် မည်မျှလွယ်သည်၊ မိမိ၏ အခြေအနေကို မည်မျှ နားလည်ရန်အတွက် အထောက်အကူပြုသည်ကို သဘောပေါက်သွားနိုင်သည်။

လွန်ခဲ့သည့် ကာလက တိုတက်မှုနှုန်းများ ၊ အရောင်းပမာဏများ ၊ အသုံးစရိတ်များ ကို ယူလိုက်ပါ။ နောင်လာမည့်ကာလများ ဥပမာ တစ်နှစ်လောက်ဆိုကြပါစို့။ ထိုကာလအတွင်း ၌ ဤနှုန်းအတိုင်း ဆက်သွားနေမည်ဟု ယူဆပါ။ ယခင်နှစ်မှ ယခုနှစ်အတွင်း တွင် ဝင်ငွေက ၂၀ ရာခိုင်နှုန်းတိုးပြီး အသုံးစရိတ်က ၁၈ ရာခိုင်နှုန်း တိုးသည် ဆိုကြပါစို့။ နောက်လာမည့်နှစ်တွင်လည်း ထိုရာခိုင်နှုန်းများ အတိုင်း ထားလိုက်ပြီး တစ်လစီ တစ်လစီ မည်မျှ ဝင်ငွေတိုးလာမည်၊ အသုံးစရိတ် တိုးလာမည်ကို တွက်ကြည့်ပါ။ ထိုသို့ တစ်လစီ တစ်လစီအတွက် အသုံးစရိတ်နှင့် ဝင်ငွေများ ကို ညီတူညီမျှ ခွဲလိုက်ခြင်းသည် လက်တွေ့မကျပါ။ ထိုသို့ဆိုလျှင် မည်သည့်ရာသီများ တွင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဝင်ငွေ တို လေ့ရှိပြီ ၊ မည်သည့် အချိန်ကာလများ တွင် အသုံ စရိတ် တို လေ့ရှိသည်ကို ပြန်၍ကြည့်ပါ၊ ဩဂုတ်လတွင် အခြေအနေ ပိုကောင် သလာ ၊ နိုင်ဝင်ဘာလတွင် အခြေအနေဆို သလာ ကို ကြည့်ပါ။ ဤနည် အာ ဖြင့် မည်သည့်အချိန်တွင် စီ ပွာ ရေ အခြေအနေများ ကောင် သည်၊ ဆိုသည်ကို သိသွာ နိုင်သည်။ ကျွန်တော်၏ ဖောက်သည် အတော်များ များ တို့သည် သူတို့၏ စီ ပွာ ရေ လုပ်ငန် များ သည် ဘယ်လတွင် ပုံမှန်စီ ပွာ ရေ အခြေအနေ ဆို လေ့ရှိပြီ ဘယ်လတွင် ပုံမှန်စီ ပွာ ရေ အခြေအနေ ကောင် လေ့ရှိသည်ကို နာ လည် သဘောပေါက်သွာ တတ်ကြသည်။ ယခင်ကဆိုလျှင် သူတို့သည် အမှုမဲ့အမှတ်မဲ့ ဖြစ်နေတတ်ကြသည်။ တကယ်တော့ သူတို့ အနေဖြင့် သတိထာ မိကောင် ထာ မိမည် ဖြစ်သော်လည် စာရွက်ပေါ်၌ ချရေ မကြည့်ဘူ သဖြင့် ထိုအနိမ့်အမြင့်၊ အတက်အကျများ ၏ အကျို သက်ရောက်မှုများ ကို သေသေချာချာမမြင်ဘဲ ရှိနေကြသည်။ ၎င် တို့၏ အခြေအနေကို ကောင် ကောင် နာ လည်ခြင် အာ ဖြင့် သူတို့သည် ငွေ လိုအပ်မည် အချိန်မတိုင်မီ ကြိုတင်၍ချေ နိုင်ပြီ ငွေရပြီဆိုလျှင် ချက်ချင် မြန်မြန်ဆန်ဆန် ပြန်၍ ဆပ်နိုင်သည်။ ထိုနည် အာ ဖြင့် ဘဏ်အတွက်လည် အဆင်ပြေသလို မိမိတို့အတွက်လည် အဆင်ပြေသည်။ ဘဏ်များ နှင့်လည် ဆက်ဆံရေ ကောင် မွန်အောင် ဆောင်ရွက်နိုင်သည်။ သူတို့အနေဖြင့် မိမိ၏ စီ ပွာ ရေ လုပ်ငန် ကို နာ လည်နိုင်ပြီ မည်သည့် အချိန်ကာလတွင် ပြဿနာ များ ကြုံတွေ့ရမည် ဆိုသည်ကိုလည် ပြည့်ပြည့်ဝဝ မြင်နိုင်၍ အကူအညီပေ နိုင်သည်။ အခါရာသီအလိုက် အတက်အကျ ဖြစ်တတ်သော ဝင်ငွေများ ၊ အသံ စရိတ်မများ ကို ကောင် ကောင် နာ လည်ခြင် ကြောင့် ထူ ခြာ သော အကျို ကျေ ဇူ များ ကို ရရှိစေနိုင်သည်။

တစ်ခါတစ်ရံ အသုံ စရိတ်များ ကို ကြည့်လျှင် အချို့အသုံ စရိတ်များ က သိပ်များ နေပြီ အချို့အသုံ စရိတ်များ က သိပ်နည် နေသည် ဟု ခံစာ ရ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မည်။ ထိုသို့ဆိုလျှင် ဘာကြောင့်ဖြစ်ရသည်ကို ပြန်ကြည့်ပါ။ ဥပမာ မတ်လတွင် ဝင်ငွေများ တို လေ့ရှိပြီ မေလတွင် အသုံ စရိတ်များ တက်သည်ကို တွေ့ရမည်။ ထိုနှစ်ခု၏ ဆက်စပ်မှုကို ပြန်ကြည့်ပါ။ ထိုသို့ကြည့်လျှင် မည်သည့်အကြောင်း ကြောင့် ထိုသို့ဖြစ်သည်ကို နာ လည်သဘောပေါက်နိုင်သည်။ ကုမ္ပဏီ အတော်များ များ တို့ အနေဖြင့် ဘာ့ကြောင့်ဖြစ်သည်ကို ထင်ထင်ရှာ ရှာ မသိသော်လည်း ဆက်စပ်မှုရှိကြောင်း သိကြသည်။ သို့သော် သေသေချာချာကြည့်လျှင် ဘာကြောင့်ဖြစ်ရသည်ကို နာ လည်သဘောပေါက်စေနိုင်သည်။ ဘာလုပ်ရမည်ကိုလည်း နာ လည်နိုင်သည်။

ကြိုတင်မှန် ဆမှုများ ပြုရာ၌ တစ်လစီ တစ်လစီကို တစ်ရာခိုင်နှုန်း ၊ နှစ်ရာခိုင်နှုန်း အတွင်း တိကျမှုရှိအောင် ကျွန်တော့်အနေဖြင့် ဆောင်ရွက်နိုင်လေ့ ရှိသည်။ ထိုအခါ ဖောက်သည်များ က အံ့သြနေတတ်ကြသည်။ အမှန်စင်စစ် တည်ငြိမ်မှုရှိသည့် ပတ်ဝန်း ကျင်တစ်ခု၌ ကောင် ကောင် မွန်မွန် ခန့်မှန် နိုင်လျှင် တိတိကျကျ ခန့်မှန် နိုင်မည်သာ ဖြစ်သည်။ အခြေအနေတည်ငြိမ်နေသည့် အခါတွင် ခန့်မှန် ချက်များ သည် အကြီ အကျယ် လွဲချော်စရာအကြောင်း မရှိပေ။

(၃) တတိယအနေဖြင့် ဘဏ်သို့ သွာ သည့်အခါ မိမိ၏ပုဂ္ဂိုလ်ရေငွေရေ ကြေ ရေ အခြေအနေ ရှင် တမ် တစ်ခု ပြင်ဆင်သွာ ရမည်။ ထိုသို့ ပြင်ဆင်သွာ ရန် အလွန်အရေ ကြီ သည်။ အများ အာ ဖြင့် ဥပဒေကြောင် အရ ပြောရလျှင် ပုဂ္ဂိုလ်နှင့် စီ ပွာ ရေ လုပ်ငန် တို့သည် တသီ တခြာ စီ ဖြစ်နေသော်လည် အခြေအနေ အတော်များ များ ၌ ပုဂ္ဂိုလ်နှင့် စီ ပွာ ရေ လုပ်ငန် သို့မဟုတ် စီမံချက်တို့သည် တသီ တခြာ စီ ဖြစ်နေလေ့ မရှိကြပေ။ လူတစ်ဦချင် ၏လက်ကျန်ရှင် တမ် ကို ကြည့်လျှင် သူဘယ်လိုလူဖြစ်သည်၊ သူ၏ စီ ပွာ ရေ လုပ်ငန် ကို ဘယ်လောက်ဂရုစိုက်သည်၊ သူ ဘယ်လောက်တာဝန်ယူနိုင်သည်ကို မြင်နိုင်သည်။ စီ ပွာ ရေ လုပ်ငန် ထဲမှာ သူက အများ ကြီ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထည့်ပြီ နည် နည် ပဲ ယူသလာ သို့မဟုတ် နည် နည် ပဲထည့်ပြီ အများကြီ ပြန်ယူသလာ ဆိုသည်ကို မြင်နိုင်သည်။ သူ့မှာ ကာ တွေ၊ အိမ်တွေပဲ တို နေသလာ ၊ သူ့ကုမ္ပဏီ တန်ဖို တက်လာအောင် သူရဲ့ စုဆောင် ငွေတွေကို သုံ နေသလာ စသည်တို့ကို မြင်နိုင်သည်။ ပုဂ္ဂလိက ငွေရေ ကြေ ရေ ရှင် တမ် ကို ကြည့်၍ ဘဏ်လုပ်ငန် ရှင်က သူလိုချင်သည့် အရာများ ကို ရှာဖွေတွေ့ရှိနိုင်သည်။ သင်၏ စွမ် အာ များ နှင့် သင်၏ဆန္ဒများ အကြာ ဆက်ဆံမှုကို ရှာဖွေတွေ့ရှိနိုင်သည်။

ထို့ကြောင့် တစ်ခါတစ်ရံ ပုဂ္ဂိုလ်ရေ ငွေကြေ ရှင် တမ် တစ်ခု ရေ ဆွဲရန်သင့်သည်။ ထိုရှင် တမ် များ လုပ်ပြီ လျှင် လက်ခံတစ်စောင် သိမ် ထာ ပြီ အသစ်ဆွဲသည့် အခါတိုင် အဟောင် နှင့် နှိုင် ယှဉ်၍ ဆွဲနိုင်သည်။

ထိုအရာများ အာ လုံ ကို ဘဏ်သို့ ယူဆောင်သွာ ခြင် သည် လူ တစ်ဦ တစ်ယောက်ချင် ၏ ဘဝတို တက်မှုနှင့် ပတ်သက်၍ အရေ အကြီ ဆုံ သော လေ့ကျင့်ခန် တစ်ခုနှင့် တူသည်။ ဘဏ်နှင့် ဆက်သွယ်မှုသည် တစ်ခါဆက်သွယ်ရုံသာမက ထာဝရဆက်သွယ်ရန် ဖြစ်သည်ကို နာ လည် သဘောပေါက်လျှင် ဘဏ်သို့ သွာ ခြင် သည် အလွန်အရေ ကြီ ကြောင် သဘောပေါက်လာမည်။ ကြိုတင် ခန့်မှန် ချက်တစ်ခု၏ အစစ်အမှန် တန်ဖို သည် အခြာ သူ တစ်ဦ တစ်ယောက်ဖြစ်သော ဘဏ်အာ မိမိမှာ ရည်မှန် ချက်များ အမြင်များ ရှိနေကြောင် ၊ ထိုရည်မှန် ချက်များ အမြင်များ ကို အချိန်ကာလ တစ်ခုအတွင် အကောင်အထည် ဖော်မည်ဖြစ်ကြောင် ပြသ နိုင်မှ တန်ဖို ရှိသည်။ မိမိ ဖြစ်လာမည်ဟု ထင်ထာ သည့် အရာများ နှင့် အမှန်တကယ် ဖြစ်လာသည့် အရာများ သည် ငွေရေ ကြေ ရေ ရှုထောင့်က ကြည့်လျှင် နီ စပ်မှုရှိကြောင် ပြသရာ ရောက်သည်။ မိမိသည် မိမိကိုယ်မိမိ မှုမှုတတ တိတိကျကျ အကဲဖြတ်နိုင်စွမ် ရှိကြောင် ဘဏ်လုပ်ငန် ရှင်အာ ပြသရာလည် ရောက်သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျွန်တော်၏ ကိုယ်တွေ့ အတွေ့ကြုံများ ကို ပြောပြလိုပါသည်။ ၎င်း တို့နှင့် ဘဏ်၏ ဆက်ဆံရေး များ မည်သို့ ဖြစ်ခဲ့သည်ကိုလည်း ပြောလိုပါသည်။ ပထမဆုံး တွေ့ကြုံရသည့် ကိစ္စတစ်ခုမှာ **ဆာ လ်**နှင့် ဖြစ်သည်။ သူ့ကို ကျွန်တော်က ငွေရေး ကြေး ရေး အကြံပေး ခဲ့ရစဉ် သူ၏ အခြေအနေမှာ အလွန် ဆိုး ဝါး နေသည်။ ရောင်း ရငွေ အလွန်နည်း နေပြီး ဘဏ်များ ၌ အကြီး အကျယ် ကြွေး တင်နေသည်။ ကြွေး ဆပ်စရာရှိသည့် ငွေအား လုံး သည် အချိန်စေ့သည့် ကာလထက် သုံး လ ကျော်လွန်နေသည်။ ဘဏ်များ က လိုအပ်၍ တောင်း ဆိုသည့် စာရွက်စာတမ်း များ ကို ကူညီပြင်ဆင်ပေး ရင်း သူ၏ လက်ရှိစီး ပွား ရေး အရ မည်သည့်အရာများ ဖြစ်နိုင်သည်ကို သဘောပေါက် နား လည်အောင် ကူညီလိုက်နိုင်သည်။ ဤနည်း အား ဖြင့် ဘာလုပ်ဖို့လိုသည်၊ ဘယ်လောက်ဖိုရောင်း ရအောင် ကြိုး စား ရမည်၊ ညဉ့်နက်သန်း ခေါင်အထိ မည်မျှလုပ်ရမည်၊ စနေ တနင်္ဂနွေ ရက်များ တွင် မည်မျှကြိုး စား ၍ လုပ်ရမည်၊ ဤနည်း အား ဖြင့် လုပ်အား ခများ သက်သာအောင် မည်သို့ ဆောင်ရွက်ရမည်၊ လက်ရှိစီး ပွား ရေး လုပ်ငန်း ကို ပိတ်မပစ်ရအောင် မည်သို့ ကြိုး စား ရမည်ကို သူနား လည် သဘောပေါက်လာသည်။

သူက ဘဏ်သို့ သွား ရောက်၍ ငွေချေး သည့်အခါ ကျွန်တော်တို့ သေသေချာချာ ပြင်ဆင်ထား သည့် စိစစ်လေ့လာမှုများ ကို ဘဏ်လုပ်ငန်း ရှင်များ က အလွန် အထင်ကြီး ကြသည်။ ဘဏ်က လုပ်စရာနှစ်ခုသာ ရှိသည်။ တစ်ခုမှာ ထိုအချိန်က ပေး စရာရှိသည့် ချေး ငွေများ နှင့် ပတ်သက်၍ အပြည့်အဝ ပြန်ဆပ်ရန် တောင်း ဆိုနိုင်ပြီ ၊ ဆာ လ်၏ စီး ပွား ရေး လုပ်ငန်း ရပ်သွားအောင် ဆောင်ရွက်နိုင်သည်။ ထိုသို့ ဆောင်ရွက်လျှင်လည်း ဆာ လ်ရောဘဏ်ပါ အကြီး အကျယ် ဆုံး ရှုံး ကြမည်။ အခြား နည်း တစ်ခုမှာ ဆာ လ်ကို စီး ပွား ရေး လုပ်ငန်း ဆက်လက် ဆောင်ရွက်နိုင်ရန် ကူညီသည့်နည်း ဖြစ်သည်။ ဘဏ်အနေဖြင့် ဆာ လ်၏ စီး ပွား ရေး လုပ်ငန်း ကို ဖျက်သိမ်း ပစ်လိုက်လျှင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သူပိုင်ဆိုင်သည့် ပစ္စည်း များ ထဲမှ တချို့တစ်ဝက်ကို ပြန်ရမည်ဟု မျှော်လင့်နိုင်သည်။ လုပ်ငန်း တစ်ခုကို ဖျက်သိမ်း ပြီဆိုလျှင် ပထမဦး ဆုံး ဦး စား ပေး ကြွေး ဆပ်ရသည့် သူများ မှာ ဘဏ်များ ဖြစ်သည်။ ဤကိစ္စ၌လည်း ဘဏ်က စီး ပွား ရေး လုပ်ငန်း ကို ဖျက်သိမ်း လိုသည် မဟုတ်ပေ။ ထို့ကြောင့် ဆာ လ်၏ ချေး ငွေကို ပြန်ဆပ်နိုင်ရန်အတွက် အချိန်ထပ်၍ ပေး လိုက်သည်။

ဆာ လ်ကလည်း သူတစ်သက်လုံး တစ်ခါမျှ မလုပ်ဖူး သည့်အလုပ်ကို လုပ်ခဲ့သည်။ သူက ဘဏ်ကို အချိန်စေ့သည့်နေ့ သို့မဟုတ် အချိန်စေ့သည့်နေ့မတိုင်မီ တစ်ရက်တွင် ကိုယ်တိုင်သွား ပြီး ချက်လက်မှတ်ဖြင့် ငွေချေးခဲ့သည်။ ဤတာဝန်ကို အခြား တာဝန်များ ထက် ဦး စား ပေး ၍ ဆောင်ရွက်ခဲ့သည်။ ဘဏ်ကို အရင်ဆပ်ပြီး မှ အခြား ပေး စရာရှိသည့် ငွေများ ကို ပေး သည်။ သူ၏ လခကိုပင် သူမယူသေး ဘဲ ဘဏ်ချေး ငွေကို အရင်သွား ၍ ဆပ်လေ့ရှိသည်။ ခြောက်လခန့်ကြာသည့်အခါ ငွေရေး ကြေး ရေး ကြိုတင် တွက်ဆမှု များ ထဲ၌ ချထား သည့် ရည်မှန်း ချက်များ ကိုသာ ရရှိသည် မဟုတ်တော့ဘဲ ထိုသို့ ကြွေး မှန်မှန် ဆပ်သည့်အတွက် ဘဏ်လုပ်ငန်း ရှင်များ က အလွန်ကျေနပ်မှုရှိသဖြင့် ကျန်သည့်ငွေများ အတွက် ပေး ဆပ်ရမည့် အချိန်ကာလကို ထပ်၍ပင် တိုး ပေး လိုက်သေး သည်။ ဤနည်း အား ဖြင့် ဆာ လ်သည် ကြွေး ဆုံး ဖြစ်တော့မည့် ငွေအား လုံး ကို ပြန်ဆပ်နိုင်လောက်အောင် လုံလောက်သည့် ငွေကို စုဆောင်း ရရှိခဲ့သည်။ တကယ်တော့ ဆာ လ်၏ ဘဏ်လုပ်ငန်း ရှင်မှာ ဆက်ဆံရေး အလွန်ကောင်း မွန်သည့် ဒေသခံ ဘဏ်တစ်ခု မဟုတ်တော့ပေ။ ထိုဘဏ်မှာ အမေရိကန်ဘဏ်(The Bank of America)ဖြစ်သည်။ ခုနစ်လကြာသည့်အခါ ဆာ လ်သည် လုံး ဝ ကြွေး ကင်း ရှင်း သူတစ်ယောက် ဖြစ်သွားခဲ့သည်။

အခြား ဖောက်သည်တစ်ယောက်၏ အတွေ့အကြုံမှာလည်း အလားတူပင် ဖြစ်သည်။ သို့သော် သူ့ကို ဘဏ်သို့ခေါ်သွား သည့် အချိန်ကာလက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



**ရှယ်လ်ဒန်**သည် လူမွဲခံရမည့် အခြေအနေကို ကျော်လွှန်၍ပင် နေသေ သည်။ သို့သော် သူ၏မြီ ရှင် မည်သူကမျှ မသိကြ။ သူ့တွင် ဝင်ငွေ အများ ကြီး ရှိနေ သည်။ သို့သော် သူပေး ရစရာရှိသည့် ငွေများ ကို သတ်မှတ်သည့်အချိန်တွင် မပေး နိုင်ဘဲ ကျော်လွှန်၍ပင် လာခဲ့သည်။ ကြွေး များ မဆပ်ဘဲ သူ၏လုပ်ငန်း ကို လည်ပတ်နေရခြင်း ဖြစ်သည်။ မြီ ရှင်များ ၏ ငွေကို အသုံး ပြု၍ ကုမ္ပဏီကို အရင်း မ တည်ထား ရခြင်း ဖြစ်သည်။ ရှယ်လ်ဒန်အနေဖြင့် ကိုယ်ပိုင်ပစ္စည်း တစ်ခုမျှ မရှိ၊ ရှိသမျှအား လုံး ကို ကုမ္ပဏီလည်ပတ်ရန်အတွက် ထည့်ထား ရပြီ ဖြစ်သည်။ သူ့ကုမ္ပဏီသည် အရောင်း ဝင်ငွေ အတက်အကျ အလွန်ကြီး မား သည်။ ထို့ပြင် အခြား စီ ပွား ရေး လုပ်ငန်း များ လည်း ဖြစ်လေ့ဖြစ်ထ ရှိသလို ရောင်း ချသည့် ထုတ်ကုန်များ အတွက် ဝင်ငွေများ ဝင်မလာမီ လုပ်သား စရိတ်များ ပေး ချေရန်အတွက် အရင်း အနှီး အများ ကြီး လိုအပ် သည်။ တို တက်နေသည့် စီ ပွား ရေး လုပ်ငန်း အတော်များ များ တွင် ဤပြဿနာမျိုး ကို ရင်ဆိုင်ကြရသည်။ ရောင်း ရသည့် ထုတ်ကုန်များ အတွက် ဝင်ငွေများ မရသေး မီ အလုပ်သမား ခ ပေး ချေရန်အတွက် အရင်း အနှီး အများ ကြီး လိုသည်။

ငွေ ရရှိနိုင်သည့် ရင်း နှီး မြှုပ်နှံသူများ ကလည်း သူ့ကို ကူညီချင်စိတ် မရှိသည့်အခါ သူသည် ဘဏ်သို့သွား ၍ ချေး ရန်သာ ရှိတော့သည်။

ရှယ်လ်ဒန်၏ ကုမ္ပဏီအတွက် အလုပ်လုပ်ပေး ရသည့် ပထမနှစ်တွင် ကျွန်တော်တို့က သူ၏ ဘဏ္ဍာရေး ရှင်း တမ်း များ ကို ဒေသန္တရဘဏ်များ သို့ ပေး ပို့ပြီး ဘဏ်ချေး ငွေ ရယူလိုကြောင်း တင်ပြကြသည်။ ထိုသို့ လုပ်သည့် အခါ ဘဏ်အတော်များ များ က သူ့ကို အေး တိအေး စက် တုံ့ပြန်ကြသည်။ ‘မင်း ကို တွေ့ရတာ ဝမ်း သာပါတယ်၊ ထပ်ပြီး တွေ့ကြသေး တာပေ့ါ။ တို့ အကူအညီ ပေး နိုင်တာရှိရင် ပြောပါ’ဟုသာ ဆိုပြီး စခန်း သိမ်း သွား တတ် ကြသည်။ သို့သော် တစ်နှစ်ခန့်အကြာ၌ စာရင်း စာအုပ်များ ကို သေသေချာချာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထား ပြီ အသုံ စရိတ်များ ကို သေသေချာချာ ထိန် ချုပ်သည့်အခါ ကုမ္ပဏီ အနေဖြင့် အခြေအနေများ ကို ပြောင် ပြန် လှန်ပစ်နိုင်ခဲ့သည်။ ထိုအခါ၌ ဘဏ်များ သို့ ဘဏ္ဍာရေး ရှင် တမ် အသစ်များ ကို ယူဆောင်၍ သွာ သည့် အခါ ဘဏ်လုပ်ငန် ရှင်များ က ပွေ့ဖက်ကြိုဆို နှုတ်ဆက်ကြသည်။ ငွေရေ ကြေ ရေ အခြေအနေ အပြောင် အလဲများ ကို နာ လည်သဘောပေါက်ကြပြီ ငွေချေ မလာ ဟူ၍ပင် မေ ကြသည်။ ဘဏ်တစ်ခုကဆိုလျှင် ရှယ်ကဲဒန် လိုသမျှ ငွေကို အပေါင်မရှိဘဲ ချေ ပါမည်ဟုပင် ကမ် လှမ် ခဲ့သည်။ ယနေ့ ဆိုလျှင် ရှယ်လ်ဒန်က ထိုချေ ငွေကို မည်သို့ သုံ ရမည်ကို သိပြီ လိုအပ် သည့်အခါတိုင် သုံ လေ့ရှိသည်။ ပြင်ပက အရင် အနှီ ရယူစရာ မလိုဘဲ သူ၏ စီ ပွာ ရေ လုပ်ငန် များ ကို ချဲ့ထွင်နိုင်သည်။ သူ့ကိုယ်ပိုင်ကုမ္ပဏီကို လည် အပြည့်အဝ ဆက်လက်ထိန် ချုပ်နိုင်သည်။ ဘဏ်က ချေ ထာ သော ငွေများ ကို အာ ကို ၍ တို တက်မှု ရရှိနိုင်သည်။ ထိုသို့ တို တက်လည် တို တက်ထိုက်ပါသည်။ အဘယ့်ကြောင့်ဆိုလျှင် ယခုအချိန်အထိ သူ့ အနေဖြင့် သူ၏ အချိန်နှင့် စွမ် အာ များ ကို ဘဏ်ထဲသို့ အပြည့်အဝမြှုပ်နှံခဲ့ ခြင် ဖြစ်သည်။ သူ၏ အတွေ့အကြုံမှ ရရှိသည့် သင်ခန် စာမှာ ငွေရေ ကြေ ရေ ကိန် ဂဏန် များ နှင့် ဘဏ်၏ ဆက်ဆံရေ တို့သည် အလွန် အရေ ကြီ ကြောင် ဖြစ်သည်။ ဘဏ်က ငွေချေ ချင်လောက်သော ဆက်ဆံရေ အခြေအနေတစ်ခု ဖြစ်ရန်အတွက် မိမိကိုယ်မိမိ နာ လည်ရန် လိုသည်။ မိမိ လုပ်ငန် များ ကို ထိထိရောက်ရောက် လည်ပတ်နိုင်ရန်အတွက် မိမိကိုယ်ကို လည် ကောင် ၊ စီ ပွာ ရေ လုပ်ငန် ကို လည် ကောင် အမှန်အတိုင် တိတိ ကျကျ နာ လည်ရန် လိုသည်။

ဤနေရာ၌ ကျွန်တော်အသုံ ပြုခဲ့သည့်**အရင် အနှီ ၊ ရင် နှီ မြှုပ်နှံသူနှင့် အပေါင်ပစ္စည် မှ ချေ ငွေ** ဟူသည့် ဝေါဟာရ သုံ ခုလို ရှင် ပြလိုသည်။ အရင် အနှီ ဆိုသည်မှာ လူတစ်ယောက်အနေဖြင့် သော်လည် ကောင် ၊ စီ ပွာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရေ လုပ်ငန်းတစ်ခု အနေဖြင့် သော်လည်းကောင်း အရေပေါ် ကိစ္စများအတွက် ဖြစ်စေ၊ စီပွားရေး လုပ်ငန်းကို ချဲ့ထွင်ရန်အတွက် ဖြစ်စေ အားကိုးအားထား ပြုရသည့် အာမခံငွေကြေးကို ဆိုလိုသည်။ ဥပမာ သင်သည် အာရီဇိုးနား ပြည်နယ် ကျေးလက်ဒေသတစ်ခု၌ ဒေါ်လာ ၄၀၀ ခန့် တန်ဖိုးရှိသည့် ညှပ်ဖိနပ်များ ထုတ်လုပ်နေသည် ဆိုကြပါစို့ ဖိနပ်ထုတ်လုပ်ရန်အတွက် သာရေ ဒေါ်လာ ၂၀၀ ဖိုး ဝယ်ရသည်။ ဖိနပ်များ ရောင်းချရာမှ ရသည့်ငွေသည် နောက်တစ်လအတွက် သာရေဝယ်ရန် လုံလောက်သည်။ ဖိနပ်အမှာစာ များမလာသေးသမျှ ဖိနပ်ထုတ်လုပ်မှုကို နှစ်ဆတိုးရန် မလိုပေ။ တစ်ဖက်၌ တစ်လစာ သာရေရှိနေလျှင် လုံလောက်ပေပြီ ဖိနပ်အမှာစာများ အတွက် ငွေပို့လွှာများသည် နောက်တစ်လအကြာတွင် ရောက်လာကြလိမ့်မည် ဖြစ်သည်။ အစစအရာရာ ချောချောမွေ့မွေ့ လည်ပတ်နေသည်။

ရုတ်တရက်ဆိုသလို နယူးယောက်က စာစောင်၌ သင်၏ဖိနပ်များအကြောင်း ဆောင်းပါးတစ်ပုဒ်ပါလာသည်။ ထိုအခါ တစ်လ၌ ဒေါ်လာ ၄၀၀ ဖိုးသာ မကတော့ဘဲ တစ်လလျှင် ဒေါ်လာ တစ်သောင်းခွဲဖိုးအထိ အမှာစာများ ရောက်လာကြသည်၊ ထိုအခါ၌ သင်၏ ဘဏ်တွင် ဒေါ်လာ ၄၀၀ ဖိုးသာ ရှိသော်လည်း သာရေဒေါ်လာ ခြောက်ထောင်ဖိုး ဝယ်ရမည်။ အကြီးအကျယ် ဒုက္ခရောက်တော့သည်။ သင့်ထံသို့ ဖိနပ်များ မှာကြားသည့် စာဖတ်သူများကို မည်မျှ ယုံကြည်စိတ်ချရသည်ဟု သိရှိသော ဘဏ်လုပ်ငန်းရှင်က သင့်အနီးတဝိုက်တွင် မရှိပေ။ ထို ဘဏ်လုပ်ငန်းရှင်များသည် သင့်ကိုလည်း မသိသဖြင့် ငွေကို ကြိုတင်၍ ထုတ်ပေးချင်မှ ထုတ်ပေးလိမ့်မည်။ သင်ကလည်း သူတို့ကို ဘဏ်၌ စာရင်းဖွင့်လှစ်ထားခြင်းလည်း မရှိ။ ဤအခြေအနေတွင် သင့်အနေဖြင့် ဘာမျှ လုပ်နိုင်စရာ မရှိ။ ဖိနပ်မှာသူများထံသို့ ကျွန်တော် ဝမ်းနည်းပါတယ်၊ ငွေကြိုမပို့လျှင် ကျွန်တော်ခင်ဗျားတို့အတွက် ဖိနပ်ထုတ်လုပ်နိုင်ရတဲ့ အခြေအနေ မရှိပါဘူး ဟု ပြန်စာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရေ ရတော့မည်။ သို့သော် ထိုသို့သော ကိစ္စမျိုး ကို လူအနည် ငယ်ကသာ လုပ်ချင်မည် ဖြစ်ပြီ သင်လည် လုပ်ချင်မည် မဟုတ်သဖြင့် ဒုက္ခရောက်ရ လိမ့်မည်။ သင်လိုအပ်နေသည့် ငွေမှာ လုပ်ငန် ကို ချဲ့ထွင်ရန်အတွက် ဖြစ် သည်။ အခြာ သူမျာ က ကြွေ ဝယ်နေကြသဖြင့် ထိုငွေကို ကျခံရန်အတွက် ဖြစ်သည်။

အခြာ ဥပမာတစ်ခုမှာ သင်၏ ဖိနပ်လုပ်ငန် သည် တစ်လလျှင် ဒေါ်လာ တစ်သောင် ခွဲဖို အထိ ထုတ်လုပ်နေသည်။ သင်၏ ဖိနပ်မျာ ကို လော့စ်အိန်ဂျလိစ်၌ရှိသည့် ကုန်တိုက်တစ်ခုက အဓိကအာ ဖြင့် တစ်လလျှင် ဒေါ်လာ ငါ ထောင်ဖို အထိ ဝယ်လေ့ရှိသည်။ ထိုကုန်တိုက်က ငွေရေ ကြေ ရေ အခြေအနေ ဆို နေသဖြင့် ယခုအခါ နှစ်လခန့်ကြာမှသာ ငွေပို့နိုင် သည် ဆိုကြပါစို့။ သင့်အနေဖြင့် ဆက်လက်၍ ရောင် နေရမည်ကို သေချာ ပေါက် သိသည်။ သို့သော် လုပ်အာ ခမျာ နှင့် သာ ရေအတွက် ပေ ချေရမည့် ငွေမျာ ကို လျှော့ချမပစ်နိုင်။ ထို့ကြောင့် ကုန်တိုက်ကို ဆက်လက်၍ ရောင် ချ ခြင် မပြုနိုင်တော့လျှင် စီ ပွာ ရေ လုပ်ငန် ရပ်ဆိုင် သွာ တော့မည်။ ဘဏ် မျာ က သင့်ကိုလည် မသိ၊ လော့စ်အိမ်ဂျလိစ်ရှိ ကုန်တိုက်ကိုလည် မသိ။ ကုန်တိုက်မှ စာဖြင့် ရေ သာ ထာ သော အာမခံချက်ရှိလျှင်၊ သူ့ကို ကြွေ ပေ ထာ သည့် ငွေမျာ အခြေအနေ ကောင် နေလျှင်၊ ဘဏ်က သင့်ကို သိနေလျှင် ဘဏ်က သင့်ကို ငွေချေ ပေ လိမ့်မည်။ ထို့ကြောင့်ပင်လျှင် သင်သည် ဘဏ် လုပ်ငန် ရှင်မျာ နှင့် သိဖို့ လိုအပ်နေသည်။ ဘဏ်မျာ သည် အမျာ အာ ဖြင့် သူတို့သိသည့် သူမျာ ကိုသာ ငွေချေ လေ့ရှိကြသည်။ သာ ရေဖို နှင့် လုပ်အာ ခမျာ တစ်လစာ၊ နှစ်လစာခန့် ပေ ချေရန်အတွက် ငွေလိုအပ်နေသည်။ တစ်ဖက်ကလည် ကုန်တိုက်က ရရှိမည့် ငွေမျာ ကို စောင့်ဆိုင် နေရသည်။ ဤကြာ ကာလကဲ့သို့သော အရေ ပေါ်ကိစ္စမျို ၌ အသုံ ပြုရန် အတွက်လည် ငွေအရင် အနှီ လိုပေသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရင်နှီးမြှုပ်နှံမှုဆိုသည်မှာ အနာဂတ်ကာလ၌ ရရှိမည့် ဝင်ငွေတစ်စုံတစ်ရာကို မျှော်ကိုး၍ ငွေကြေးကို ဘောဖယ် မြှုပ်နှံသူကို ဆိုလိုသည်။ မည်သူမဆို ရင်နှီးမြှုပ်နှံသူတစ်ယောက်ဖြစ်နိုင်သည်။ သူ့မှာ အသားတင် ပိုင်ဆိုင်မှု ရှိကောင်းမှလည်း ရှိမည်။ ဥစ္စာခနေ ကြွယ်ဝသူ ဖြစ်ချင်လည်း ဖြစ်မည်။ ရင်နှီးမြှုပ်နှံသူတစ်ယောက် ဖြစ်ရန်အတွက် မည်ရွေ့မည်မျှ ရှိရမည်ဟု သတ်မှတ်ချက် မရှိပေ။ ဂျပန်နိုင်ငံ၌ ရင်နှီးမြှုပ်နှံသူဆိုသည်မှာ လူတန်စား အလွှာပေါင်းစုံရှိ လူပေါင်းစုံက ညီတူညီမျှ ထည့်ဝင်စုဆောင်ထားသော ဆင်ဒီကိတ်အဖွဲ့အစည်းကြီး တစ်ခု၏ အဖွဲ့ဝင်တစ်ယောက်လည်း ဖြစ်နေနိုင်သည်။ တောင်အာဖရိကနိုင်ငံ၌ ရင်နှီးမြှုပ်နှံသူ တစ်ယောက်သည် အခြား လုပ်သားများနှင့် ပူးပေါင်း၍ ခြောက်လကြာက ရွှေပြောင်အလုပ် လုပ်သော သူတစ်ယောက် ဖြစ်နိုင်သည်။ တိုအလုပ်သမားများက သူတို့ အလုပ်ပြီးဆုံး၍ ပြန်သည့်အခါ စီးပွားရေးလုပ်ငန်း၏ တစ်စိတ်တစ်ဒေသကို ဝယ်ယူရန်အတွက် လုပ်ခများကို စုပေါင်း၍ ဝယ်ယူတတ်ကြသည်။

ရင်နှီးမြှုပ်နှံသူ တစ်ယောက်သည် ငွေချေးသူတစ်ယောက်နှင့် မတူပေ။ ငွေချေးသူတစ်ယောက်က သူ့ငွေကိုထုတ်ပေးလိုက်ပြီး လျှင် အချိန်ကာလတစ်ခု ကြာသည့်အခါ အရင်းနှင့် အတိုးကို ရသည်။ အများအားဖြင့် ချေးထားသော ငွေများသည် ဆုံးရှုံးမည့် အန္တရာယ်မရှိဘဲ ထိုငွေအတွက် အတိုးနှုန်း ပေးရမည်ကို ရေးထားသည်ဖြစ်စေ၊ မရေးထားသည်ဖြစ်စေ အားလုံး သိကြပြီး ဖြစ်သည်။ သို့သော် အခြားတစ်ဖက်၌ ရင်နှီးမြှုပ်နှံသူ တစ်ယောက်သည် သူထည့်ဝင်ရင်းနှီးသည့် လုပ်ငန်းအတွက် တာဝန်ရှိသည်။ စွန့်စားမှုများ အန္တရာယ်များနှင့် ရင်ဆိုင်ရမည်။ ကိုယ်တိုင် စီးပွားရေးလုပ်ငန်း လုပ်သလို စွန့်စားမှုများ၊ အန္တရာယ်များနှင့် ရင်ဆိုင်ရသည်။ သူကြုံတွေ့ရသည့် စွန့်စားမှုအလိုက် အကျိုးအမြတ် ပြန်ရရှိနိုင်သည်။

ကျွန်တော်၏ မိတ်ဆွေတစ်ယောက်သည် တစ်ဦး တစ်ယောက်က

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တယ်လီဖုန်း ခေါ်သည့်အခါ သူက တယ်လီဖုန်း ခေါ်သည့်အတွက် သင်က စရိတ်ပေး ချေခြင်း မပြုရစေရန် ဆောင်ရွက်ပေး နိုင်သည့် တရား မဝင် ပစ္စည်း လေး တစ်ခုကို တီထွင်လိုက်သည်။ ထိုပစ္စည်း တစ်ခု လုပ်ရန်အတွက် တစ်ခုလျှင် ၁၀ ဒေါ်လာ ကုန်ကျပြီး ရောင်း သည့်အခါ ဒေါ်လာ ၄၀ နှင့် ရောင်း သည်။ သူက အခုရေ ၄၀ ထုတ်လုပ်သဖြင့် စုစုပေါင်း ရငွေ ဒေါ်လာ ၁၆၀၀ ရရှိပြီး လုပ်အား ခ အပါအဝင် သူ၏ စရိတ်များ အား လုံး ကို ကာမိသည်။

လုန်ငန်း ကို သူစတင်စဉ်အခါက အီလက်ထရောနစ်ပစ္စည်း များ ဝယ်ရန်အတွက် ဒေါ်လာ ၄၀၀ သာ လိုအပ်သည်။ ထိုဒေါ်လာ ၄၀၀၀ ကို ရရန်အတွက် ရနိုင်သည့် နည်း လမ်း နှစ်ခုရှိသည်။ ရင်း နှီး မြှုပ်နှံသူ တစ်ယောက်ကို ရှာကောင်း ရှာမည်။ သို့မဟုတ် ငွေကို ချေး မည်။ သူငွေချေး မည်ဆိုလျှင် တစ်နှစ်လျှင်အတိုး ရာခိုင်နှုန်း ခန့် ပေး ရမည် ဖြစ်သဖြင့် တစ်နှစ်ပြည့်၍ ပြန်ဆပ်သည့်အခါ ဒေါ်လာ ၄၂၀ ပြန်ဆပ်ရမည်။ သူ့အဖို့ ဘဏ်နှင့်လည်း ကောင်း ၊ ဘဏ်လုပ်ငန်း ရှင်နှင့်လည်း ကောင်း အဆက်အသွယ် မရှိလျှင် နှစ်လခန့် ဒေါ်လာ ၄၀၀ ကို ချေး ယူပြီး ဒေါ်လာ ၄၅၀ ပြန်ဆပ်ကောင်း ဆပ်ရမည်။ ထိုသို့သော ချေး ငွေမျိုး မှာ သိရှိယုံကြည်သူ တစ်ယောက်ထံမှသာ ရရှိမည်။ ထိုသိရှိယုံကြည်သူ တစ်ယောက်က စိတ်မချရမှုကို လျော်ကြေး ပေး သည့် အနေဖြင့် ဒေါ်လာ ၅၀ အတိုး ပေး ရခြင်း ဖြစ်သည်။

အခြား တစ်ဖက်၌ ရင်း နှီး *မြှုပ်နှံသူဆိုသည်မှာ* 'ဟုတ်ပြီ၊ ခင်ဗျား ကို ကျွန်တော် ဒေါ်လာ ၄၀၀ ပေး မယ်။ ဒါပေမဲ့ ခင်ဗျား ရဲ့ အကျိုး အမြတ်ကို လည်း ကျွန်တော့်ကို ခွဲပေး ရမယ်။ အခု ဒီ ဒေါ်လာ ၄၀၀ ကို ရင်း ပြီး ခင်ဗျား ဒေါ်လာ ၁၂၀၀ မြတ်တယ် ဆိုပါစို့။ တရား မဝင်တဲ့ ပစ္စည်း တစ်ခုကို ထုတ်လုပ်တဲ့အခါ ရင်ဆိုင်ရနိုင်တဲ့ အန္တရာယ်တွေအတွက် ခင်ဗျား အများ ကြီး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြန်ရပါတယ်။ ကျွန်တော်ပေးတဲ့ ဒေါ်လာ ၄၀၀ အတွက် ခင်ဗျာ ကြုံတွေ့ရမယ့် အန္တရာယ်ကို ကျွန်တော်လည်း မျှယူမယ်။ ကျွန်တော့်မှာလည်း အန္တရာယ်ရှိတယ်။ တယ်လီဖုန်း ကုမ္ပဏီက ခင်ဗျာ ပစ္စည်း အကြောင်း သိသွားရင်လည်း သိသွားနိုင်တယ်။ ဘယ်သူကမှ ခင်ဗျာ ပစ္စည်း ကို ဆက်ပြီး မဝယ်တော့ဘဲလည်း နေနိုင်တယ်။ ခင်ဗျာ ဟာ အဖမ်း ခံရရင်လည်း ခံရနိုင်တယ်။ ဒါကြောင့် ခင်ဗျာ ရဲ့ စရိတ်တွေနုတ်ပြီး ကျန်တဲ့ ငွေထဲက ၁၀ ရာခိုင်နှုန်း ကို ကျွန်တော် လိုချင်တယ်။ ဒေါ်လာ ၁၂၀၀ ရဲ့ ၁၀ ရာခိုင်နှုန်း ဆိုတော့ ဒေါ်လာ ၁၂၀ ဖြစ်မယ်။ ကျွန်တော်က ဒေါ်လာ ၄၀၀ မြှုပ်နှံထားပြီး အစစအရာရာ အဆင်ပြေမယ်ဆိုရင် အကျိုးအမြတ်အဖြစ် ဒေါ်လာ ၁၂၀ ပြန်ရချင်တယ်'လို့ ပြောနိုင်သည်။

ချေးငွေကို ရယူသူတစ်ယောက်အနေဖြင့် တာဝန်များ ရှိသည်။ နောက်ထပ် ၆ လ သို့မဟုတ် ၈ လခန့် ကြာသည့်အချိန်တွင် အတိုးနှင့် အရင်းများကို ပြန်ပေးရမည်။ အကယ်၍ သူလုပ်ထားသည့် လုပ်ငန်းအတွက် ဥပဒေကြောင်း အရ အရေးယူခံရလျှင်ပင် သူထောင်က ထွက်လာသည့်အခါ ပြန်ဆပ်ရန် တာဝန်ရှိသည်။

ချေးငွေများကို အပေါင်ရှိသည့် ချေးငွေများနှင့် အပေါင်မရှိသည့် ချေးငွေများ ဟူ၍ ခွဲနိုင်သည်။ အပေါင်ရှိသည့် ချေးငွေ၌ ငွေချေးသူက အကယ်၍ သူ၏ကြွေးကို ပြန်မဆပ်နိုင်လျှင် သူက တစ်ခုခုကို ရောင်းပြီး ပြန်ဆပ်မည်ဟူသော တိကျရေရာသည့် ရည်ရွယ်ချက်တစ်ခု ရှိသည်။ အပေါင်ဆိုင်တစ်ဆိုင်သည် အပေါင်ပစ္စည်းများ အပေါ် အခြေခံ၍ ချေးငွေများ ထုတ်ချေးသည်။ ထိုသို့ချေးရာတွင် အပေါင်ပစ္စည်း အပေါ် ဈေးဖြတ်ပုံ၊ ချေးငွေ ထုတ်ပေးသည့် ပမာဏတို့မှာ ထူးခြားသည်။ ဥပမာ ဒေါ်လာ ၆၀၀ တန် လက်နှိပ်စက်တစ်လုံးကို အပေါင်ဆိုင်တစ်ဆိုင်သို့ ယူသွားလျှင် ဒေါ်လာ ၅၀ ခန့်သာ သူက ချေးမည်။ ဘဏ်တစ်ခု၌ ဆိုလျှင် ဒေါ်လာ ၁၃၀၀၀ တန်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကာ တစ်စီ ကို ပြ၍ ဒေါ်လာ တစ်သောင် ခန့် ချေ နိုင်သည်။ ကာ ပျက်၍ ပြင်ရလျှင် အာမခံရှိထာ ပြီ ဖြစ်သည်ဟု သူတို့က ယူဆတတ်ကြသည်။

ကြွေ ဝယ်ကတ်ပြာ တစ်ခုသည် အပေါင်ပစ္စည် မရှိ၊ အာမခံချက် မရှိသော ချေ ငွေ တစ်မျို ပင် ဖြစ်သည်။ ကြွေ ဝယ်ထာ သည့် ငွေမျာ ကို ပြန်မဆပ်နိုင်လျှင် ကြွေ ဝယ်ကတ်ပြာ ထုတ်ထာ သည့် ကုမ္ပဏီမှာ ပြန် ရောင် ခစရာ ပစ္စည် တစ်စုံတစ်ရာမျှ မရှိ။ ထို့ကြောင့် သင်၏ဝင်ငွေကို အခြာ နည် မျာ ဖြင့် ရယူရန် မကြို စာ တော့ဘဲ တရာ ရုံ မှတစ်ဆင့် ကြွေ မျာ ရယူရန် ကြို စာ လိမ့်မည်။ အပေါင်ရှိသည့် ချေ ငွေမျာ နှင့် နှိုင် ယှဉ်လျှင် အပေါင်မရှိသည့် ချေ ငွေမျာ သည် အန္တရာယ် ပို၍ ရှိသဖြင့် ငွေချေ သူမျာ သည် အတို နှုန် ပိုတောင် တတ်ကြသည်။ စီ ပွာ ရေ လုပ် ငန် တစ်ခုသည် လူမွဲခံရပြီ ဆိုလျှင် အပေါင်ပစ္စည် ရှိသည့် ချေ ငွေမျာ ကို ဦ စွာဆပ်ပြီ မှ အပေါင်ပစ္စည် မရှိသည့် ချေ ငွေမျာ ကို ဆပ်ရန် ထုခွဲမည် ဖြစ်သည်။

ဤနေရာတွင် **စုစုပေါင်** နှင့် **အသာ တင်**ဟူသော ဝေါဟာရနှစ်ခုကို သိရှိပေလိမ့်မည်။ စုစုပေါင် သို့မဟုတ် အကြမ် ဆိုသည်မှာ အမျာ သုံ လေ့ သုံ ထရှိသည့် အဓိပ္ပာယ်အတိုင် ဖြစ်သည်။ ထုတ်ကုန်တစ်ခု၊ ဝန်ဆောင်မှု တစ်ခုနှင့် ပတ်သက်၍ နောက်ဆုံ ဈေ နှုန် ကို ဆိုလိုသည်။ ဥပမာ ဤစာအုပ် ကို စာအုပ်ဆိုင်၌ ရောင် ချလျှင် ၎င် ဈေ နှုန် သည် အကြမ် ဈေ နှုန် ဖြစ်သည်။ ဤစာအုပ်ကို ရောင် ချရာမှ ရရှိသည့် စုစုပေါင် ရငွေကို သိရှိလိုလျှင် ဈေ နှုန် နှင့် စာအုပ်တို့ကို မြှောက်လျှင် ရရှိသည်။ ဤစာအုပ် တစ်အုပ်ကို ခြောက်ဒေါ်လာဖြင့် အုပ်ရေ တစ်သိန် ရောင် ရလျှင် ဒေါ်လာ ခြောက်သိန် သည် စုစုပေါင် ဝင်ငွေ သို့မဟုတ် အကြမ် ဝင်ငွေ ဖြစ်မည်။

အခြာ ပစ္စည် မျာ နှင့် ပတ်သက်၍လည် အလာ တူပင် ဖြစ်သည်။ အရောင် ပမာဏနှင့် ပတ်သက်၍ စုစုပေါင် သို့မဟုတ် အကြမ် သည်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အကြီး ဆုံး သော ဂဏန်း ဖြစ်သည်။ ထိုစုစုပေါင်း ၊ အကြမ်း တန်ဖိုး မှ အခြား အသုံး စရိတ်များ ကို နုတ်လျှင် အသား တင် ကိန်း ဂဏန်း ကို ရရှိသည်။ စုစုပေါင်း သို့မဟုတ် အကြမ်း ထက် လျော့နည်း သည့် တန်ဖိုး တစ်ခုခုသည် အသား တင်ပင် ဖြစ်သည်။ အကယ်၍ တစ်ယောက်ယောက်က သင့်ကို အသား တင်ဟု ပြောပြလျှင် သူဆိုလိုသည့် အဓိပ္ပာယ်ကို ရှာဖွေဖော်ထုတ်ရန် လိုသည်။ အသား တင်ဟု ဆိုလျှင် တိကျသည့် အဓိပ္ပာယ် သတ်မှတ်ချက် ရှိသည်။ ဥပမာ ဤစာအုပ်ပေါ်၌ ထုတ်ဝေသူက ရရှိရန် မျှော်မှန်း သည့် အသား တင်မှာ ၁၀ ရာခိုင်နှုန်း ဖြစ်သည် ဆိုပါစို့။ သူဆိုလိုသည်မှာ ဖ ဒေါ်လာအပေါ်မှာ ၁၀ ရာခိုင်နှုန်း ဖြစ်မည်။ အခြား တစ်ယောက်ယောက်က လည်း တစ်စုံတစ်ခုအပေါ်မှ အသား တင် တန်ဖိုး တစ်ခုကို ပြောပြမည်။ ဥပမာ စာအုပ်ရောင်း သူက ထုတ်ဝေသူအား ဤစာအုပ်အတွက် ပေး သည့်ငွေထဲမှ အသား တင် ရာခိုင်နှုန်း တစ်ခုကို ပြောကောင်း ပြောမည်။ သူက ဤစာအုပ် အတွက် ၂.၄ ဒေါ်လာ ပေး ရလျှင် ထိုအသား တင်တန်ဖိုး ၏ ၁၀ ရာခိုင် နှုန်း သည် ၂.၄ ဒေါ်လာ၏ ၁၀ ရာခိုင်နှုန်း ဖြစ်ကောင်း ဖြစ်မည်။ စုစုပေါင်း ရောင်း ရငွေ၏ ၁၀ ရာခိုင်နှုန်း နှင့် မတူတော့ပေ။ ထို့ကြောင့် အသား တင် ဟူသော ဝေါဟာရကို ကြား လျှင် မည်သည့်အဓိပ္ပာယ် ရှိကြောင်း ကို သိရှိ ရမည်။ စုစုပေါင်း သို့မဟုတ် အကြမ်း ဟူသော ဝေါဟာရကို ကြား လျှင် ထိုအကြောင်း ကို အထွေအထူ ပြောနေစရာ မလိုပေ။

စာရင်း ကိုင်ပညာသည် အတတ်ပညာဆိုင်ရာ ဝေါဟာရများ က အဓိပ္ပာယ်ရှိရှိ ရပ်တည်နေသော နယ်ပယ်တစ်ခုဖြစ်သည်။ ထိုသဘောတရား များ ကို ကိုယ်စား ပြုရန်အတွက် အတိုကောက် ဝေါဟာရများ ကို အသုံး ပြုလေ့ ရှိကြသည်။ တိုဝေါဟာရများ ကို လေ့လာပြီး အသုံး ပြုနိုင်ရမည်။

ဤအခန်း ကို အဆုံး မသတ်ခင် အကြီးပေ စရာအချို့ ကျန်သေး သည်။

ချက်လက်မှတ်ကို သုံး ၍ ငွေထုတ်နိုင်သော စာရင်း ရှင်အပ်ငွေ တစ်ခု

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကို စာရင် ဖွင့်လျှင် တတ်နိုင်သမျှ ငွေများ များ ဖြင့် ဖွင့်လိုက်ပါ။ ကျွန်တော် နောက်နေသည်ဟု ထင်နေပါသလား ။ နောက်နေသည် မဟုတ်ပါ။ သင်၏ ပျမ်း မျှ လက်ကျန်သည် ဒေါ်လာ ၅၀ ဖြစ်လျှင်ပင် မိတ်ဆွေတစ်ယောက်ထံမှ ဒေါ်လာ တစ်သောင် ခန့် တစ်ရက်ရာမျှ ချေ းပြီ ငွေစာရင် ကိုဖွင့်လိုက်ပါ။ တိုသို့ပြောသည်မှာ လွန်အောင်ကျွံအောင် ပြောလိုက်ခြင် ဖြစ်သဖြင့် ထိုမျှ လောက်အထိ လိုက်နာဆောင်ရွက်စရာ မလိုပါ။ ဒေါ်လာ ထောင်ဂဏန် ကျော်အောင် ဖွင့်နိုင်သည်ဆိုလျှင် ကြည့်ကောင် နေပါပြီ။ စာရင် ဖွင့်ထာ ပြီ ရက်အနည် ငယ် ကြာသည့်အခါတွင် ငွေအတော်များ များ ကို ပြန်ထုတ် နိုင်သည်။ မှန်ပါသည်။ အဘယ်ကြောင့် ဤသို့ လုပ်ခိုင် ရသနည် ဆိုလျှင် ဘဏ်များ က စာရင် ဖွင့်လက်ကျန်ကို သေသေချာချာ မှတ်တမ် တင်ထာ လေ့ရှိသောကြောင့် ဖြစ်သည်။ ထိုစာရင် ဖွင့်လက်ကျန်က သင်၏ ငွေရေ ကြေ ရေ အခြေအနေကို ကိုယ်စာ ပြုနေသည်ဟု ယုံကြည်နေကြသော ကြောင့် ဖြစ်သည်။ ကျွန်တော် ဘဏ်လုပ်ငန် ရှင် ဘဝက လေ့လာမှုတစ်ခု ပြုခဲ့ရာ၌ မူလက စာရင် ဖွင့်ထာ သည့် ပမာဏနှင့် နောက်ပိုင် ၌ ရှိသည့် လက်ကျန်တို့ကြာ ၌ ဆက်စပ်မှု မရှိကြောင် တွေ့ခဲ့ရသည်။ စ စချင် ငွေအမြောက်အမြာ နှင့် စာရင် ဖွင့်သဖြင့် နောက်ပိုင် တွင် ငွေများ များ ရှိမည်ဟု မယူဆနိုင်။ ထို့အတူပင် စ စချင် ငွေအနည် ငယ်နှင့် ဖွင့်သဖြင့် နောက်ပိုင် တွင် ငွေအနည် ငယ်သာ ရှိမည်ဟု မဆိုနိုင်။ သို့သော် ဘဏ် လုပ်ငန် ရှင် အတော်များ များ ကတော့ ထိုသို့ပင် ထင်နေကြသည်။ ဘဏ် လုပ်ငန် ရှင်များ က လူအများ ကို သူတို့ စတင်ဖွင့်သည့် စာရင် အပေါ်၌ မူတည်၍ အကဲဖြတ်တတ်ကြသည်။ ထို့ကြောင့် ဤနည် ကို လိုက်နာ ကျင့် သုံ ကြည့်ပါ။ ထိုအခါ ဘဏ်ခွဲမန်နေဂျာက သင် ဘဏ်ထဲသို့ ဝင်လာသည့် အခါတိုင် ပြုံ ပြပါလိမ့်မည်။

လူလတ်တန် စာ တစ်ယောက်အတွက် ငွေချေ ယူနိုင်ခွင့် ရှိရန်

ရာပြည့်စာအုပ်တိုက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လိုသည်။ အကယ်၍ သင်သည် ငွေချေ နိုင်ခွင့်ရှိလျှင် ငွေအနည် ငယ်သာ လိုမည်။ ငွေချေ နိုင်ခွင့် ဆိုသည်မှာ ငွေချေ ယူနိုင်စွမ်း ကို ဆိုလိုသည်။ ထို ငွေချေ ယူနိုင်စွမ် ကောင် မွန်နေလျှင် စုဆောင် ငွေများ သိပ်များ များ ရှိရန် မလို၊ သို့မဟုတ် စုဆောင် ငွေ အနည် ငယ်ရှိလျှင် ပြီ ပြီ။ စုဆောင် ငွေများ သည် အများ အာ ဖြင့် အရေ ပေါ်ကိစ္စများ အတွက် ထာ တတ်ကြသည်။ ငွေချေ နိုင်ခွင့်ရှိလျှင် အရေ ပေါ်လာသည့်အခါ စုဆောင် ငွေအစာ အသုံ ပြုပြီ နောင်အခါမှ ပြန်လည်ဆပ်နိုင်မည်။

ချေ ငွေရရှိရန်အတွက် အချိန်အနည် ငယ် ယူရပြီ တည်ငြိမ်မှု လည် အနည် ငယ် ရှိရမည်။ ချေ ငွေ ရရှိနိုင်ရန်အတွက် အလုပ်အကိုင်တစ်ခု၊ လိပ်စာတစ်ခု၊ တယ်လီဖုန် တစ်လုံ နှင့် ဖုန် နံပါတ်တစ်ခု ရှိရမည်။ တစ်နှစ် ခန့်မျှ စာရင် ရှင်တစ်ခု ဖွင့်ထာ ရမည်။ ငွေချေ သင့်သည့် အဆင့်အတန် ကောင် တစ်ခု ရှိသည်ဟု ဆုံ ဖြတ်ပြီ နောက် အလုပ်အကိုင်တစ်ခုလည် ရပြီ၊ လိပ်စာတစ်ခုလည် ရပြီဆိုလျှင် ၄ လခန့် စောင့်ပြီ ပထမဆုံ ဓာတ်ဆီ အကြွေ ဝယ်နိုင်သည့် ကတ်ပြာ တစ်ခု လျှောက်ပါ။ ထိုကတ်ပြာ ရပြီဆိုလျှင် စတို ဆိုင်တစ်ခု၌ ကြွေ ဝယ်နိုင်သည့် ကတ်ပြာ တစ်ခု လျှောက် ပါ။ အများ အာ ဖြင့် စတို ဆိုင်များ က ကြွေ ဝယ်ခွင့် ကတ်ပြာ ကို အလွယ် တကူ ပေ လေ့ရှိကြသည်။ မူလကတည် ကပင် ပေ ချင်နေတတ်သည်။ ထိုသို့ကြွေ ပေ လိုက်သည့်အတွက် ဆုံ ရှုံ မှုများ ဖြစ်လာခဲ့လျှင် ထိုဆုံ ရှုံ မှုများ ကို ကြိုတင်တွက်ဆထာ ပြီ သူတို့ရောင် သည့် ပစ္စည် များ အပေါ်၌ အမြတ်များ များ ဈေ တင်ထာ လေ့ ရှိတတ်ကြသည်။ **စီယာ** သို့မဟုတ် **မေစီ**တို့ကဲ့သို့သော ကုန်တိုက်များ ၌ သို့မဟုတ် ဈေ အတန်အသင့်ရှိသည့် စတို ဆိုင်တစ်ခု၌ ကတ်ပြာ ရပြီ ၆ လခန့် ကိုင်ဆောင်ထာ ပါ။ ထိုဆိုင်များ မှ ကြွေ ဝယ်ကတ်ပြာ များ သည် ရဖို့ခက်သည်။ ထိုဆိုင်များ မှ ကတ်ပြာ များ ကို ရပြီဆိုလျှင် ကျန်သည့် ကတ်ပြာ များ ကို အလွယ်တကူ ရနိုင်သည်။ ထို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကြွေ ဝယ်ကတ်ပြား များ ကို တစ်ခါ၊ နှစ်ခါခန့် သုံး ပြီး ချက်ချင်း ငွေချေလိုက်ပါ။ ထိုကတ်ပြား များ ကိုင်ထား ပြီး ၇ လမှ ၉ လခန့် ကြာသည့်အခါ မာစတာကတ်သော် လည်း ကောင်း ၊ ဗီဇာကတ်သော် လည်း ကောင်း လျှောက်ထား နိုင်သည်။ ထိုကတ်များ ကို ရလျှင် သင်၏ ကြွေး ယူနိုင်စွမ်း မှာ အလွန်မြင့်မား ပြီး အခြေတကျ ဖြစ်လာမည်။ လအနည်း ငယ်ခန့် ကြာလျှင် ကြွေး ဝယ်နိုင်သည့် ပမာဏကို တို ပေ ရန်လည်း တောင်း ဆိုနိုင်သည်။ ထိုအခြေအနေသို့ ရောက်ပြီဆိုလျှင် သင်သည် လွတ်လပ်သွား ပြီ။ ကိုယ်အလိုရှိသလို အလုပ်အကိုင်များ ကို ပြောင်း ရွှေ့နိုင်သည်။ ချေး ငွေ ရယူနိုင်စွမ်း မှာ အခြေတကျဖြစ်နေပြီ။ မိမိ၏စာရင်း များ ကို မှန်မှန်ပေး ဖို့မှ မမေ့ပါနှင့်။ အထူးသဖြင့် လက်ဝတ်ရတနာဆိုင်များ တွင် ပေး ရန် မမေ့ပါနှင့်။ အများ အား ဖြင့် ငွေချေး ယူရာ၌ အဆင့်အတန်း နိမ့်နိမ့် သတ်မှတ်ခံထား ရသည့် သူများ သည် လက်ဝတ်ရတနာ အရောင်း ဆိုင်များ ရှိ ကွန်ပျူတာများ ၏ သတ်မှတ်ချက် ကြောင့် ဖြစ်သည်။

**ချေး ငွေ ရယူနိုင်စွမ်း သည် အများ အား ဖြင့် တည်ငြိမ်မှုအပေါ်၌ မူတည်နေသည်။** သင်၏ တည်ငြိမ်မှုကို အလုပ်တစ်ခုတည်း ၌ မည်မျှကြာကြာ မြဲနေသည်ဆိုသော ကာလဖြင့် တိုင်း တာလေ့ရှိသည်။ ယခု လောလောဆယ် သင် လက်ရှိနေထိုင်သည့် နေရာနှင့် ယခင်က နေခဲ့သည့်နေရာတို့၌ မည်မျှကြာကြာ နေခဲ့သည်ကလည်း တည်ငြိမ်မှုကို ပြသည်။ သင့်မှာ တယ်လီဖုန်း တစ်လုံး ရှိကောင်း ရှိမည်။ ရှိချင်မှလည်း ရှိမည်။ အများ အား ဖြင့် ကြွေး ဆုံ တတ်သူများ သည် ကိုယ်ပိုင်တယ်လီဖုန်း မထား တတ်ကြ။ ချက်လက်မှတ် ရေး ၍ ထုတ်နိုင်သော ငွေပမာဏကို စာရင်း ရှိသည့် ငွေထက် ပို၍ မထုတ်မိပါစေနှင့်။ တစ်ခါတစ်ရံ သင်၏ဘဏ်က ထိုအကြောင်း ကို ခြေရာကောက်မိသွား နိုင်သည်။ ရှိသည့်ငွေထက် ထုတ်မိသွား သည်ဆိုလျှင် ဤသတင်း သည် အခြား ဘဏ်များ သို့လည်း ပျံ့နှံ့သွား နိုင်သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နောက်ဆုံး အနေဖြင့် သင် ငွေချေးရာလိုလျှင် တစ်နေရာမက ကြိုးစားကြည့်ပါ။ ချေးငွေများ လေ့လာ၍ ဆောင်ရွက်ရန် အရေးကြီးလေ ဖြစ်သည်။ ဘဏ်တစ်ခုနှင့် တစ်ခု မတူကြပါ။ ဘဏ်တစ်ခုက မချေးဘူး ဆိုတိုင်း နောက်ဘဏ်တစ်ခုက မချေးဘူး ဟု ဆိုသည့် အဓိပ္ပာယ် မသက်ရောက်ပါ။ အချို့ဘဏ်မန်နေဂျာများ က လွတ်လပ်သော၊ နားလည်တတ်သော သူများ ဖြစ်သည်။ အချို့ဘဏ်မန်နေဂျာ များ သည် ပျင်းတိတတ်သောသူများ ဖြစ်သည်။ ဘဏ်တစ်ခုမဟုတ်တစ်ခုက ရအောင် လှည့်ပတ် ချေးကြည့်ပါ။ ရည်ရွယ်ချက်တစ်၊ ကိစ္စတစ်ခုအတွက် ချေးငွေလိုလျှင် အလားတူ ချေးငွေမျိုး ရသူတစ်ယောက်ကို လိုက်ရှာကြည့်ပါ။ ထိုသူ့ကို ချေးသည့် ငွေချေးသူထံသို့ သို့မဟုတ် ဘဏ်သို့သွားပါ။ အသိပညာပြည့်စုံခြင်း ၊ အတိတ်က ချေးငွေများ နှင့် ပတ်သက်၍ အတွေ့အကြုံ ကောင်းကောင်း ရှိခြင်း တို့အပေါ် မူတည်၍ ငွေချေးသူတစ်ယောက်သည် ထပ်မံ၍ ငွေချေးရန် ဝန်မလေးတတ်ကြပေ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အခန်း [ ၃ ]

## တတိယ ဥပဒေသ

## ငွေဆိုသည်မှာ အိပ်မက်တစ်ခုပင် ဖြစ်သည်

ငွေသည် စိတ်နှင့် သက်ဆိုင်သည်။ အိပ်မက်များ၌ တွေ့ရလေ့ရှိသည့် တိရစ္ဆာန် တစ်ကောင်နှင့်တူသည်။ သူ၏ မူလသဘာဝကပင်လျှင် ရေရေရာရာ မရှိသည့် စိတ်ကူး ယဉ်စရာ တစ်ခုသာ ဖြစ်သည်။ ငွေကို အမှန်တကယ်ရှိသည်၊ ကိုင်တွယ် ထိတွေ့၍ ရသည်ဟု ငွေနောက်က လိုက်ကြသူများ၊ ဒေါ်လာပေါင်း ထောင်သောင်း ချီရရန် ကြိုးစား ကြသူများ သည် ထိုရည်မှန်းချက် ပန်း တိုင်ကို ရရှိလျှင် သူတို့၏ဘဝ သိသိသာသာ ပြောင်း လဲမည်ဟူသော အထင်ဖြင့် လိုက်နေကြခြင်း ဖြစ်သည်။ သူတို့သည် သူတို့ ရည်မှန်း ချက်များ ၏ တစ်စိတ်တစ်ဒေသ ဖြစ်လာပြီ သူတို့ ရည်မှန်း ချက်ဆိုသည်မှာလည်း အိပ်မက်တစ်ခု၊ တံလျှပ်တစ်ခုသာ ဖြစ်သဖြင့် မူလက သူတို့ ရည်ရွယ်ထာ သလို ဖြစ်မလာဘဲ တလွဲတချော်တွေ ဖြစ်ကုန်တတ်ကြသည်။

ငွေဆိုသည်မှာ အိပ်မက်တစ်ခုသာ ဖြစ်ကြောင်း သိရန် ဘောဂဗေဒ ပညာရှင်များ ၏ ငွေနှင့်ပတ်သက်သော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ရပါမည်။ ငွေဆိုသည်မှာ တစ်ခုနှင့်တစ်ခု နှိုင်း ယှဉ်၍ ဈေး နှုန်း များ သတ်မှတ်သည့် စနစ်တစ်ခု၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်။ တန်ဖိုး များ သိုလှောင်မှုကို တိုင်း တာတွက်ချက်သည့် အရာတစ်ခု ဖြစ်သည်။ တန်ဖိုး ကို သိုလှောင်သည့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အရာ ဆိုသည့်အပိုင် ကို ကြည့်ကြပါစို့။ စုဋ္ဌေ စာရင် ရှင်ကဲ့သို့သော ယခင်က အပေ အယူ လုပ်ခဲ့သည့် ကိစ္စများ ကို ငွေကြေး ဖြင့် မှတ်တမ်း တင်ကြသည်။ ထိုမှတ်တမ်း များ သည် လုပ်အား အတွက် မှတ်တမ်း ၊ စွမ်း အား များ အတွက် မှတ်တမ်း ၊ သင့် စုဆောင်း ဆက်ခံ ရရှိသမျှ အရာအား လုံး ၏ မှတ်တမ်း ဖြစ်သည်။ တစ်နည်း အား ဖြင့် ပြောရလျှင် တန်ဖိုး ရှိသည်ဟု စိတ်ကူး ထဲ၌ ရှိနေသည့် အရာများ ကို မှတ်တမ်း တင်ထား ခြင်း ၊ သိုလှောင်ထား ခြင်း ဖြစ်သည်။ တစ်ခုနှင့်တစ်ကု နှိုင်း ယှဉ်ပြီး ဈေး နှုန်း သတ်မှတ်သည့် စနစ်တစ်ခု၏ တစ်စိတ်တစ်ဒေသအဖြစ် မြင်သည့်အခါ ငွေဆိုသည်မှာ အမှန်တကယ် မဟုတ်ဘဲ စိတ်ကူး တစ်ခုသာဖြစ်ကြောင်း ပို၍ ထင်ရှား လာသည်။ သဘောတရာ အရ ပြောရလျှင် ဤကမ္ဘာ၌ အရာရာတို့၏ ဈေး နှုန်း ကို တစ်ဖက်၌ ထိုပစ္စည်းရှာ ပါ မှု၊ အခြား တစ်ဖက်၌ ထိုပစ္စည်း ကို လူတို့က လိုချင်မှုတို့ အပေါ်၌ အခြေခံ၍ ဆုံ ဖြတ်သည်။ ငွေသည် ကမ္ဘာအနှံ့ ပျံ့နှံ့နေသည့် ဝယ်လိုအား များ ကို မှတ်တမ်း တင်ထား စရာ ကြား ခံကိရိယာတစ်ခု၊ ဆက်သွယ်ရေး ကိရိယာတစ်ခု ဖြစ်သည်။ နိုင်လွန်ခြေအိတ် တစ်စုံကို ၂.၂၅ ဒေါ်လာဖြင့် ရောင်း ရာ၌ ကမ္ဘာအရပ်ရပ်ရှိ လူအား လုံး ၏ နိုင်လွန်ခြေအိတ် လိုအပ်မှုနှင့် ထိုခြေအိတ်များ ကို ထုတ်လုပ်ရန်အတွက် လိုအပ်သော ကုန်ကြမ်း များ ကို ရရှိနိုင်မှုတို့ အပေါ်၌ အခြေခံ၍ ဆုံ ဖြတ်ခြင်း ဖြစ်သည်။

ငွေနှင့် ဆက်နွယ်၍ ရည်မှန် ချက်ပန် တိုင် ချမှတ်ကြသည့်သူများ သည် အိပ်မက်ထဲ၌ မြင်တွေ့ခဲ့ရသည့် အရာတစ်ခုကို ရအောင်ကြိုး စာ သု တစ်ယောက်နှင့် တူနေတတ်သည်။ နောက်ဆုံး ၌ ၎င် တို့ ရှာဖွေနေသည့် အရာများ မှာ တကယ့်အရာများ မဟုတ်ဘဲ စိတ်ကူး ထဲက အရာများ သာ ဖြစ်ကြောင်း သဘောပေါက်သွာ တတ်ကြသည်။ ကမ္ဘာပေါ်၌ မည်သည့်နေရာတွင် မည်သူက သုံး သုံး ၊ ငွေသည် အတူတူပင် ဖြစ်သည်။ ဂျပန်က ယန် ၊ အင်္ဂလိပ်က ပေါင်၊ အမေရိကန်က ဒေါ်လာ ဟုခေါ်သည့် ငွေအား လုံ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သည် အတူတူပင် ဖြစ်ကြသည်။ ကမ္ဘာအရပ်ရပ်ရှိ အစိုးရအားလုံးက ၎င်းတို့၏ ငွေကြေးပမာဏကို ထိန်းချုပ်ရန် ကြိုးစားကြသည်။ ထိုသို့ ကြိုးစားသည့်အခါ တူညီသော သီအိုရီများကို သုံးကြသည်။ မည်သည့်အရပ်၊ မည်သည့်ဒေသ၊ မည်သည့်နိုင်ငံတွင် အသုံးပြုသည် ဖြစ်စေ၊ ငွေဆိုသည်မှာ အိပ်မက်တစ်ခု၊ အထင်အမြင် လွဲမှားမှု တစ်ခုမျှသာ ဖြစ်ပြီး အစစ်အမှန်ရှိသည့် အရာတစ်ခု မဟုတ်ပေ။ ငွေသည် ကမ္ဘာပေါ်ရှိ အရာဝတ္ထုအားလုံး အကြား ရှိ ဆက်စပ်မှု တစ်ခုသာ ဖြစ်သည်။

ငွေ၏ အိပ်မက်နှင့်တူသော အရည်အချင်း အကြောင်းကို ပထမဦးစွာ စုံစမ်းဆွေးနွေးကြပါစို့။ အိပ်မက်များမှာ ငွေနှင့်တူသည့် အရည်အချင်း အများအပြား ရှိကြသည်။ အိပ်မက်တစ်ခုသည် အတိတ်၌လည်းကောင်း၊ အနာဂတ်၌ လည်းကောင်း ဖြစ်သည့်အရာ မဟုတ်ပေ။ ပစ္စုပ္ပန်၌ ဖြစ်သည့် အရာတစ်ခု ဖြစ်သည်။ အိပ်မက်တစ်ခု၌ ဖြစ်သည့် အဖြစ်အပျက်များကို ငြင်းပိုင်ခွင့် မရှိပေ။ အိပ်မက်ထဲ၌ စတိုးဆိုင်သွား၍ ဈေးမဝယ်ပါဟု ငြင်း၍ မရ။

ငွေသည်လည်း ထို့အတူပင် ဖြစ်သည်။ ငွေ၌ အတိတ်ဟူ၍လည်း မရှိ၊ အနာဂတ် ဟူ၍လည်း မရှိ၊ ဒြပ်မဲ့သဘောကို ဆောင်သည်။ ဥပမာ သင်၏ အသားတင် ပိုင်ဆိုင်မှုဆိုသည်မှာ အချိန်ကာလတစ်လျှောက် သင် စုဆောင်းခဲ့သည့်အရာများ၏ တန်ဖိုးကို ဆိုလိုသည်။ ထိုအသားတင်တန်ဖိုး ထဲ၌ သင်၏ မိဘများက စုဆောင်းခဲ့သည့် အရာများ ပါဝင်သည်။ သို့သော် ထိုအချိန်ကာလ၌ ဖြစ်ပေါ်သည့် ငွေစက္ကူဟူ၍ ထူထူခြားခြား ပါဝင်ခြင်း မရှိပေ။ သင့်မှာရှိသည့် အရာမှာ အတိတ်၌ ဖြစ်ခဲ့သည့် အရာများအားလုံး၏ ဒြပ်မဲ့သဘောကိုသာ ပိုင်ဆိုင်သည်။ ငွေကိုယ်၌ကပင် အတိတ်နှင့် ပတ်သက်သည့် အရည်အချင်း မရှိ၊ ငွေသည် ပစ္စုပ္ပန်ကာလသာ ဖြစ်သည်။ ထိုအတူပင် အနာဂတ်နှင့် လည်း မသက်ဆိုင်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်က ဘောဂဗေဒ ပညာရှင်များ သည် အနာဂတ်မှ ချေးယူ၍ မရကြောင်း နာ လည် သဘောပေါက် လာကြသည်။ အစိုးရများ ကို အများ အား ဖြင့် အနာဂတ် မျိုး ဆက်သစ်များ မှ ချေး ယူသည်ဟု စွပ်စွဲကြသည်။ စစ်အသုံးစရိတ်များ အများ အပြား ကုန်ကျသည့်အတွက် ပစ္စုပ္ပန် လူသား များ သာမက နောင်လာနောက်သား များ ၊ အနာဂတ် မျိုး ဆက်သစ်များ ကပါ ကြွေး ဆပ်ရမည်ဟု စွပ်စွဲကြသည်။ ယခုအခါ၌ ဘောဂဗေဒ ပညာရှင်များ က အနာဂတ်မှ ချေး ယူနိုင်သည့် နည်း လမ်း မရှိကြောင်း ရှင် ရှင် လင် လင် ဆွေးနွေး လာကြသည်။ ယခု ရှိနေသည့် ဥစ္စာဓနများ သည် လုပ်အား စွမ်း အား များ ၊ လက်နက်ကိရိယာများ နှင့် သယံဇာတများ ကို စုပေါင်း ရာမှ ရရှိနိုင်သည့် အရာများ သာ ဖြစ်သည်။ အနာဂတ် လူသား များ ၊ စွမ်း အား စုများ ကို ပစ္စုပ္ပန်တွင် အသုံး ပြုရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ငွေသည် အနာဂတ် မရှိသည့် အိမ်မက်တစ်ခုနှင့် တူသည်ဟု ဆိုရခြင်း ဖြစ်သည်။

ငွေသည် လှုပ်ရှား မှုများ ဖြင့် ဆက်နွှယ်နေသည့်။ ကျွန်ုပ်တို့သည် အရာဝတ္ထုများ ကို ဖလှယ်ကြသည်။ ကျွန်ုပ်တို့ လိုချင်သည့် အရာတစ်ခုကို အခြား အရာတစ်ခုနှင့် လဲလှယ်ကြရသည်။ နှစ်ဦး နှစ်ဖက် သဘောတူထား သည့် ဈေး နှုန်း အတိုင်း ပေ ကြ ယူကြရသည်။ ကြွေး ဆိုသည်မှာလည်း အမှန်စင်စစ် ကြွေး မဟုတ်ပေ။ ငွေသာ စီ ဆင်း မှု တစ်ခုသာ ဖြစ်သည်။ မြစ်ဈ ထံမှ မြစ်ရှင်ထံသို့ စီ ဆင်း မှုတစ်ခုသာ ဖြစ်သည်။ အိပ်မက်ထဲမှာ စတိုဆိုင်ကို မသွား နဲ့ဟု ပြောလို့ မရသလို ငွေကို ဟိုမသွား နဲ့ ဒီမသွား နဲ့ဟု ပြောလို့ မရပေ။ ငွေသည် ထိုနေရာ၌ပင် ရောက်နေပေသည်။ အလာ တူပင် မည်သည့်အရာကမျှ ဖလှယ်မှုတန်ဖိုး လုံး ဝ မရှိဟု ပြော၍ မရပေ။ အရာရာ တိုင်း ၌ ဖလှယ်မှု တန်ဖိုး များ ရှိကြသည်။ တစ်နေရာရာ၌ ရှိနေသည့် တစ်ယောက်ယောက်က ဈေး ပေါပေါဖြင့် လိုက်ချင်တတ်ကြသည်သာ ဖြစ်သည်။ ကျွန်တော် လက်နှိပ်စက်ရိုက်နေသည့် စာ ပွဲသည် ပင်ကိုအား ဖြင့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တန်ဖိုး မရှိသော်လည်း ဖလှယ်မှုတန်ဖိုး ကတော့ ရှိနေသည်။ တန်ဖိုး ပျောက်သွား တော့မည်ဟု ပြောရုံမျှဖြင့် စာ ပွဲ၏ တန်ဖိုး ကို ပျောက်သွား အောင် လုပ်၍ မရပေ။ အခြား တစ်ဖက်၌ ထိုဖလှယ်မှုတန်ဖိုး မှာ ဖလှယ်သည့် အချိန်၌သာ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ဖလှယ်မှု မတိုင်မီ၌ သော်လည်း ကောင်း ၊ ဖလှယ်မှု အပြီး ၌ သော်လည်း ကောင်း ဖြစ်ပေါ်ခြင်း မဟုတ်ပေ။ ဖလှယ်မှု ပြုလုပ်သည့် ပစ္စုပ္ပန် အချိန်တည့်တည့်၌သာ အိပ်မက်တစ်ခုလို တည်ရှိနေခြင်း ဖြစ်သည်။

အချို့သူများ က အချို့အရာဝတ္ထုများ သည် အလကား ရသည့် ပစ္စည်း များ ဟု ထင်နေကြသည်။ ဈေး နှုန်း မရှိဟု ထင်နေကြသည်။ အမှန်စင်စစ်ကား အလကား ရသည့် ပစ္စည်း ၊ ဈေး နှုန်း မရှိသည့် ပစ္စည်း ဟူ၍ မရှိပေ။ ယခင်က ဆိုလျှင် လေနှင့် ပင်လယ်သမုဒ္ဒရာတို့ကို အလကား ရသည့် အခမဲ့ ကုန်စည် များ ဟု သဘောထား ခဲ့ကြသည်။ ယခုအခါ၌ မသန့်ရှင်း သည့် လေကြောင့် ဖြစ်ပေါ်သည့် အဆုတ်ကင်ဆာရောဂါများ ကုသရန်အတွက် စရိတ်စကများ ကုန်ကျခံနေရသည်။ မော်တော်ယာဉ်များ ကြောင့် ဖြစ်ပေါ်သည့် လေထု ညစ်ညမ်း မှုများ ကို ထိန်း ချုပ်ရန် ကြိုး စား နေကြသည်။ အခြား နည်း အား ဖြင့် လည်း စရိတ်စကများ ကုန်ကျခံနေရသည်။ ထိုအချက်ကို ကြည့်လျှင် လေ သည် အခမဲ့ မဟုတ်ကြောင်း တွေ့ရသည်။ ပင်လယ်သမုဒ္ဒရာကို အခမဲ့ ရသည့် အရာတစ်ခုလို သဘောထား ပြီး ဆက်ဆံသည့်အတွက် ပင်လယ် ကမ်းခြေများ သန့်ရှင်း ရန်၊ ငါး များ သန့်သန့်ရှင်း ရှင် နေနိုင်ရန်အတွက် စရိတ်စက ကြိုး စွာ ပေး နေကြရသည်။

မည်သည့် အရပ်ဒေသ၌ ကြည့်ကြည့်၊ ငွေသည် အိပ်မက်တစ်ခုနှင့် တူသည်။ လူရှိသည့် နေရာတိုင်း ၌ ဈေး နှုန်း များ ၊ အရင်း အနှီး များ ၊ လက္ကား များ ၊ လက်လီများ ၊ အတိုး နှုန်း များ ၊ အမြတ်များ ၊ အခွန်များ ၊ ငွေသား များ ၊ ပေး ရန်ရှိ ရရန်ရှိများ ၊ ငွေဖောင်း ပွမှုများ ၊ ငွေတန်ဖိုး ကျမှုများ နှင့် ရင်ဆိုင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကြရသည်။ မည်သည့်အရပ်ဒေသ၌ ဖြစ်စေ၊ လူသာ တို့ ဘာသာစကာ သုံး စွဲတတ်ကြသလို ငွေကြေ ကိုလည်း သုံး စွဲတတ်ကြသည်။ ဥပမာ ငွေဖောင်ပွမှု ဟူသော စကာ ကို ကြည့်လျှင် မည်မျှ အိပ်မက်ဆန်ကြောင်း တွေ့ရမည်။ မိုင် ၂၀၀၀ ခန့် အဝေ ၌ ရှိသည့် ကျွန်တော်၏ အစို ရက အခွန်အကောက် ထက် ပို၍ သုံး လိုက်သည့်အခါ ကျွန်တော့် အိတ်ထောင်ထဲ၌ ရှိသည့်ငွေသည် တန်ဖို အာ ဖြင့် လျော့သွာ သည်။ ယခုအခါ ဘယ်အရာကို မဆို ဝယ်ယူရန် အတွက် ငွေ ပို၍ အကုန်အကျ ခံရမည်။ မည်မျှ အိပ်မက်ဆန်လိုက်ပါသနည် ။

အိပ်မက်တစ်ခုနောက်ကို လိုက်လျှင် နောက်ဆုံ လက်ထဲ၌ဘာမျှမရှိသော လက်သီ ကိုဆုပ်၍ အော်ဟစ်နေသူနှင့် တူနေသည်။ထို့အတူပင်ဘဝတစ်လျှောက်လုံ ငွေရရန်ကြို စာ အာ ထုတ်သူမျာ သည်လည် အလာ တူပင် စခန် သိမ် တတ်ကြသည်။ အမှန်တကယ် မရှိသည့် အရာတစ်ခုကို ရှာဖွေခြင် ဖြင့် ဟာလာဟင် လင် အဆုံ သတ်တတ်ကြသည်။ အဆုံ ၌ သူသည် သူ့ဘဝကို စတင်ခဲ့သည့်သူ၊ မူလက ဖြစ်ချစ်ခဲ့သည့်သူ မဖြစ်တော့ပေ။ အချို့သူမျာ သည် ငွေအမျာ ကြီ ရရန် ရည်မှန် ချက်မျာ ထာ ကာ ကြို စာ အာ ထုတ်ပြီ စိတ်ဝင်စာ စရာကောင် သည့် ဘဝ၌ အဆုံ သတ်သည့် သူတစ်ယောက်ကို ပြကောင် ပြမည်။ သို့သော် ကျွန်တော်၏ အတွေ့အကြုံမှာ **ငွေအမျာ ကြီ ရရန် ကြို စာ အာ ထုတ်သူမျာ သည် ငွေအမျာ ကြီ ရလာသည့်အခါ ထိုငွေမျာ က ဘာမျှ လုပ်၍ မရကြောင် နာ လည်သဘောပေါက်သွာ ကြသည်။ သို့မဟုတ် ထိုငွေမျာ ရရှိလာသည့်အခါ သူတို့ အမျာ ကြီ ပြောင် လဲသွာ သဖြင့် ယခင်က သူတို့ဖြစ်ချင်သည့် အရာမျာ ကို မလိုချင်တော့သည့်သူမျာ ဖြစ်လာကြသည်။**

ကျွန်တော်၏ အရင် နှီ ဆုံ မိတ်ဆွေတစ်ယောက်၏ အတွေ့အကြုံကို ပြောပြပါမည်။ ကျွန်တော်နှင့် **မယ်လီဆာ** သိခဲ့သည်မှာ ၁၁ နှစ်မျှ ရှိပြီ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပထမဆုံ သူ၏ ပန် းချီအရောင် ပြခန် ကို ဖွင့်လှစ်ကတည် ကပင် သိခဲ့ခြင် ဖြစ်သည်။ ထိုပြခန် မှာ အလွန်ထူ ခြာ သည့် ပြခန် တစ်ခု ဖြစ်သည်။ သူမ သည်လည် ပထမတန် စာ ပန် းချီဆရာတစ်ယောက် ဖြစ်သည်။ သူမသည် ပျော်ရွှင်သည့်၊ ထက်မြက်သည့်၊ နွေ နွေ ထွေ ထွေ ရှိသည့်သူဖြစ်ပြီ အများ ၏ ချစ်ခင်လေ စာ ခြင် ကိုလည် ခံရသည်။ မိတ်ဆွေများ ၏ အဝန် အဝိုင် တွင် နှစ်လိုခံရသူဖြစ်သည်။ ပန် းချီပြခန် အကြောင် ကို လေ့လာရင် ဖြင့် သူမ သည် အနုပညာ ပန် းချီဆွဲရာ၌ သာမက အရောင် လုပ်ငန် တွင်လည် ကျွမ် ကျင်ကြောင် ကိုယ့်ကိုယ်ကို နာ လည်သိရှိလာသည်။ ပန် းချီပြခန် ကြီ တဖြည် ဖြည် ကြီ ကျယ်ချဲ့ထွင်လာသည်နှင့်အမျှ မူလက အသင့်အတင့် ပြခန် တစ်ခုအတွက် ငွေကြေ အတန်အသင့်ရလျှင် တော်ပါပြီဟူသောဆန္ဒ မီ ပွာ ကလေ သည် ဧရာမ စီ ပွာ ရေ လုပ်ငန် ကြီ တစ်ခု ဖြစ်ချင်သည့် မီ တောက်ကြီ တစ်ခုအဖြစ်သို့ လောဘတက်လာခဲ့သည်။ ယခုအခါ၌ သူမသည် ငွေအမြောက်အမြာ ရနေပြီ သူမ၏ ပန် းချီပြခန် အပြင် စီ ပွာ ရေ လုပ်ငန် များ တို ချဲ့လာသည့်အခါ မူလကနှင့် မတူတော့ပေ။ သူမနှင့် ပေါင် သင် ဆက်ဆံရသည်မှာ အဆင်ပြေခြင် မရှိတော့ပေ။ တောက်ပပြောင် လက်သော ကာ အကြောင် ၊ ကျေ လက်ဒေသတွင် ဝယ်ထာ သော အိမ် အကြောင် ၊ နိုင်ငံခြာ ခရီ ထွက်သည့်အကြောင် ၊ သူမ၏ စီ ပွာ ရေ လုပ်ငန် ဘယ်လောက် ကောင် မွန်သည့် အကြောင် များ ကိုသာ ပြောတော့သည်။ ယခင်ကလို ရွှင်ပျသော အမျို သမီ တစ်ယောက်လည် မဟုတ်။ မိတ်ဆွေ အများ ကြီ ဝန် ရံနေသူလည် မဟုတ်တော့။ မိတ်ဆွေ အနည် ငယ်သာ ရှိတော့သည်။ သူမ၏ စိတ်ပါဝင်စာ မှုမှာလည် ကျယ်ပြန့်ခြင် မရှိတော့ဘဲ စီ ပွာ ရေ လုပ်ငန် လောက်သာ စိတ်ဝင်စာ တော့သည်။ ပို၍ဆို သည်မှာ ယခုအခါ ပန် းချီကာ လည် မရေ နိုင်။ ငွေရရန်အတွက်သာ အချိန်အများ ကြီ ပေ နေရသည်။ မကြာသေ မီက သူမနှင့် ခဏ ဆက်ဆံရသည့်အခါ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သူမသည် အထီး ကျန်သူတစ်ယောက် ဖြစ်လာကြောင်း တွေ့ရသည်။ သူမ၏ ဝန်ထမ်း များ အပေါ်၌လည်း အာဏာရှင်ဆန်ဆန် ပြုမူဆက်ဆံပြီး ပေါင်း ရ သင်း ရ ခက်ခဲသောသူဖြစ်နေကြောင်း တွေ့ရသည်။

အခြား ဥပမာပေး ထိုက်သည့် သူတစ်ယောက်မှာ **ဂျူရီ** ဖြစ်သည်။ ဂျူရီသည် အလုပ်ကြိုး စား သော အမျိုး သမီး တစ်ဦး ဖြစ်သည်။

သူမသည် အလယ်အလတ်တန်း လွှာထက် မြင့်သည့် အဆင့်အတန်းမှ ဆင်း သက်လာသည့် တူတစ်ယောက် ဖြစ်သည်။ သူမ၏ ဘဝ၌ ကြွယ်ဝ ချမ်း သာသည့် သူတစ်ယောက် ဖြစ်ရမည်ဟု ဆုံး ဖြတ်ချက် ချခဲ့သည်။ တိတိကျကျ ပြောရလျှင် ကြွယ်ဝချမ်း သာသည့် ချစ်သူတစ်ယောက် ရှိရမည်ဟု ဆုံး ဖြတ်ချက် ချခဲ့သည်။ ချမ်း သာသည့် လူတစ်ယောက်ကို တွေ့လည်း တွေ့သည်။ ယခုအခါ၌ ထိုချစ်သူနှင့် ကမ္ဘာအနှံ့တွင် အိမ် အများ အပြား ကို ပိုင်ဆိုင်ပြီး ပွဲလမ်း သဘင်တိုင်း အတွက် အဝတ်အစား အသစ်အဆန်း များကိုလည်း ဝယ်နိုင်သည်။ နောက်ဆုံး ပေါ် အသုံး အဆောင်များ ကိုလည်း သုံး ဆောင်ခံစား နိုင်သည်။ သို့သော် ကျွန်တော်တို့နှင့် သူမ ပေါင်း သင်း ဆက်ဆံရ သည်မှာ ခက်ခဲလာသည်။ သူမမှာ စား ပွဲထိုး များ ၊ အိမ်ဖော်များ ၊ ဥစ္စာစနစ်နှင့် ပတ်သက်သည့် ပြဿနာများ အကြောင်း မှလွဲ၍ ဘာမျှ သိပုံမရ။ သူမ လက်ထပ်နေထိုင်သည့် သူ့ကိုလည်း ချစ်ပုံ မရပေ။

ထိုအခြေအနေသို့ ရောက်နေသည့် လူတိုင်း သည် မပျော်မရွှင် ဖြစ်ရမည် ဟု ဆိုလိုခြင်း မရှိပေ။ ငွေကို ကို ကွယ်မှုကြောင့် သူတို့၏ ဘဝကြီး တစ်ခုလုံး ပြောင်း လဲသွား ပြီး ငွေနောက်ကိုသာ တန်း တန်း စွဲ လိုက်နေတတ်ကြသည်။

အိပ်မက်များ ၊ စိတ်ကူး များ နှင့်ပတ်သက်၍ ကောင်း သည့် အချက်များ လည်း ရှိပါသေး သည်။ အိပ်မက်တစ်ခု၊ စိတ်ကူး တစ်ခုကို အသိအမှတ်ပြုခြင်း အား ဖြင့် ဦး စား ပေး အစီအစဉ်များ ၊ ဖြစ်ချင်လိုချင်သည့် အရာများ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျယ်ပြန့်များ ပြား လာစေနိုင်သည်။ စိတ်ကူ တစ်ခုသည် သမာ ရိုး ကျ ထုံးတမ်း စဉ်လာအတိုင်း တွေး ပုံခေါ်ပုံကို ပြောင်း လဲစေနိုင်သည်။ လောလောဆယ် တန်ဖိုး ထား သည့် ပုံစံကိုလည်း ပြောင်း လဲနိုင်သည်။ ဥပမာ လူအများက ကျွန်တော့်ကို မြေတစ်ကွက်လောက် ပိုင်ချင်သည်ဟု ပြောတတ်ကြသည်။ ထိုမြေကွက်ကို ရပြီး နောက် လုပ်ငန်း များ မှ ကင်း ကင်း ကွာကွာနှင့် အေး အေးဆေး ဆေး နေနိုင်မည်ဟု မျှော်လင့်တတ်ကြသည်။ ကျွန်တော်က ထိုသူများ တစ်နှစ်အတွင်း မြေကွက်ရအောင် မည်သို့ လုပ်နိုင်ကြောင်း ပြသနိုင်သည်။ သို့သော် ထိုမြေကွက်ကို ရရှိရန်အတွက် သူတို့သည် အရာပေါင်း များ စွာကို စွန့်လွှတ် အနစ်နာ ခံရမည်။ သူတို့၏ စိတ်ကူ စိတ်သန်း များ ရရှိရန် ကြိုး စား အား ထုတ်ခြင်း အတွက် အကြံပြုခြင်း သည် သူတို့၏ ဦး စား ပေး အစီအစဉ်များ ၊ တန်ဖိုး ထား မှုများ ကို ပြန်လည်ဆန်း စစ်လိုက်ရာ ရောက်သွား သည်။ ၁၈ နှစ် အရွယ်ရှိ အမျိုး သမီး တစ်ယောက်က သူမ ပစ္စည်း အသစ်တစ်ခု လိုချင်ကြောင်း ပြောပြဖူး သည်။ ကျွန်တော်က သူမအား ထိုပစ္စည်း ကို ရချင်လျှင် တစ်နှစ်တာမျှ အဝတ်အစား အသစ် မဝယ်ဘဲ နေပါ။ တစ်ပတ်ကို ၃ နာရီလောက် အချိန်ပိုလုပ်ပါ။ သောကြာနေ့ ညနေပိုင်း များ ၌လည်း အလုပ်လုပ်ပါ ဟု ပြောပြလိုက်သည်။ ထိုကဲ့သို့ စိတ်ကူ ယဉ်မှုများ ကို ရရှိရေး အတွက် သူမ၏ ဦး စား ပေး အစီအစဉ်များ ကို ပြန်လည်နာ လည်အောင် ကြိုး စား အား ထုတ်သလို ဖြစ်သွား သည်။ အဝတ်အစား အသစ်တစ်ခုက သူမအတွက် ဘယ်လောက် အရေး ကြီး သည်ကို ပြန်လည်စဉ်း စား ဖို့ ဖြစ်လာခဲ့သည်။ တစ်လလျှင် ဒေါ်လာ ၂၀၀ ခန့် အကုန်ခံပြီး အခြား သူ သုံး ယောက်နှင့်အတူ ပေါင်း နေခြင်း ထက် ဒေါ်လာ ၈၀၀ တန် အခန်း တစ်ခန်း တွင် နေဖို့က ဘယ်လောက် အရေး ကြီး သည် ဆိုသည်ကိုလည်း ရပန်လည်ဆန်း စစ်ဖို့ ဖြစ်လာသည်။

ဖြစ်ရပ် အတော်များ များ ၌ ငွေရရှိနိုင်စွမ်း အပြောင်း အလဲ မရှိသော်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



လည်း လူတစ်ယောက်၏ ဉီ စာ ပေ အစီအစဉ်များ ကို ပြောင် လဲပစ်နိုင်သည်။ လူအများ အနေဖြင့် ဘာလုပ်ချင်သည်ကို သိကြသည်။ သို့သော် သူတို့အကြောင် ကို သူတို့ ကောင် ကောင် မသိကြ။ သူတို့ လောလောဆယ် လုပ်နေသည့် အရာများ ကို ဘာကြောင့် လုပ်နေသည်ကို နာ မလည်ကြ။ ဤနည် အာ ဖြင့် ကိုယ့်ကိုယ်ကို အမှန်အတိုင် မမြင်ဘဲ အထင်အမြင် လွဲမှာ နေတတ်ကြသည်။ ယခုကဲ့သို့ လူမျိုု ဖြစ်အောင် မည်သို့သော တန်ဖို ထာ မှုများ ကို လက်ခံထာ ကြကြောင် မသိကြပေ။ သူတို့ ရောက်ရှိနေသည့် နေရာကို ရောက်အောင် ပို့ဆောင်သည်မှာ ငွေ မဟုတ်ပေ။ သို့သော် ငွေကို အကြောင် ပြပြီ တရာ ခံ ရှာကြသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့မှာ ငွေကြေ ပြည့်ပြည့်စုံစုံ မရှိလျှင် ကျွန်တော်တို့ လုပ်ချင်သည့်ကိစ္စအတော်များ များ ကို မလုပ်နိုင်ဟု အများ အာ ဖြင့် နာ လည်သဘောပေါက်ထာ တတ်ကြ၍ ဖြစ်သည်။ **သို့ဖြစ်၍ ကိုယ်လုပ်ချင်သည့် အရာများ မလုပ်ရသည်မှာ ငွေကြောင့်ဟု အကြောင် ပြတတ်ကြသည်။ ထိုအကြောင် ပြချက်ကိုလည် အများ က လက်ခံယုံကြည်ကြသည်။ ဤနည် အာ ဖြင့် ငွေသည် အသုံ ဝင်သော၊ လူအများ နှစ်ခြိုက်သဘောကျသော တံလျှပ်တစ်ခု ဖြစ်လာသည်။** သို့သော် ကံဆို သည်မှာ အချို့ယဉ်ကျေ မှုဒ္ဓ ငွေမရှိ၍ ကိုယ်ဖြစ်ချင်သည့် အရာများ မဖြစ်ရသည် မဟုတ်ပေ။ ဉပမာ အစ္စရေ များ ကြောင့် ကိုယ်ဖြစ်ချင်သည့် အရာများ မဖြစ်ရဟု ဆိုသည့်သူများ ရှိကြသည်။ ဤနည် အာ ဖြင့် ဂျာမာန်များ ၊ ပိုလန် လူမျိုု များ အနေဖြင့် ဂျူ လူမျိုု များ မရှိမှ ဖြစ်မည်။ ဂျူ လူမျိုု များ ကို သတ်မှ ဖြစ်မည်ဟု ယူဆကြသည်။ ထိုအယူအဆနှင့် နှိုင် စာလျှင်မူ ကျွန်တော့်အနေဖြင့် ငွေကို တရာ ခံလုပ်ခြင် က ပိုကောင် သည်ဟု ထင်သည်။ ငွေတည် ဟူသော ဓာ စာခံကို သတ်ဖို့ ခက်သောကြောင့် ဖြစ်သည်။ အခြာ ဓာ စာခံများ ကိုမူ သတ်ပစ်နိုင်လေသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပဥ္စမနှင့် ဆဌမ ဥပဒေသများ ၏ နောက်ပိုင်း၌ ငွေကို ပေ ကမ်စွန့်ကြဲသည့်အကြောင်း နှင့် ပတ်သက်၍ ကျွန်တော်၏ အတွေ့အကြုံများ ကို ပြောပြပါမည်။ ထိုနေရာ၌ ငွေသည် အိပ်မက်ထဲက ကိစ္စတစ်ခုသာ ဖြစ်ကြောင်း အလေ အနက်ထား ပြောပါမည်။ ကျွန်တော်သည် အလှူငွေများ၊ ထောက်ပံ့ငွေများ ပေ သည့် အဖွဲ့အစည်း တစ်ခု၌ ဝင်ရောက် တာဝန်ထမ်းဆောင်ရသည်။ ထိုအဖွဲ့အစည်း ၏ ဘုတ်အဖွဲ့သည် ဘုတ်အဖွဲ့ဝင်များ အား ငွေထုတ်ပေ လိုက်ပြီ နောက် ထိုငွေက ကျွန်တော်တို့အတွက် ဘာလုပ်ပေသည်ကို လေ့လာဖော်ထုတ်နိုင်ရန်အတွက် အကန့်အသတ်မရှိ ငွေ သုံး စွဲနိုင်သည်ဟု ဆုံး ဖြတ်ချက်တစ်ခု ချထား သည်။ ကျွန်တော့် အတွေ့အကြုံမှာ ကျွန်တော် လုပ်ချင်သည့် အရာများ ကို ငွေမရှိ၍ မလုပ်ရဟူ၍ မည်သည့် အခါမျှ မရှိပေ။ ပို့င့် ဖောင်ဒေ ရှင်း မှ ရရှိသည့် ငွေများ ကို အသုံး ပြု၍ ကျွန်တော် လုပ်ချင်သည့် အလုပ်များ ကို မြန်မြန်ဆန်ဆန် ဖြစ်မြောက်သွားအောင် ဆောင်ရွက်နိုင်သည်။ အသေ အဖွဲ့များ ကို ဂရုစိုက်မနေဘဲ မြန်မြန်ဆန်ဆန် သွက်သွက်လက်လက် လှုပ်ရှား နိုင်သည်။ သို့သော် အသေ အဖွဲ့ ဆိုသည်မှာ ထိုအချိန်က မသိဘဲ လုပ်ပြီ သည့် အခါမှသာ ၎င်း တို့သည် အသေ အဖွဲ့များ၊ အရေး မပါသည့် အရာများ ဟူ၍ သဘောပေါက် နား လည်လာခြင်း ဖြစ်သည်။ ငွေကို အလွယ်တကူ ရရှိနိုင်သဖြင့် ကျွန်တော် စိတ်ကူး ယဉ်သည့် အရာများ ကို လက်တွေ့ဖြစ်အောင် လုပ်နိုင်သည်။ ကိုယ့်စိတ်ထဲမှာ အကျိတ်အခဲ ဖြစ်နေပြီ ထွက်ပေါက် မရှိသည့် အရာတစ်ခုကို ထွက်ပေါက်ရအောင် လုပ်နိုင်သည်။ ကိုယ်လုပ်ချင်သည့် အရာတစ်ခုကို လုပ်နိုင်ရန် ငွေ လုံလုံလောက်လောက် ရှိသော်လည်း အခြား မှ အထောက်အပံ့ ရသည့် အတွက် မြန်မြန်ဆန်ဆန် ဖြစ်သွား တတ်ခြင်း လည်း ရှိသည်။ ကိုယ့်ငွေနှင့် ကိုယ်လုပ်လျှင် ဖြစ်သော်လည်း မလုပ်ဖြစ်ဘဲ ရှိနေတတ်သည်။ ငွေကြေး ကို အလွယ်တကူ ရရှိနိုင်ပြီ ကိုယ်လုပ်ချင်သည့် အရာများ ကို လုပ်နိုင်သဖြင့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျွန်တော်၏ စိမံကိန်း များ ၊ အစီအစဉ်များ ကို ပြောင်း လဲအောင် မလုပ်နိုင်၊ ကျွန်တော်၏ လက်တွေ့ အခြေအနေ အမှန်တရား ကိုလည်း သိသိသာသာ ပြောင်း လဲအောင် မလုပ်နိုင်။ ပုဂ္ဂလိက ရည်မှန်း ချက်များ ကို ချမှတ်ရာ၌ ငွေသည် အဓိက မကျကြောင်း သဘောပေါက်နား လည်ရန်သာ အထောက် အကူ ဖြစ်နိုင်သည်။ အလား တူပင် မိမိပတ်ဝန်း ကျင်ရှိ ကမ္ဘာကြီး ကို အကဲ ဖြတ်ရာ၌လည်း ငွေသည် အဓိက မကျကြောင်း နား လည်သဘောပေါက် ရန်သာ ဖြစ်သည်။ မည်သည့် ရည်ရွယ်ချက်အတွက်မဆို ငွေ အဆင်သင့် ရှိနေခြင်း အား ဖြင့် အချူ့သော ပင့်ကူအိမ်များ ကို ဖယ်ရှင်း ရန်အတွက် အထောက်အကူ ဖြစ်သည်။ အမှန်စင်စစ် ထိုကဲ့သို့သော အခက်အခဲများ ၊ အနှောင့်အယှက်များ ၊ အဟန့်အတား များ ကို ဖယ်ရှား ရန်မှာ ငွေအများ ကြီး ကုန်ကျစရာ မလိုပေ။ အတိတ်က ကျွန်တော်၏ ငွေစုဘဏ်၌ ရှိနေသည့် ငွေအား လုံး ကိုလည်း သုံး စွဲစရာ မလိုပေ။

စိတ်ကူ စိတ်သန်း တစ်ခုကို ရအောင် ကြိုး စား အား ထုတ်ရင်း သင်ခန်း စာတစ်ခု ရသည်။ နေ့စဉ် လုပ်ရှား ဆောင်ရွက်မှုများ ၌ စွန့်စား မှု ရှိရန် မည်မျှ အရေး ကြီး ကြောင်း ကို သင်ခန်း စာ ရခဲ့သည်။ ***စွန့်စား မှု မရှိလျှင် ဘဝသည် အလွန် ပျင်း ရိစရာ ကောင်း သည်။*** ကိုယ်ဖြစ်ချင်သည့် အရာတစ်ခု ဖြစ်အောင် ကြိုး စား အား ထုတ်ခြင်း ဖြင့် အခြား သော အနုပညာရှင်များ ၊ စိတ်ကူ ရှိသည့် သူများ နှင့်လည်း ပေါင်း စည်း မိသည်။ အကြံသစ်၊ ဉာဏ်သစ် များ ကိုလည်း ဖြစ်ပေါ်လာစေသည်။ မိမိကိုယ်၊ မိမိအကြောင်း ကိုလည်း နား လည်သည်ထက် ပို၍ နား လည်လာစေသည်။ ပွင့်ဖောင်ဒေ ရှင်း အဖွဲ့ ထဲသို့ ဝင်ရောက်မိခြင်း အား ဖြင့် ငွေအိပ်မက်မှ နိုး လာသလို ဖြစ်သွား သည်။ အိပ်မက်မှ နိုး ရန်အတွက် အိပ်မက်နှင့် အမှန်တရား တို့၏ အကြား ခြား နား မှုကို အသိအမှတ်ပြုရန်သာ လိုသည်။ အကယ်၍ လူတိုင်း လူတိုင်း သည် ဒေါ်လာ တစ်သန်း ခန့် ရှိလျှင် ကောင်း မည်ဆိုသော စိတ်ကူ ယဉ်မှုမျိုး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရှိနေလျှင် လုံ ၀ ခြာ နာ သည့် ကမ္ဘာကြီး တစ်ခုကို တွေ့ကြုံရမည်။ ကျွန်တော်တို့၏ ဘ၀များ ပြောင်း လဲသွား သည်ကို တွေ့ရမည်။

နောက်တစ်ကြိမ် ဘဏ်ထဲသို့ သင် ဝင်သွား သည့်အခါ မည်သည့်ဘဏ် ဖြစ်စေ၊ ကိုယ်နှင့် သိပြီး သာ ဘဏ် ဖြစ်စေ၊ မသိသောဘဏ် ဖြစ်စေ ဧည့်ခန်း ၏ အလယ်တည့်တည့်ကို သွား ပါ။ လက်တွေကို ဘေး မှာ ချထား ပါ။ ဝဲ ယာ လှည့်သည့်အခါ ဖြည်း ဖြည်း လှည့်ပါ။ အရာရာကို လိုက်ကြည့်ပါ။ ဘယ်လိုနေသလဲ။ သင့်အနေဖြင့် ခရစ်ယာန်ကျောင်း တော်ထဲ ရောက်နေသလို မခံစား ရဘူး လား ။ ဘဏ်တစ်ခုဆိုသည်မှာ ယနေ့ခေတ် အထွတ်အမြတ်ထား သည့် နေရာတစ်ခုပင် ဖြစ်သည်။ ဤနည်း အား ဖြင့် ယဉ်ကျေး မှုအစဉ်အဆက်အရ လက်ခံလာသည့် တုံ့ပြန်မှုများ ကို ဖြစ်ပေါ်စေသည်။ ကျွန်တော်၏ အတွေ့အကြုံ သုံး ခုကို ပြောပြပါမည်။

ပထမဦး စွာ ကျွန်တော်သည် ဘဏ်လုပ်ငန်း ရှင် တစ်ယောက်အနေဖြင့် ဘဏ်ရုံး ခွဲများ သို့ သွား ရသည်။ တစ်ခါတစ်ရံ၌ ထိုသို့ ဘဏ်ရုံး ခွဲသို့ သွား ရသည့် အခါများ ၌ ကျွန်တော်၏ မိတ်ဆွေများ ကိုပါ ခေါ်သွား သည်ထိုသို့ သွား သည့်အခါ ကျွန်တော်က ငွေကိုင်စာရေး ထံသို့ တံခါး မင်း တုပ်လေ ကို အသာ မ ၍ ဖွင့်ပြီး တန်း သွား သည်။ အံ့သြစရာ ကောင်း သည်မှာ ငွေကိုင်စာရေး ထံသို့ သွား သည့်လမ်း ကြောင်း မှာ ခက်ခက်ခဲခဲ ပိတ်ဆို့ထားခြင်း မဟုတ်ပေ။ ကန့်လန့်လေ ၊ မင်း တုပ်လေ တစ်ခုလောက်နှင့် တား ဆီးကာ လုံခြုံစိတ်ချရသည်ဟု ထင်နေကြခြင်း ဖြစ်သည်။ ထိုအတား အဆီး ကို ကျော်ဖြတ်ပြီး လျှင် ကိုယ်သွား လိုရာသို့ အရောက်သွား နိုင်သည်။ သို့သော် ကျွန်တော် ခေါ်လာသည့် ဧည့်သည်များ မှာ ငွေကိုင်စာရေး ၏ နောက်ပိုင်း သို့ မသွား ရဲကြ။ ထိုနေရာသည် ရှောင်ရမည့် နေရာတစ်ခု ဖြစ်နေသည်။ သူတို့သည် လူတစ်ကိုယ်လုံး ဝင်ဖို့ နေနေသာသာ ခြေဖျား ပင် မဝင်ရဲကြပေ။

ဒုတိယအနေဖြင့် ဧည့်ခန်း ထဲ၌ ကြော်ငြာများ ၊ အရောင် တို မြင့်ရေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အစီအစဉ်များ ချထား ခြင်း သည် ဝင်ရောက်လာသူတို့၏ အာရုံများ ကို ဆွဲဆောင်နိုင်ခြင်း မရှိပေ။ ပန်းချီကား များ ကို ပြသထား လျှင်လည်း လူကြိုက်သိပ်မများ ပေ။ အကယ်၍ ငွေချေ သူအရာရှိ စာ ပွဲအနီး ၌ ချိတ်ထား လျှင် ထိုအနီး အနား ရှိ ပုဂ္ဂိုလ်များ က တစေ့တစောင်း ကြည့်မိတတ်သည်။ ရုပ်သံအစီအစဉ်များ ကို ပြသထား လျှင်ပင် အာရုံစိုက် ခံရမည် မဟုတ်ပေ။ အကယ်၍ ပြတင်း ပေါက်တစ်ခု၌ ရုပ်မြင်သံကြား စက်ကို ချထား ပြီး အပြင်မှလူများ ကြည့်နိုင်လျှင် သော်လည်း ကောင်း သို့မဟုတ် ဘဏ်ထဲ၌ ငွေသွင်း ငွေထုတ် လုပ်နေသည့် သူများ နှင့် ဝေ ရာ၌ ချထား လျှင် သော်လည်း ကောင်း ကြည့်ကောင်း ကြည့်ကြမည်။

တတိယနှင့် နောက်ဆုံး အနေဖြင့် လူမှုရေး သိပ္ပံပညာရှင် တစ်ယောက်ဖြစ်သော **ဂျိမ် ဘရာသာ**က ကျွန်တော်နှင့် စီမံကိန်း တစ်ခုအတွက် အလုပ်လုပ်စဉ်က အကြောင်း ကို ပြောပြခဲ့ဖူး သည်။ ထိုစဉ်က သူမသည် သုံး လခန့် ငွေကိုင်စာရေး အဖြစ် အလုပ်လုပ်ခဲ့သည်။ သူမ သတိပြုမိသည်မှာ ၁၂ ပေ ဝင်ပေါက်မှ ဝင်လာသည့် ၉၅ ရာခိုင်နှုန်း သော ဖောက်သည်များ တို့သည် တစ်နည်း မဟုတ် တစ်နည်း ဖြင့် သူတို့ ဘဏ်သို့ ရောက်နေရသည်မှာ အကြောင်း ရှိကြောင်း ပြသဖို့ ကြိုးစား တတ်ကြသည်။ ဥပမာ အိတ်ထဲက ဖောင်တိန်ကို ဆွဲထုတ်ချင် ထုတ်ကြမည်။ အိတ်ထဲက ပိုက်ဆံအိတ်ကို လိုက်ရှာလျှင် ရှာကြမည်။ ထိုသို့ တန် စီ စောင့်ဆိုင်း နေသည့် အခါ၌လည်း လူအများ သည် ရှေ့တည့်တည့်မှ လွဲ၍ ဘေး သို့ မကြည့်တတ်ကြပေ။ ဘဏ်တစ်ခုထဲသို့ ရောက်နေကြသဖြင့် ကိုယ့်ကိုယ်ကို အပြစ်ရှိသလို ခံစား နေကြရပုံရသည်။

မှန်ပါသည်။ ဘဏ်ဆိုသည်မှာ ထူ ဆန်း သည့် အရာတစ်ခုဖြစ်သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အခန်း [ ၄ ]

## စတုတ္ထ ဥပဒေသ

## ငွေသည် ကြောက်စရာ ကောင်း သည်

***ရာဇဝတ်မှုများ အာ လုံ ၏ ၉၀ ရာခိုင်နှုန် သည် ငွေကြောင့် ဖြစ်သည်။***

ထောင်ထဲ ရောက်နေသည့် လူများ ၏ ၈၀ ရာခိုင်နှုန် မှာ ငွေနှင့် ဆက်နွယ် သော ပြစ်မှုများ ကြောင့် ထောင်ကျရခြင် ဖြစ်သည်။ ရာဇဝတ်မှုများ အာ လုံ ၏ ၈၀ ရာခိုင်နှုန် သည် လုယက်မှု၊ အတုလုပ်မှု၊ ခို မှုများ နှင့် ပတ်သက် သည်။ အကယ်၍သာ ငွေအတွက် ဖြစ်ရသော လူသတ်မှုများ ၊ မိသာ စု အချင် ချင် သတ်မှုများ ၊ ခို မှုများ ကိုပါ ထပ်ပေါင် လိုက်လျှင် ရာခိုင်နှုန် မှာ ယခုထက် ပို၍ များ သွာ နိုင်သည်။ လူ အတော်များ များ ထောင်ကျရသည့် အကြောင် ရင် မှာ ငွေကြောင့် ဖြစ်သည်။

သူတို့သည် ငွေကို လိုချင်တပ်မက်မှုအင်အာ ကြီ မာ သလောက် တစ်ဖက်က ဝင်ငွေကို ရရှိအောင် ဆောင်ရွက် နိုင်စွမ် နည် ပါ နေကြသည်။ ထို ကွာဟချက် ကြီ မာ ခြင် ကြောင့်ပင် သူတို့ ထောင်ထဲသို့ ရောက်ကြရခြင် ဖြစ်သည်။ ငွေကို အလွန် လိုချင်တပ်မက်လွန် အာ ကြီ သဖြင့် အခြာ သူ များ ထက် အန္တရာယ်ကို ရင်ဆိုင်လိုကြပြီ ရာဇဝတ်မှုများ ကို ကျူ လွန်တတ် ကြခြင် ဖြစ်သည်။ ဘဏ်ဖောက်ထွင် မှုကြောင့် ထောင်ကျသည့်သူများ ၊ စတို ဆိုင်မှ လုယက်လာသူများ သည် ငွေက သူတို့အတွက် အစစ အရာရာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဖြည့်ဆည်း ပေ နိုင်မည်ဟု ထင်ကြသူများ ဖြစ်သည်။ ဆာလောင် မွတ်သိပ် ရုံသက်သက်ဖြင့် ဘဏ် ဖောက်ထွင်း သူများ ၊ စတို ဆိုင်ကို လုယက်သူများ ကို ကျွန်တော် နား မလည်ပေ။ ကျွန်တော်နှင့် ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက် များ ဆိုလျှင် အခြား သူများ ကို ခြိမ်း ခြောက်ခြင်း ၊ ဒုက္ခပေး ခြင်း ၊ အန္တရာယ် ပေး ခြင်း မပြုဘဲနှင့် မွတ်သိပ်မှုဒဏ်ကို အချိန် တော်တော်ကြာအောင် ခံနိုင် ခဲ့ကြဖူး သည်။ ကမ္ဘာပေါ်ရှိ လူတော်တော်များ များ သည် ထောင်ထဲ ရောက် နေသည့် အမေရိကန် အများ စုထက် အလွန်တရာမှ နိမ့်ကျသည့် အစား အစာ၊ အဝတ်အထည်၊ အနေအထိုင်၊ အသုံး အဆောင်များ ကိုသာ ရယူသုံး စွဲ နိုင်ကြသည်။ သို့ဖြစ်၍ ရာဇဝတ်သား တစ်ယောက် အနေဖြင့် သူလိုအပ်သည့် စား စရာ၊ ဝတ်စရာ၊ နေစရာ အဆင့်တစ်ခုကို ရရန်အတွက် ခိုး ယူခြင်း ၊ လုယက်ခြင်း တို့ လုပ်ထိုက်သည်ဟု ကျွန်တော်တော့ မယုံကြည်ပါ။ သူ့ဘဝကို သူ ဆက်လက် အသက်မွေး ရန်အတွက် ခိုး ယူရပါသည် ဆိုသည့် အပြော မျိုး မှာ လက်တွေ့နှင့် မနီး စပ်လှပါ။ ထောင်ထဲ၌ ရောက်နေသည့်သူ အတော် များ များ အတွက် ဆိုလျှင် ငွေသည် အလွန် ကြောက်စရာဖြစ်ကြောင်း သိသိ သာသာ ထင်ထင်ရှား ရှား ပြသနေပါသည်။

အိမ်ထောင် အတော်များ များ ပြိုကွဲကြ၊ ပျက်စီး ကြခြင်း မှာလည် ငွေကြောင့် ဖြစ်ရခြင်း ဖြစ်သည်။ အချို့ အိမ်ထောင်ရေ များ သည် ငွေကို အခြေခံ၍ ထူထောင်ကြသော အိမ်ထောင်များ ဖြစ်သဖြင့် ငွေရေး ကြေး ရေး အဆင်မပြေသည်နှင့်ပင် ကွဲကြပြဲကြ ရတော့သည်။ ငွေကို အခြေခံ၍ ထူ ထောင်ကြသော၊ ပြိုကွဲရသော အိမ်ထောင်များ အကြောင်း ကို ရှေ့နေများ က ပို၍ သိကြသည်။ မိသား စုများ ၊ အိမ်ထောင်များ သည် ငွေပမာဏ တစ်ခုခု၏ တစ်စိတ်တစ်ဒေသကို ရအောင် ကြိုး ပမ်း ခြင်း များ ဖြင့် ပျက်စီး သွား တတ်ကြ ကြောင်း သား သမီး များ က သိရှိနား လည် တတ်ကြသည်။

စာရေ ဆရာကြီး မတ်တွိန် က ငတ်နေသည့် ခွေး တစ်ကောင်ကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ချမ်းသာအောင် လုပ်ပေးလျှင် သူက ပြန်ကိုက်မည် မဟုတ်။ ဤသည်မှာ လူနှင့်ခွေး၏ ခြားနားချက် ဖြစ်သည်ဟု ဆိုခဲ့ဖူးသည်။ ကျွန်တော်၏ အတွင်းရေးမှူး ဖြစ်သော ဘာဘရာက ထိုကဲ့သို့ ပြောသည်ကို မကြိုက်။ ငွေသည် ကြောက်စရာကောင်းသည် ဆိုသည်ကိုလည်း သူက လက်မခံ။ ဤသို့ ကြောက်စရာကောင်းသည်ကို ဖော်ပြရာ၌ အကျဉ်းသားများ အကြောင်း ပြောပြသည်ကိုလည်း သဘောမကျ။ အဘယ်ကြောင့်ဆိုသော် သူမ ကိုယ်တိုင်ပင် ထောင်ထဲ၌ နှစ်များစွာ နေထိုင်ခဲ့ရသောကြောင့် ဖြစ်သည်။ သူမ အသက် ၁၆ နှစ်မှ ၂၄ နှစ်အတွင်း ထောင်ထဲ၌ ခုနစ်နှစ်ကြာ နေခဲ့ရသည်။ ထိုအချိန်က သူမသည် ဆန့်ကျင်တတ်သောကြောင့် ထောင်ထဲသို့ ရောက်နေရခြင်း ဖြစ်သည်။ ယနေ့ အသက် ၄၀ ကျော်လာသည့်အခါ ကျွန်တော် သိသမျှ ငွေရေးကြေးရေး အရေးရော၊ နိုင်ငံရေးအရပါ ရေးရိုးအစဉ်အလာ အရှိဆုံး လူတစ်ယောက် ဖြစ်နေသည်။ သူမ၏ ဘဝတွင် မည်သည့်အခါမျှ ထောင်ထဲသို့ ပြန်မသွားတော့ဟု ဆုံးဖြတ်ပြီး ဖြစ်နေသည်။ ထိုနေ့မှစ၍ သူမသည် အလုပ်ကို ကြိုးစားပမ်းစား လုပ်ကိုင်သည်။ ငွေကို စုဆောင်းသည်။ ရေးရိုးဆန်သည့် အစဉ်အလာများ၊ ထုံးစံများ၊ စည်းမျဉ်းစည်းကမ်းများကို တသွေမတိမ်း လိုက်နာသည်။ ယခင်က အလေ့အကျင့်ဟောင်းများနှင့် ပတ်သက်၍ ကင်းကင်းရှင်းရှင်း နေသည်။ အခြားသူများကို လိမ်လိုက်ညာလိုက်သည် ဆိုပြီး ကြွားဝါတတ်သည့် သူများနှင့် ပတ်သက်၍လည်း တင်းတင်းကျပ်ကျပ် ဆက်ဆံတတ်သည်။ ငွေရေးကြေးရေးနှင့် ပတ်သက်လျှင် လူအများ ဘယ်လုစိတ်သဘောထား ရှိသည်။ သူတို့အပြုအမူများ ဘယ်လိုရှိမည် ဆိုသည်ကို ကောင်းကောင်း သဘောပေါက်သည့်သူ ဖြစ်သည်။ ဘာဘရာငယ်စဉ်က အကြောင်းကိုတော့ ကျွန်တော် မသိ။ သို့သော် လက်ရှိပြုမူ ဆောင်ရွက်ပုံများကို ကြည့်လျှင် သူမ ထောင်ကျခဲ့ရ၍ ယခုကဲ့သို့ နေပုံထိုင်ပုံ ပြောင်းသွားခြင်း ဖြစ်မည်ဟု နားလည်သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျွန်တော်၏မိတ်ဆွေ တော်တော်များ များ သည် အခြာ သူကိုဒုက္ခမပေး၊ ခြိမ်းခြောက်စရာ မလိုဘဲ အချိန်ကာလ အတော်များ များ တွင် အသက်ရှင်သန်အောင် နေနိုင်သည်ဟု ပြောသည်မှာ နှိမ့်ချပြောသည်ဟု ထင်နေသည်။ သူမက 'မိုက်ကယ်၊ ရှင်ဟာ ဒီရာဇဝတ်သား တွေထဲက တချို့ဟာ အမှန်တရား ကို သဘောမပေါက်လို့ ထောင်ထဲကို ရောက်ကုန်တယ်ဆိုတာကို ဘယ်တော့မှ သဘောပေါက်မှာ မဟုတ်ဘူး ။ သူတို့ရဲ့ မြင်ပုံမြင်နည်း က အမြဲတမ်း မှာ နေတယ်ဆိုတာ ရှင် ထည့်မတွက်ဘူး လား ။ တစ်နည်း အား ဖြင့် ပြောရရင်တော့ သူတို့ဟာ အမှာ ပြင်နိုင်တဲ့ အခြေအနေမှာ မရှိကြဘူး ။ သူတို့ မြင်တာတွေကို မှန်နေတယ်လို့ပဲ ထင်တတ်ကြတယ်။ ဘယ်သူကမှ သူတို့ကို ပြင်ပေး မယ့်သူ မရှိဘူး ။ သူတို့ရဲ့ သူငယ်ချင်း တွေ၊ မိတ်ဆွေတွေကလည်း သူတို့မြင်သလိုပဲ မြင်တယ်။ သူတို့ရဲ့ မိဘတွေကလည်း သူတို့ မြင်သလိုပဲ မြင်တယ်။ ဒါ့ကြောင့် သူတို့မြင်တာဟာ မှာ နေတယ်ဆိုတာ သူတို့ကို ပြောမယ့်သူ မရှိဘူး ဖြစ်နေတယ်' ဟု ပြောပြဖူး သည်။

ကျွန်တော်၏ အဖြေမှာ ဤသို့ဖြစ်သည်။ မည်သည့် လူ့အဖွဲ့အစည်း၌ မဆို အများ နှင့်မတူသော လူအချို့ ရှိကြသည်။ ထိုသူတို့က အခြာသူများ နှင့် မတူသည်မှာလည်း အကြောင်း ရှိပါလိမ့်မည်။ အကြောင်း တစ်ခုမှာ လူအချို့သည် စာဖြင့် ရေး သား ဖော်ပြထား ခြင်း မရှိသည့် ငွေ၏ ဥပဒေသ များ ကို လက်မခံနိုင်၍ ဖြစ်မည်။ ငွေနှင့်ပတ်သက်ပြီ အများ လက်ခံထားသည့် အစဉ်အလာများ ကို လက်မခံ၍ ဖြစ်မည်။ ထိုသို့ ခံလွဲမှုများ ကြောင့် ထောင်ထဲသို့ ရောက်နေရခြင်း လည်း ဖြစ်မည်။ ဤနေရာ၌ ဇီဝဗေဒ သဘောတရား အရ အသင့်တော်ဆုံး လူများ သာ ရှင်သန်နိုင်သည် ဟူသည့် ဥပဒေသ အတိုင်း ဖြစ်သည်။ ငွေရေး ကြေး ရေး နှင့် ပတ်သက်၍လည်း အသင့်တော်ဆုံး လူသာ ရှင်သန်နိုင်ပြီ မသင့်တော်သည့် လူများ ထောင်ထဲသို့ ရောက်ကြရခြင်း ဖြစ်နိုင်သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



နှစ်နှစ်အရွယ် ကလေး တစ်ယောက် ကျောက်ကပ် မကောင်း သဖြင့် ကွယ်လွန်ခြင်း၊ မွေး ကင်း စ ကလေး မွေး ပြီး သုံး နာရီခန့်အတွင်း နှလုံး ရောဂါ ဖြင့် ကွယ်လွန်ခြင်း စသည့် ဖြစ်ရပ်များ သည် ကိုယ်ကျင့်တရား နှင့် မဆိုင်ပေ။ ဤသို့ ဖြစ်ရသည်မှာ ဇီဝဗေဒ သဘောအရ ရွေးချယ်မှု ဖြစ်စဉ်တစ်ရပ် ကြောင့်ပင် ဖြစ်သည်။ မိဘများ ၏ အတွေးအခေါ်ကြောင့်လည်း မဟုတ်၊ ယဉ်ကျေးမှု၏ အပြစ်ကြောင့်လည်း မဟုတ်ပေ။

ထောင်ထဲ၌ ရောက်နေသည့် သူများ နှင့် ပတ်သက်သည့် သဘောထား မှာလည်း ထိုသို့ပင် ဖြစ်သည်။ ကျွန်တော်က ကိုယ်ကျင့်တရား ဆိုင်ရာ ရှုထောင့်မှ အဆုံး အဖြတ် ပေး နေသည် မဟုတ်ပေ။ လူများ ဂရုမစိုက် မိတတ်သည့် အရာအချို့ကိုသာ ရှင်း ရှင်း လင်း လင်း နား လည်သဘော ပေါက်စေရန် ကြိုး စား နေခြင်း ဖြစ်သည်။ ကျွန်တော်တို့ ပြစ်ဒဏ်ချရသည့် သူများ၊ လူ့အဖွဲ့အစည်း ၏ အပြင်သို့ ခေါ်ထုတ်သွား ရသည့် သူများ ထဲ၌ ၈၀ ရာခိုင်နှုန်း ကျော်သည် ငွေရေး ကြေး ရေး များ နှင့် ပတ်သက်၍ နိုင်နိုင် နင်း နင်း ကိုင်တွယ်ခြင်း၊ ဆောင်ရွက်ခြင်း မပြုနိုင်သောသူများ ဖြစ်သည်။ ရာဇဝတ်မှုများ တို့ ပွား လာသည်ကို နှိမ်နင်း ရန်အတွက် သမ္မတကြီး က ပြစ်ဒဏ် ပြင်း ပြင်း ထန်ထန် ပေး မည်ဟု ပြောသည့်အခါတွင် ငွေရေး ကြေး ရေး ကို နိုင်နိုင်နင်း နင်း ဆောင်ရွက်နိုင်ခြင်း မရှိသည့် အကြောင်း ကို သူက ထည့် မပြောပေ။ လွတ်လပ်မှုကို လိုလား သော သူများ ကလည်း ရာဇဝတ်မှုများ တို့ ပွား စေသည့် အကြောင်း တရား များ ကို ပြောကြသည်။ လူအများ နေရန် အိမ်များ ဖန်တီး ပေး ခြင်း၊ အိမ်ဆောက်ရန် ငွေအများ အပြား ထည့်ဝင်ခြင်း အား ဖြင့် ပြဿနာများ ကို ဖြေရှင်း နိုင်မည်ဟု ထင်နေသည်။ ပထမ ဥပဒေသ ကို ဖတ်ကြည့်လျှင် ထိုသို့ ထင်ခြင်း သည် မှား ယွင်း နေကြောင်း တွေ့ရမည်။ ရာဇဝတ်မှု အတော်များ များ သည် ငွေနှင့် ပတ်သက်၍ လူတစ်ဦး ချင်း တစ်ယောက်ချင်း ၏ မြင်ပုံမြင်နည်း နှင့် ပတ်သက်သည်။ **အများ ကြီး ရသင့်**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



**သည်ဟု ထင်ပြီ အနည်ငယ်သာ ရနေလျှင်၊ လူတစ်ဦး တစ်ယောက်၏ ဆန္ဒများ သည် သူ၏ အစွမ်း အစများ ၊ စွမ်း ပကား များ နှင့် ကွာဟချက် ကြီးမာ နေလျှင် လူ့အဖွဲ့အစည်း က ပြစ်ဒဏ် ချမှတ်ရသည့် အပြုအမူမျိုး တစ်ခုခု ပေါ်ထွက်လာတတ်သည်။**

ဆန့်ကျင်ဘက် ရှုထောင့်က ကြည့်လျှင်လည်း ငွေသည် ကြောက်စရာ ကောင်း ပြန်သည်။ **ငွေ မရနိုင်သူများ အတွက် ငွေသည် ကြောက်စရာ ကောင်း နေသလို ငွေအများ အပြား အမွေရထာ သူများ ၏ ရှုထောင့်က ကြည့်လျှင်လည်း ကြောက်စရာ ကောင်း သည်**ကို တွေ့ရသည်။

အနောက်တိုင်း သာ များ ၏ စိတ်ကူ မှာ ငွေများ များ ရရေ ဖြစ်သည်။ ထိုသို့ ငွေများ များ ရလျှင် ပျော်ရွှင်စရာကောင်း သော အာရုံများ ကို ရရှိ ခံစာ နိုင်သည့် ဘဝတစ်ခုကို ရရှိမည်ဟု ထင်နေကြသည်။ ကျွန်တော်၏ အတွေ့အကြုံအရမူ ထိုသို့ မဟုတ်ပေ။

ကျွန်တော်၏ သူငယ်ချင်း တစ်ယောက်ဖြစ်သော **ဒယ်ဘီ**သည် ဒါ လပ်စ်မှာ နေသည်။ သူသည် အလွန် ချောမောလှသူ တစ်ယောက်ဖြစ်ပြီ ရေနံလုပ်ငန်း မှ အမွေ အများ ကြီး ရထာ သူတစ်ယောက် ဖြစ်သည်။ အလွန် နူ ညံ့သော၊ သိမ်မွေ့သော၊ နာ လည်တတ်သော မိန် ကလေ တစ်ယောက် ဖြစ်သည်။ သို့ပါလျက်နှင့်ပင် သူမ မပျော်နိုင်ပေ။ သူမသည် ကျောင်း ကောင်း ကောင်း လည်း တက်ခဲ့ရသည်။ ပညာလည်း ကောင်း ကောင်း တတ်သည်။ သို့သော် အဓိပ္ပာယ်ရှိသည့် အလုပ်တစ်ခုကို ရှာဖွေ၍ မတွေ့ပေ။ သူမသည် အိမ်ကြီး အိမ်ကောင်း ၌ နေနေရသည်။ အရေ ပါသည့် ပုဂ္ဂိုလ်များ နှင့် ပေါင်းသင်း ချင်သည်။ ထိုသို့ ပေါင်းသင်း နိုင်ရန်အတွက် လုံလောက်သော ငွေကြေး လည်း ရှိသည်။ သို့သော် မိတ်ဆွေ ဖြစ်ရမှာ ခဲယဉ်း ဝန်လေ နေသည်။ မိတ်ဆွေ ဖြစ်သွာ လျှင် လူအများ က သူမကို အသုံး ချသွာ မှာ စို ရိမ်နေသည်။

ဒယ်ဘီသည် သူမ၏ဘဝနှင့် ပတ်သက်၍ဘာလုပ်ရမည်ကို ရှင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရှင် လင် လင် မသိပေ။ သူမ ငွေအများ ကြီး ရှိသဖြင့် ဘဝ၏ အဓိပ္ပာယ်ကို ရှာဖွေ တွေ့ရှိခြင်း မရှိပေ။ သူမ လူဖြစ်ရခြင်း ၏ အဓိပ္ပာယ်ကိုလည်း မသိပေ။ နေ့စဉ်နေ့တိုင်း အပြင်ထွက် အလုပ်ရှာသည်။ လူတွေနှင့် စကား ပြောသည်။ ထို့နောက် အိမ်သို့ တစ်ယောက်တည်း ပြန်ရသည်။ သူမ၏ အစာ အသောက်များ ဘယ်က လာမည်ကို လည်း ကောင်း အိမ်လခများ ကို မည်သို့ပေး မည်ကို လည်း ကောင်း ၊ လုံး ဝ ပူပန်နေစရာ မရှိပေ။ သို့သော် သူမနှင့် ပေါင်း သင်း ဆက်ဆံရသည့် လူများ က သူမမှာ အမွေတွေ အများ ကြီး ရှိကြောင်း သိသွား ပြီး သူမအား အသုံး ချမည်ကို အင်မတန် စိုး ရိမ်ကြောင့်ကြ နေရှာသည်။ ဤအကြောက်တရား ကြောင့် သူမမှာ လူတစ်ယောက်အဖြစ် ရပ်တည်နိုင်ရန် ဘာလုပ်နိုင်သည်ကို မသိဘဲ ဖြစ်နေသည်။ သူမ၏ စိတ်ထဲ၌ ငါ ကောင်း ကောင်း မလုပ်နိုင်ရင် ငါ့ကို လုပ်ပေး မယ့်သူတစ်ယောက် ငှာ လိုက်တာပေါ့ ဟူသော အတွေး မျိုး ဝင်နေရသည်။ ဘဝ၏ မသေချာမှု၊ မရေရာမှုများ ၊ အခက်အခဲများ အကြောင်း ကို ဘာမျှ နား မလည်ပေ။ ကံကြမ္မာက ငါ့ကို ဘာဖြစ်လို့ ဒီလိုချမ်း သာအောင် လုပ်ရတာလဲ။ တခြား လူတွေမှာ ငွေမရှိဘဲနဲ့ ငါ့ကျမှ ဘာဖြစ်လို့ ငွေတွေလာပြီး ရှိနေရတာလဲဟု ညည်း တွား တတ်သည်။ တခြား သူများ က ဆင်း ရဲနေပြီး မိမိတစ်ယောက်တည်း ကွက်၍ ချမ်း သာ နေသဖြင့် အပြစ်ရှိသယောင် ခံစား ရသည်။ ကိုယ့်ကိုယ်ကို သတ်သေရန် ကြိုး စား သူတစ်ယောက်နှင့် တူနေသည်။ ဒယ်ဘီသည် အခြေအနေကိုလည်း မလွှဲသာ မရှောင်သာ။ သူမကိုယ်သူမ ငါ ဘာဖြစ်လို့ ဒီလောက် ချမ်း သာ နေရပါလိမ့်။ ငါသိတဲ့လူတွေ ငါလေ စား တဲ့လူတွေ၊ ရုန်း ကန်နေရတဲ့ လူ တွေကြား ထဲမှာ ငါက ဘာများ လုပ်မိပါလိမ့် ဟု ပြောကာ အပြစ်ရှိသလိုလို ခံစား နေရသည်။ ထိုသို့ နား လည်မှု လွဲမှား ခြင်း ၊ အပြစ်ရှိသယောင် ခံစား ရ ခြင်း ၊ သူမ၏ ငွေများ အတွက် တာဝန်ရှိသယောင် ခံစား ရခြင်း ၊ လူအများ ၏ ဒုက္ခများ နှင့် မိမိ၏ ဒုက္ခများ ကို လျော့ပါး ရန်အတွက် မည်သို့ သုံး ရမည်ကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မသိခြင် ကြောင့် ပူဆွေ သောကကို ဖြစ်စေသည်။ သူမက အခြာ သူများ အာ ငွေတွေပေ လိုက်လျှင် သူမကို တွယ်ကပ်နေကြမည်ကိုလည်း စို ရိမ်သည်။ ငွေပိုလိုချင်မည်ကို စို ရိမ်သည်။ ဤသို့ဖြင့် သူမသည် နှုတ်ပိတ်၍ တိတ်တိတ် ဆိတ်ဆိတ်သာ နေတတ်သည်။ ထိုသို့ နေသည်ကိုလည်း အခြာ သူများ က ရှက်တတ် ကြောက်တတ်သည်ဟု ထင်နေကြသည်။ အချို့သူများ ဆိုလျှင် သူမကို လူတစ်ယောက်အနေဖြင့်ပင် မကြည့်ချင်ကြပေ။ လူ အတော် များ များ က သူမအကြောင်း ကို သိလာကြလျှင် အမွေများ များ ရခြင် သည် အကျိုး ရှိမည့် ကိစ္စတစ်ခု ဟုတ်မှ ဟုတ်ပါ့မလား ဟု သံသယ ရှိစရာ ဖြစ်လာ သည်။

အခြာ ကြွယ်ဝသည့် အမျိုး သမီး တစ်ယောက် အကြောင်း ကိုလည်း ပြောပါရစေဦး ။ သူမ၏အမည်မှာ **ဂီနာ**ဟုခေါ်သည်။ ဂီနာသည် ကျောင်း သစ် တည်ထောင်ရေး ကိစ္စများ ၌ ပါဝင်လှုပ်ရှား သဖြင့် ချေး ငွေ အများ အပြား လက်ခံရရှိသည်။ ထိုကျောင်း သစ်များ တည်ထောင်ရေး လုပ်ရှား မှုသည် သူမ စိတ်ဝင်စား မှု အနည်း ငယ်သာရှိသည့် နယ်ပယ်ဖြစ်ပြီး သူများ ထက် ထူ ထူ ခြာ ခြာ တက်တက်ကြွကြွ ကြို စား အာ ထုတ်ခြင် လည်း မရှိပေ။ ထိုအချိန် မတိုင်မီအထိ သူမမှာ အစစအရာရာ နိုင်နိုင်နင် နင် ကိုင်တွယ် နိုင်သည်။ သူမမှာ ခင်ပွန် တစ်ယောက်၊ ကလေး တစ်ယောက် ရှိပြီး တင် နစ် လည်း မှန်မှန်ရိုက်သည်။ ထိုသို့ ချေး ငွေများ ရရှိသည့် အချိန်မှစ၍ ယခုအချိန် အထိ သူမအနေဖြင့် အမြဲတမ်း သောက ဖြစ်နေသည်။ စိတ်ရောဂါ ကုသရန် အတွက်ပင် ငွေအများ အပြား သုံး ရသည်။ သူမ၏ အိမ်ထောင်ရေး မှာလည်း ပြိုကွဲစ ပြုလာသည်။ သူမကို ငွေပေ လိုက်သောအခါ ထိုငွေဖြင့် သူမ ဘာ လုပ်မည်နည်း ။ သူမသည် ဘယ်လိုလူ ဖြစ်သနည်း ။ သူမ ဘာလုပ်နိုင် သနည်း ။ သူမက ထိုချေး ငွေများ ကို ရရှိပြီး ၊ ထောက်ပံ့ငွေများ ရရှိပြီး အခြာ သူများ က ထောက်ပံ့ငွေများ မရရှိသည်မှာ မည်သို့သော အကြောင်း များ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကြောင့် ဖြစ်သနည်း အစရှိသည်ဖြင့် မေ ခွန်း များ ကို မေ လာရသည်။ ထို မေ ခွန်း များ ကို မေ လျှင် သူမ ကြက်သေ သေသွာ တတ်သည်။ ထိုမေ ခွန်း များ ကို ပြေလည်အောင် မည်သည့်အခါမျှ မဖြေနိုင်သည့်အခါမှ သောကများ ပို၍ တို ပွာ လာသည်။ ယခုလောက်ဆိုလျှင်မူ ထိုပြဿနာများ ပြေလည် လောက်ပြီဟု ယူဆရသည်။ ဂီနာ၏ အတွေ့အကြုံကို ကြည့်လျှင်လည်း ငွေအများ ကြီး ရှိခြင်း သည် ကြောက်စရာကောင်း ကြောင်း ပြသနေသည်။

**ကိုယ်မကြိုး စား ရဘဲ ငွေရခြင်း သည်** ပဉ္စမ ဥပဒေသနှင့် ဆဋ္ဌမ ဥပဒေ သ တို့နှင့် ပတ်သက်သည့် **ကျိန်စာတစ်ခုနှင့် တူသည်။** ငွေကို ပေ သည့်သူ၊ လှူဒါန်း သည့်သူတွင် သင်နှင့်ပတ်သက်၍ ထုတ်ဖော် ပြောမပြသည့် မျှော်လင့် ချက်တစ်ခု ရှိနေ၍ ဖြစ်မည်။ ထိုမျှော်လင့်ချက်အတိုင်း မိမိက ဖြည့်ဆည်း ခြင်း မပြုနိုင်သည့်အခါ ကျိန်စာတစ်ခုနှင့် တူနေသည်။ ထိုမျှော်လင့်ချက်များ သည် မိမိ၌ အတွေ့အကြုံ မရှိသေ သည့် ကိစ္စများ ဖြစ်နေသည့်အခါ၊ သူတို့ မျှော် လင့်သည့်အတိုင်း ဖြစ်မလာသည့်အခါ ကျိန်စာတိုက်သလို ဖြစ်သွာ တတ် သည်။ ဒါ လပ်စ်က ဒယ်ဘီဟူသည့် အမျိုး သမီ ဆိုလျှင် သူမကို ငွေအများ ကြီး အမွေပေ ပစ်ခဲ့သည့် အဘိုး က သူ ငွေပေ ခဲ့ခြင်း မှာ သူ၏မိသာ စုကို ကြွယ်ဝ ချမ်း သာစေလိုသော စေတနာကြောင့် ဖြစ်သည်။ နှစ်ရှည်လများ ငွေကြေ နှင့် အာဏာကို ရစေလို၍ ဖြစ်မည်။ ဤနည်း အာ ဖြင့် သူ ဥစ္စာဓနများ ရှာဖွေစု ဆောင်း ခဲ့ခြင်း မှာ သူ့အတွက် မဟုတ်၊ သူ၏မိသာ စု နှစ်ရှည်လများ အကျိုး ခံစာ နိုင်ရန် ဟူသော အကြောင်း ပြချက်ဖြင့် ဆင်ခြေပေ လို၍ ဖြစ်မည်။ ဤနည်း အာ ဖြင့် သူ၏ဘဝသည် တရာ မျှတသည့်ဘဝ၊ နေပျော်သည့် ဘဝ ဟု ခံစာ ချင်၍ ဖြစ်မည်။ ထို့ကြောင့်ပင်လျှင် သူက သူ၏ငွေများ ကို ဆက် လက်၍ အမွေပေ ခဲ့ခြင်း ဖြစ်နိုင်သည်။ သူ၏မြေ ကို သူနေစေချင်သည့် အတိုင်း နေစေသည်မှာ အဓိပ္ပာယ် ရှိသလာ ။ ဒယ်ဘီက သူပေ ခဲ့သည့် တာဝန်ကို ဆက်လက်ထမ်း ဆောင်နိုင်ရန် သေချာပါရဲ့လာ ။ သို့သော် သူက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သူ့မြေ ကို ဘာမျှ မမေ မမြန် ဘဲ ငွေအများ ကြီး ထာ ပစ်ခဲ့သည်။ သူ၏ငွေများ ကို ကောင်း ကျိုး အတွက် လှူဒါန်း ခြင်း မပြုဘဲ သူမကို ပေ ပစ်ခဲ့သည်။ ဒယ်ဘီက ထိုငွေကို လက်ခံရရှိသည့်အခါ သူမအဘိုး ၏ ရည်ရွယ်ချက်ကိုလည်း ငွေနှင့်အတူ လက်ခံခဲ့ရသည်။ သို့သော်လည်း သူမအဘိုး ၏ အလိုဆန္ဒများ ကို ပြည့်ဝအောင် ဖြည့်ဆည်း ခြင်း မပြုနိုင်။ သူမ၏ စိတ်ဆန္ဒအတိုင်း မနေရဘဲ၊ သူမ အဘိုး ၏ ဆန္ဒအတိုင်း နေရန် ဆိုသည်မှာလည်း မဖြစ်နိုင်။

ပထမ ဥပဒေသအကြောင်း ဆွေး နွေး ခဲ့စဉ်က အနုပညာရှင်၊ ပန်း ချီ ပညာရှင် အချို့မှာ သူတို့၏ လက်ရာများ ကို အလွန်အကျူး ချီး မြှင့်ခြင်း ခံရသည့် အခါတွင် သူတို့သည် အခြား အလုပ်ကို မလုပ်ကြတော့ဘဲ ထိုအလုပ်၊ ထိုလက်ရာမျိုး ကိုသာ ထပ်ခါ တလဲလဲ လုပ်နေတတ်ကြသည်။ ထို အခြေအနေထက် မည်သည့်အခါမျှ ပို၍ တို တက်လာဖို့ မရှိကြောင်း ဆွေး နွေး ခဲ့ကြဖူး သည်။ လက်ရှိ အခြေအနေကြောင့်ပင်လျှင် လက်ရှိအခြေအနေမှ ဖောက်ထွက်နိုင်အောင် ကြိုး စား အား ထုတ်မှုမျိုး မလုပ်ရန် ဟန့်တားထား ခဲ့သလိုမျိုး ဖြစ်နေသည်။

အချို့သူများ သည် ၎င်း တို့၏ ဘဝတစ်လျှောက်လုံး တွင် တစ်ချိန်လုံး စုဆောင်း နေကြပြီး အငြိမ်း စား ယူသည့် အခါ၌ အသုံး ပြုရန်အတွက် ပြင်ဆင်နေကြသည်။ ငယ်ရွယ်စဉ်၌ ပျော်ပျော်ပါး ပါး မနေဘဲ ၎င်း တို့၏ ငွေကြေး များကို စုဆောင်း ကာ အငြိမ်း စား ယူသည့်အခါ သက်သောင့်သက်သာ နေနိုင်ရန် ပြင်ဆင်နေကြသည်။ အငြိမ်း စား ယူသည့်အခါ လုံခြုံစိတ်ချစွာ နေနိုင်ရန် အတွက် ဟူသော အထင်အမြင် လွဲမှား မှုဖြင့် လူငယ်ဘဝ၏ ပျော်ရွှင်စရာများ ကို စွန့်လွှတ်ခဲ့ကြသည်။ ထိုသူများ သည်လည်း အသက်အတန် ကြီး သည့် အခါကျမှ ပျော်စရာ ပါး စရာများ မခံစား ခဲ့ ရကြောင်း သတိရကြသည်။ အငြိမ်း စား ယူရန်အတွက် ပြင်ဆင်ရင်း ဖြင့် ဘဝကို ဆုံး ရှုံး ခဲ့ရကြောင်း နာ လည်သဘောပေါက် သွား ကြသည်။ ဘဝဆုံး ခါနီး အချိန်များ ရောက်မှ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထိုသို့ သဘောပေါက်သွား သည့် အခါတွင် ပရိဒေဝများ ၊ စို ရိမ်ပူပန်စရာများ ဖြစ်လာကြသည်။ ယခင်က ပျော်ဖို့ ရွှင်ဖို့ မကြို စား ဘဲ ယခုမှ ပျော်ရွှင်ဖို့ ကြို စား သည့်အခါ မည်သို့ ဖြစ်မည်ကို တွေ ကြည့်ပါ။ ဤကိစ္စမှာလည်း ငွေဆိုသည်မှာ ကြောက်စရာကောင်း ကြောင်း ဥပမာတစ်ခုပင် မဟုတ်ပါလား ။

တစ်ခါက အမျို သမီ တစ်ယောက် ကျွန်တော့်ရုံ ခန် သို့ လာဖူ သည်။ သူမသည် ဖီလာဒဲဖီ ယာ မြို့ပြင်မှ ချမ် သာကြွယ်ဝသည့် အသိုင် အဝိုင် ၌ ပေါက်ဖွာ လာသူ ဖြစ်သည်။ သူမ ပေ ချင်တာတွေ အာ လုံ ကို ပေ နိုင်ခဲ့သည်။ သူမ ဖြည့်စွမ် ချင်သည့် ဆန္ဒအာ လုံ ကိုလည် ဖြည့်စွမ် နိုင်ခဲ့သည်။ သို့ပါလျက်နှင့် သူမ အဘယ်ကြောင့် ရောက်လာသည် ထင်ပါသနည် ။ သူမနှင့် မိတ်ဆွေများ အာ လုံ အတွက် အနာ ယူ အပန် ဖြေစခန် တစ်ခု ထူထောင်ချင်၍ ဖြစ်သည်။ ထိုစခန် ကို ထူထောင်ရန်အတွက် သူမက ငွေကြေ စိုက်ထုတ်နိုင်သည်။ သို့သော်လည် အမှန်တကယ် လုပ်ငန် ကို စတင်လည်ပတ်ရန်အတွက် အခြာ သူများ ၏ အကူအညီကို လိုအပ်နေသည်။ ကျွန်တော်တို့နှစ်ယောက် တွေ့ဆုံသည့်အခါ ထိုအမျို သမီ အကြောင် ကို အတော်လေ နာ လည်သဘောပေါက်သွာ သည်။ သူမနှင့် ထိုင်စကာ ပြောရသည်မှာ ကျွန်တော့်မှာရှိသည့် စွမ် အင်အာ လုံ ကို စုပ်ယူလိုက်သလို အာ အင် ကုန်ခန် သွာ သည်။ သူမ၏ ဘဝအတွေ့အကြုံတွင် သူမ၏ စိတ်ကူ စိတ်သန် များ အာ လုံ အတွက် အခြာ သူများ က လိုက်လံဖြည့်ဆည် ရသဖြင့် အခြာ သူများ ၏ အင်အာ တွေကို ယုတ်လျော့အောင် လုပ်သလို ဖြစ်ခဲ့ရသည်။ သို့သော် ဝမ် နည် စရာကောင် သည်မှာ သူမအနေဖြင့် ငယ်ရွယ်စဉ် အခါက ပျော်ရွှင်မှုကို မရရှိခဲ့။ စခန် ချ နေထိုင်သည့် အတွေ့အကြုံမျို ကို မရရှိခဲ့။ ထိုအတွေ့အကြုံမျို ကို ရရှိရန်အတွက် ယခုအခါ အနာ ယူ အပန် ဖြေစခန် တစ်ခုကို တည်ထောင်ရန် ကြို စာ ခြင် ဖြစ်သည်။ အလွယ်တကူ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ရနေသည့်၊ အဆင်သင့် ရရှိနေသည့် ငွေများ က အနာ ယူ အပန် ဖြေစခန် မထွက်အောင် ဟန့်တာ ထာ သလို ဖြစ်နေသည်။ သူမ၏ ဘဝကို သူမ တပ်မက်မှု၊ ပျော်ရွှင်မှု မရှိဘဲ ဖြစ်နေသည်။

သာမန် အလုပ်လုပ်သည့် လူတစ်ယောက်အတွက်ရော ငွေသည် မည်ကဲ့သို့ ကြောက်စရာ ဖြစ်နိုင်သနည်း ။ လူများ သည် သူတို့ကိုယ်သူတို့ ပြုစုကျွေး မွေး စောင့်ရှောက်နိုင်ရန်အတွက် ကြို စာ အာ ထုတ် ကြရသည်။ သူတို့၏ မိသာ စုကို လောကီရေး ပျော်ရွှင်ချမ် သာ မှုများ ၊ ပစ္စည် ပစ္စယများ ၊ ကစာ စရာများ ၊ အသုံ အဆောင်များ ဖြည့်စွမ် နိုင်ရန်အတွက် ကြို စာ ပမ် စာ အလုပ်လုပ်ကြရသည်။ ငွေရဖို့အတွက် ပို၍ ကြို စာ ပမ် စာ အလုပ် လုပ်ခြင် ဖြင့် အချိန်တွေ ကုန်ကြရသည်။ ထိုသို့ အချိန်ကုန်နေသည်ကိုလည် မည်သူကမျှ စဉ် စာ မိခြင် ၊ တွေ ခေါ်မိခြင် မရှိကြပေ။ ကျွန်တော်တို့၏ တန်ဖို ထာ မှုများ ကိုလည် မည်သူကမျှ စုံစမ် ခြင် ၊ စစ်ဆေ ခြင် မပြုကြ ပေ။ လုပ်ဖော်ကိုင်ဖက်များ ကလည် ယခုကဲ့သို့ လုပ်နေခြင် သည် လုပ်သင့် သည်၊ တရာ မျှတသည်၊ ဆီလျော်ကောင် မွန်သည်ဟုပင် ထင်နေကြသည်။

တစ်ခါက အမျို သာ တစ်ယောက် ကျွန်တော့် ရုံ ခန် သို့ လာပြီ ချေ ငွေရရန် ကြို စာ ဖူ သည်။ သူ့အနေဖြင့် စီ ပွာ ရေ လုပ်ငန် တစ်ခုကို စွန့်စွန့်စာ စာ ဆောင်ရွက်ရန် ကြို စာ အာ ထုတ်နေသည်။ သူ့စိတ်ကူ ကို ကြည့်ရသည်မှာ သိပ်မဆို လှသော်လည် လောလောလတ်လတ် ဖြစ်နိုင်မည့် အနေအထာ ဥ မရှိပေ။ အနည် ဆုံ ၅ နှစ်မှ ၁၀ နှစ်ခန့် ကြို စာ အာ ထုတ်မှ ရမည့်ကိစ္စမျို ဖြစ်သည်။ သူက အမေရိကန်ဘဏ်နှင့် အမေရိကန် အိပ်စ ပရက်စ်တို့ ကဲ့သို့သော ဘဏ်ကြီ မျို မှာ သူ၏ စိတ်ကူ စိတ်သန် များ ကို အကောင်အထည် ဖော်ရန်အတွက် အကူအညီ ပေ မည်ဟူသော ကတိစကာ များ ကို ရပြီ ပြီဟု ထင်နေသည်။ သို့သော် ကျွန်တော်၏ အတွေ့အကြုံအရ ပြောရလျှင် ထိုကဲ့သို့သော ကုမ္ပဏီ(ဘဏ်)ကြီ မျို က 'မင် ဒါတွေ ဒါတွေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြီ အောင်လုပ်ခဲ့၊ ဒါတွေ ဒါတွေ ရှိပြီဆိုရင်တော့ နောက်တစ်ခေါက် ပြန်လာဦး ။ တို့ သေသေချာချာ ဆွေးနွေးကြတာပေါ့’ ဟူသော အပြောမျိုးကို ပြောတတ်ကြသည်။ ထိုကဲ့သို့ ပြောလွတ် လိုက်ခြင်း မျိုးကိုပင်လျှင် သူက ထိုကုမ္ပဏီကြီး များ ထံမှ ကတိစကား ရပြီ ပြီဟု ထင်နေသည်။ အလာ တူ အခြား ကုမ္ပဏီ ဒါဇင်ပေါင် များ စွာတို့ကလည်း သူ၏ အကြံဉာဏ်ကို သိပ်သဘောကျပြီ မရေမရာ ကတိစကား မျိုး တွေကို ပေး ထား ကြပုံ ရသည်။ ကုမ္ပဏီတိုင် ၊ ကုမ္ပဏီတိုင် က သိပ်ကောင် တာပဲဟု ပြောသည့်အခါ သူ့အနေဖြင့် အောင်မြင်ဖို့ အလာ အလာတွေနှင့် ပို၍ နီး ကပ်လာသည်ဟု ထင်နေသည်။ ထိုစိတ်ကူ စိတ်သန် များ ၊ စိတ်ကူ ယဉ်မှုများ အောက်၌ သူနေထိုင်နေသည်။ ဤနည် အာ ဖြင့် သူသည် အကြီ အကျယ် ငွေချေ ပြီနောက် ကြွေ လည် အကြီ အကျယ် တင်နေတော့သည်။ ထိုသို့ ငွေရေကြေ ရေ အကျပ်အတည် ကြုံတွေ့နေသည့် အကြောင် ကို သူ၏ ဇနီ သည်ကိုသာ ပြောပြထာ ပြီ ကလေ များ ကို လည် ကောင် ၊ မိတ်ဆွေများ အိမ်နီနာ ချင် များ ကို လည် ကောင် မပြောရဲပေ။ ထို့ကြောင့် သူ၏ ရည်မှန် ချက်ကြီ မာ မှုက မည်မျှ ဒုက္ခရောက်နေကြောင် မည်သူကမျှ မသိကြပေ။ အစည် အဝေ များ ကို နေ့လယ်စာ စာ ချိန် မတိုင်မီ ကျင် ပခြင် အာ ဖြင့် နေ့လယ်စာ ဖို မကုန်ဘဲ ငွေကြေ သက်သာရန် ကြို စာ နေသည်။ ထို့အတူပင် ညဥ့်နက်သန် ခေါင် ရောက်မှ သူ၏အဝတ်များ ကို ကိုယ်တိုင်လျှော်၍ ကိုယ်တိုင်မီ ပူတိုက် နေရသည်။ ပင်မင် ဆိုင်သို့ သူ၏ အဝတ်အစာ များ ပို့နိုင်လောက်သည့် အခြေအနေ မရှိတော့သည်ကို မည်သူ့ကိုမျှ အသိမခံချင်။ ကလေ များ ကိုလည် မသိစေချင်။

ကျွန်တော်က သူ့ကို ရွှေ စရာလမ် ၊ ပေ စရာ အခြေအနေ မရှိသလောက် ဖြစ်နေသဖြင့် လှူမွဲခံလိုက်ပါလာ ဟုသာ ပွင့်ပွင့်လင် လင် ပြောလိုက်ရသည်။ ထိုသို့ လှူမွဲခံသည့် နည် သည်သာလျှင် သူ၏ ပြဿနာအာ လုံ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကို ပြေလည်သွားရန်အတွက် ခိုင်လုံသည့် အဖြေတစ်ရပ် ဖြစ်သည်။ သူ လူမွဲခံရနိုင်ကြောင်း သူကြွေး ဆပ်ရန်ရှိသည့် လူအတော်များ များ က သဘော ပေါက် နာ လည်ကြလျှင် သူ့ကို လက်တွေ့ကျသည့် လူတစ်ယောက်အဖြစ် မြင်ပြီး လူမွဲမခံဘဲ သူ အလုပ်လုပ်နိုင်ရန် အကူအညီ ပေး နိုင်ကြမည့်၊ ခွင့်ပြု နိုင်ကြမည်။ သူ၏ ကလေး များ ကလည်း အခြေအနေကိုသိလျှင် သူ့ကို ဝိုင်း ဝန်း ကူညီ နိုင်ကြမည်။ အလား တူပင် သူ၏ဇနီး သည်သာမက အခြား မိတ်ဆွေများ ကလည်း သူ့ကို ဝိုင်း ဝန်း ကူညီစရာ အကြောင်း ရှိမည်။ သူသည် တဖိတ်ဖိတ် လက်နေသည့် ကား တစ်စီး ကိုမောင်း ပြီး ဟန်ဆောင်နေစရာ မလို။ သူ၏ စိတ်ကူး အတိုင်း ဖြစ်လာရန်အတွက် အောင်မြင်သည့် စီး ပွား ရေး လုပ်ငန်း ရှင်ကြီး တစ်ယောက်လို ဟန်ဆောင်နေစရာ မလို။ သူ တန်ဖိုး ထား သည့် အရာများ ကို သေသေချာချာ ဂရုစိုက်ပြီး မိသား စု အရေး ထက် ငွေရေး ကြေး ရေး စီမံချက်များ ကို ရှေ့တန်း တင်လိုက်မိသည့်အတွက် တွေ့ကြုံရသည့် ဒုက္ခများ ၊ ဝေဒနာများ အကြောင်း ကို နား လည် သဘောပေါက်သင့်သည်။ သူ့အနေဖြင့် စို ထိတ်စရာ ကိစ္စတစ်ခုကို ဖန်တီး မိပြီး အကြီး အကျယ် ဒုက္ခ ရောက်နေသည်။

**လူတစ်ယောက်နှင့် တစ်ယောက်၏ ဆက်ဆံရေး အကြား၌ပင် ငွေ၏ ကြောက်စရာအသွင် ပေါ်ပေါက်လာတတ်သည်။**

တစ်ခါက ကျွန်တော်သည် ငွေချေး နိုင်သော ကုမ္ပဏီတစ်ခု၏ ဘုတ်အဖွဲ့၌ ပါဝင်ခွင့်ရသည်။ ငွေရေး ကြေး ရေး ကိစ္စများ နှင့် လက်လှမ်း မီသူ တစ်ယောက် ဖြစ်သဖြင့် လေ ငါး ခါလောက် ကျွန်တော့်ကို ဦး တည်ပြီး တိုက်ခိုက်ခြင်း ခံရသည်။ အမျိုး သမီး တစ်ယောက်က ကျွန်တော့ကို နေ့လယ်စာ စား ရန် ဖိတ်ပြီး နောက် သူမ၏ စီမံကိန်း အတွက် ကျွန်တော်တို့က ငွေမချေး သဖြင့် မည်မျှ စိတ်ဆို မာန်ဆို ဖြစ်ကြောင်း ပြောဖူး သည်။ သူမ၏ စိတ်ထဲ၌ ထိုစီမံကိန်း သည် ကမ္ဘာပေါ်၌ အကြီး ကျယ်ဆုံး ၊ အရေး အကြီး ဆုံး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စီမံကိန်း ဖြစ်ပုံရသည်။ အခြား စီမံကိန်း များ ကို ငွေအထောက်အပံ့များ ပေး ပြီး နောက် သူမ၏ စီမံကိန်း ကိုမူ မပေး သဖြင့် အတော်စိတ်ဆိုး ပုံ ရသည်။ ထို အချိန် မတိုင်မီက ဆိုလျှင် သူမသည် ကျွန်တော်နှင့် အလွန်ရင်း နှီး သည့် မိတ်ဆွေတစ်ယောက် ဖြစ်သည်။ ငွေထုတ်မချေး မီခါမှ ရင်း နှီး သည့် မိတ်ဆွေ အဖြစ်မှ ပျက်ပြယ်သွား ရသည်။ စိတ်ဝင်စား စရာ မကောင်း သော အခြား စီမံကိန်း များ ကို ငွေထုတ်ချေး ပြီး သူမ၏ စီမံကိန်း ကို ငွေထုတ်မချေး သည့် အတွက် သူမကို ဒုက္ခရောက်အောင် လုပ်နေသည်ဟု သူမက မြင်သည်။ ထိုသို့ မြင်ပုံမြင်နည်း မှာ မမှန်။ သို့သော်လည်း ဘာမျှ မတတ်နိုင်။ ငွေရေး ကြေး ရေး ကြောင့်ပင်လျှင် ရင်း နှီး သော မိတ်ဆွေတစ်ယောက်ကို ဆုံး ရှုံး ရသည်။

အခြား တစ်နေရာ၌လည်း တစ်နှစ်မျှသာ လည်ပတ်နေရသေး သော ဒေသခံ ကုန်လှောင်ရုံတစ်ခုက သူတို့လိုချင်သည့် ငွေကို ချေး ရန် လျှောက် ထား သည်။ ကျွန်တော်က သူတို့ကို အထောက်အပံ့ပေး ရန် ကြို စား ပါသေး သည်။ သို့သော် သေသေချာချာ ပြန်လည် သုံး သပ်ကြည့်သည့်အခါ မပေး သင့်ဟု မြင်သည်။ တစ်ညနေ၌ သူတို့ထံ ကျွန်တော် သွား လည်သည့်အခါ ထို ကုန်လှောင်ရုံမှ လူသုံး ယောက်နှင့် တွေ့ပြီး သူတို့ကို ငွေမချေး သည်မှာ မည်မျှ ဆိုး ကြောင်း ပြောပြသည်။ ၎င်း တို့သည် သာမန်လူများ ဖြစ်သဖြင့် ခင်မင်ရင်း နှီး စရာ ကောင်း သည်။ သူတို့၏ စီမံကိန်း မှာ သူတို့အတွက် သိပ်အရေး ကြီး နေပြီး ကျွန်တော်က သူတို့အတွက် ငွေထုတ်ပေး နိုင်မည့် နေရာသို့ ရောက်နေသဖြင့် ယခုကဲ့သို့ ဆို ဆို ရွာ ရွာ ဆက်ဆံခံရခြင်း ဖြစ်သည်။ သူတို့ အဓိက ပြောဆိုသည့်အချက်မှာ ကျွန်တော်က မိတ်ဆွေ တစ်ယောက် ဖြစ်နေလျက်နှင့် အဘယ်ကြောင့် သူတို့ကို ငွေထုတ်မချေး ရ သနည်း ဟူ၍ ဖြစ်သည်။ ကျွန်တော်က သူတို့ကို ပြန်လည်ရှင်း ပြရာ၌ ကျွန်တော့်ကို ငွေထွက်သည့် သူတစ်ယောက်အနေနှင့်သာ ဆက်ဆံပြီး လူ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တစ်ယောက်လို မဆက်ဆံသည့်အတွက် ဝမ်းနည်းကြောင်း၊ ကျွန်တော့် အနေနှင့် ငွေရေးကြေးရေး ကိစ္စများ၌သာမက အခြားကိစ္စများ၌လည်း အကူအညီပေးနိုင်သူ တစ်ယောက်ဖြစ်ကြောင်း၊ ငွေပေးမည့်သူ တစ်ယောက် အနေနှင့် မဟုတ်ဘဲ အခြားနည်းဖြင့် အကူအညီပေးနိုင်မည့် လူတစ်ယောက် အဖြစ် အဘယ်ကြောင့် မဆက်ဆံနိုင်ကြကြောင်း ပြန်ပြောလိုက်သည်။ သူတို့၏ စီမံကိန်းများ အဆင်ပြေစေရေးအတွက် ကျွန်တော့်တွင် ကျွမ်းကျင်မှု အကူအညီများ ရှိသည်။ ခက်သည်မှာ ကျွန်တော့်မိတ်ဆွေ အတော်များ များက ကျွန်တော့်ကို ငွေထွက်သည့်သူ ဟုသာ မြင်နေသည်။ လူတစ်ယောက် အနေဖြင့် မမြင်နိုင်ကြဘဲ ဖြစ်နေသည်။ ထိုသို့ လူလို မမြင်ဘဲ ငွေထွက်သည့် ငွေတွင်းဟု အမြင်ခံနေရသဖြင့် နေရထိုင်ရ ခက်လှသည်။

ငွေကို ကြောက်စရာမဖြစ်အောင် မည်သို့ ဆောင်ရွက်နိုင်မည်နည်း ။

ကျွန်တော်၏အဖြေမှာ ပထမ ဉပဒေသသုံးခုနှင့် ပတ်သက်သည်။

ပထမဦးစွာ သင်၏ဘဝ၌ ရှိနေသော ငွေရေးကြေးရေးနှင့် မသက်ဆိုင်သည့် တန်ဖိုးထားမှုများကို အသိအမှတ်ပြုပါ။ ဒုတိယအနေဖြင့် သင်သည် ပတ်ဝန်းကျင်နှင့် ဆက်ဆံမှုရှိကြောင်း အသိအမှတ်ပြုပါ။ ထိုဆက်ဆံရေးကို ခေါင်းထဲ၌ ထည့်ထားပြီး ငွေရေးကြေးရေးနှင့် ပတ်သက်သည့်အခါ၌ မည်သို့ ပြုမူဆောင်ရွက်ရမည်ကို တွေးတောကြံဆ ကြည့်ပါ။ စာရင်းစာအုပ်ထားရန်မှ အစ၊ ငွေရေးကြေးရေးနှင့် ပတ်သက်သည့် ရှုမြင်ပုံများကအစ သတိထားပါ။

တတိယအနေဖြင့် ငွေဆိုသည်မှာ အိပ်မက်တစ်ခုမျှသာ ဖြစ်ကြောင်း ရယ်ရယ်မောမော အသိအမှတ်ပြုပါ။ ငွေသည် စိတ်ကူးတစ်ခုနှင့် တူနေသည်။ ဘဝ၏ မည်သည့်အချိန် မည်သည့်နေရာ၌ မဆို ငွေကို ရည်မှန်းချက်တစ်ခုလို သဘောထားနေသမျှ၊ တွန်းအားပေးနိုင်သည့် အရာတစ်ခုလို သဘောထား နေသမျှ၊ ဘဝ၌ တွေ့ကြုံရသည့် အခြားအရေးကြီးသော အရာများကို အစား

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထို နေသမျှ ဒုက္ခရောက်ပြီ ဘ၀ဆုံ ရမည်။ ငွေသည် ကြောက်စရာကောင်းသည် ဟူသော ဤစတုတ္ထဥပဒေသသည် ပထမဥပဒေသ လေ ခုကို ချိုးဖောက်ခြင်း ကြောင့် ဖြစ်ပေါ်လာသည့် ရလဒ်တစ်ခုဖြစ်သည်။

**လော်လီ**၏ အတွေ့အကြုံကို ကြည့်ကြပါစို့ . . .။

ကျွန်မသည် ၂၉ နှစ် အရွယ်ရှိသည့် အမျိုးသမီး တစ်ယောက်ဖြစ်သည်။ ကျွန်မ ပိုင်သည့် ဥစ္စာပစ္စည်း ပမာဏမှ ဒေါ်လာနှစ်သိန် ကျော်ရှိပြီ နှစ်စဉ်ဝင်ငွေမှာ ဒေါ်လာတစ်သောင်း ခန့် ရှိသည်။ ကျွန်မ ငွေအပ်နှံထား သော အဖွဲ့အစည်း များ မှ ဝင်ငွေကလည်း ဒေါ်လာ ၅၀၀၀ ခန့် နှစ်စဉ်ဝင်နေသည်။ ကျွန်မသည် လက်မထပ်ရသေး ။ ထိုကဲ့သို့ ဥစ္စာပစ္စည်း များပိုင်ဆိုင်ရသည်မှာလည်း ကျွန်မ ကြိုး စား ပမ်း စား အလုပ်လုပ်၍ မဟုတ်ဘဲ ပတ်ဝန်း ကျင် အခြေအနေကြောင့် ရရှိခြင်း ဖြစ်သည်။ ဤအခြေအနေကို ဖြေရှင်း ရန် ခဲယဉ်း သည်။ ထိုသို့ ခက်ခဲကြောင်း ကိုလည်း လူအနည်း ငယ်မျှသာ သိကြသည်။ ကျွန်မအနေဖြင့် လက်ရှိ နည်း လမ်း ကို မကြိုက်။ ငွေများက သူ့ဟာသူ အလိုအလျောက် ဝင်မနေဘဲ ကျွန်မကသာ ငွေကြေး များ ကို ထိန်း ချုပ်လိုစိတ် ပေါက်နေသည်။ ကျွန်မကို ချမ်း သာသည်ဟု အထင်ခံရသည်ကိုလည်း ကျွန်မက ကြောက်သည်။ ကျွန်မအကြောင်း ကို ကျွန်မပြောပြရသည့် အခါများ ၌ မည်သည့်အခါမျှ ကျွန်မ ချမ်း သာကြောင်း ကို ထုတ်မပြောခဲ့ပါ။ တစ်ခါတစ်ရံ၌ ကျွန်မတွင် ရှိသော ငွေများ က ကျွန်မကို ပျက်စီးအောင် လုပ်မည်ဟု ခံစား ရသည်။ အခြား သူများ မကျေနပ်အောင်၊ မနာလိုအောင်၊ ဒေါသထွက်အောင် လုပ်မည်ကို ကျွန်မ စိုး ရိမ်မိသည်။ တစ်ခါတစ်ရံ၌ ကျွန်မသည် ချမ်း သာတစ်ယောက်လို အမြင်မခံရလျှင် ပိုကောင်း မည်ဟု ထင်မိသည်။ ကျွန်မအနေဖြင့် ငွေ၏ အပြစ်များ ကို ခံစား နိုင်လောက်အောင် လုံလောက်သည့်ငွေများ ရှိနေသည်။ သို့သော် ထိုငွေများ ဖြင့် အေး အေးဆေး ဆေး သက်သောင့်သက်သာ မနေနိုင်ပါ။ ကျွန်မက ငွေကို သဘောကျ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သည်။ ငွေရသည်ကို သဘောကျသည်။ ငွေရအောင် လုပ်ရသည်ကို သဘောကျသည်။ ရသည့်ငွေကို သုံး ရသည့် အခါ၌လည်း သဘောကျသည်။ သို့သော် ကျွန်မမှာ ငွေများ ကို မထိန်း ချုပ်နိုင်သလို ငွေကြောင့် ပေါ်ပေါက်လာသည့် ဒုက္ခများ ကိုလည်း ထိန်း ချုပ်ခြင်း မပြုနိုင်ပေ။

ကျွန်မကိုယ်ကျွန်မ ရှင်း ရှင်း လင်း လင်း နား လည်ထား သည့် အရာများ ရှိသည်။

(၁) ကျွန်မသည် ကျွန်မ၏ ငွေများ ကို ဆုပ်ကိုင်ထား ချင်သည်။ ကျွန်မရှာချင်လျှင် ရှာလိုက်မည်။ ပိုရအောင်လည်း ကြိုး စား လျှင် ကြိုး စား လိုက်မည်။ သို့သော် လိုသည်ထက် ပိုပြီး မလိုချင်။

(၂) ကျွန်မအနေနှင့် ငွေကို ဆုပ်ကိုင်ထား ရုံမျှသာမက သုံးဖြုန်းခြင်းလည်း အလွန်တွယ်နေပြီ။ ကျွန်မတို့သည် ယခု တစ်ဘဝ၌သာ ငွေကို သုံး စရာရှိသည်။ ယခုဘဝပြီး လျှင် ငွေသည် ကိုယ့်ဟာ မဟုတ်တော့ဟု ပြောဆိုနေကြသည်။ ကျွန်မက ကျွန်မမှာ ရှိသော ငွေကြေး များ ကို ကျွန်မ ပိုင်သည့် ငွေများ ဟုသာ ထင်သည်။ ငွေ ဘယ်က လာသည်၊ ငွေ ဘယ်ကိုသွား သည် ဟူသည့် ကိစ္စများ ကို ထူ ထူ ခြား ခြား ခံစားရခြင်း မရှိပါ။

(၃) သို့သော် ငွေသည် ကျွန်မကို လွတ်လပ်မှုတစ်မျိုး ရအောင် ဆောင်ရွက်ပေး နိုင်သည်။ ကျွန်မက သူ့ကို အလွန်အကျွံ ခြိမ်းခြောက်လျှင် ကျွန်မကို စီး ပွား ရေး အရ ပြန်လည် တုံ့ပြန်မည်။ သူများ နှင့် ပခုံး ချင်း ယှဉ်နိုင်သည်။ ကျွန်မ လုပ်ချင်သည့် ကိစ္စများ ကို ရှာဖွေတွေ့ရှိရန်အတွက် လွတ်လပ်ခွင့်ရှိသည်။ တစ်ခါတစ်ရံ၌ ကျွန်မ ဘာလုပ်ချင်သည်ကို ရှာဖွေတွေ့ရှိနိုင်သည်။ ဘာလုပ်ချင်သည်၊ ဘာလုပ်နိုင်သည်ကို ရှာဖွေတွေ့ရှိရန် ကြိုး စား သော်လည်း အမှန်တကယ်၌ ဘာမျှ မလုပ်ဖြစ်။ ထိုလွတ်လပ်ခွင့်များ က ကျွန်မ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကို အပေါ်ရောက်အောင် သော်လည်းကောင်း၊ အောက်ရောက်အောင် သော်လည်းကောင်း ပို့ဆောင်နိုင်သည်။

(၄) ငွေရေးကြေးရေးနှင့် ပတ်သက်၍ ကျွန်မအနေနှင့် အင်အားသိပ်အကုန်မခံချင်။

(၅) ကျွန်မ ကောင်းကောင်းသိသည့် လူတစ်ယောက်နှင့်မှ လွဲ၍ အခြားသူများနှင့် ငွေရေးကြေးရေးကိစ္စ မပြောချင်။ ပြောမိလျှင်လည်း မဆုံချင်။

(၆) ကျွန်မသည် အခြားသူများနှင့် မတူခြားနားမှုရှိသည့် သူတစ်ယောက်ဟု ယုံကြည်ချက်ရှိသည်။ အခြား အမေရိကန်များက သူတို့ကိုယ်သူတို့ သဘောကျသည်ထက် ပို၍ ကျွန်မကိုယ်ကျွန်မ သဘောကျသည်တော့ မဟုတ်။ တစ်ခါတစ်ရံ၌ ကျွန်မသည် မျက်နှာကြီး ကြိုက်ရမှာ ရှက်တတ်သော်လည်း ကျွန်မသည်လည်း မျက်နှာကြီး ကြိုက်တတ်သူ တစ်ယောက်သာ ဖြစ်သည်။ ကျွန်မကို အခြားသူများက သဘောကျနှစ်သက်တာ ကြိုက်သည်။ သို့သော် ထိုသဘောကျနှစ်သက်ခြင်းမှာ ကျွန်မ၏ ငွေကြောင့် ဖြစ်နေသည်။

(၇) ကျွန်မသည် အလွန်အကျွံ သုံးဖြုန်းမှုများ၊ ကြွားဝါမှုများနှင့် ပတ်သက်လျှင် ငွေကြေးရှိသူများက ကြွားဝါသည်ထက် ငွေကြေးမရှိသူများက ကြွားဝါကြခြင်းကို အလွယ်တကူ ခွင့်လွှတ်နိုင်သည်။

ကျွန်မမှာ ငွေမရှိလျှင် ဘယ်လိုနေမည်ကို စဉ်စားမိသည်။ အမှန်စင်စစ် ကျွန်မ၌ စိတ်ကူးတစ်ခု ရှိသည်။ ကောလိပ်က ကျွန်မကျောင်းဆင်းပြီး ငါးနှစ်အတွင်း၌ ကျွန်မ အလုပ်လုပ်ခဲ့သည်။ ထိုသို့ အလုပ်လုပ်နေသည့် အချိန်၌ အလုပ်လုပ်၍ မဟုတ်ဘဲ အပိုဝင်ငွေမှာ တစ်လလျှင်၊ တစ်နှစ်လျှင် ဒေါ်လာ ၂၀၀၀ ခန့် ရရှိခဲ့သဖြင့် ထိုငွေကို သုံးခဲ့ရဖူးသည်။ အများအားဖြင့် ကျွန်မ အလုပ်လုပ်၍ ရရှိသည့် ငွေများကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အာ ကို ၍သာ ကျွန်မ နေထိုင် သည်။ ကျွန်မ၏ အလုပ်ခွင် အခြေအနေအတိုင် သာ ကျွန်မ နေထိုင်သည်။ အလုပ်ခွင်နှင့်ပတ်သက်၍ ကျွန်မ၏ ရည်မှန် ချက် ကြီ မာ သည်။ ကျွန်မ လက်ထပ်သည့် အချိန်အထိ အလုပ်လုပ်မည်ဟု ရည်ရွယ်ခဲ့သော်လည် တစ်ခါမျှ လက်မထပ်ခဲ့ပေ။ ကျွန်မလိုအပ်လျှင် မိဘများ ထံ ပြန်တောင် နိုင် သည်ဟု နာ လည်သော်လည် မိဘများ ထံမှ မည်သည့်အခါမျှ ပြန်မတောင် ဟု ယူဆခဲ့သည်။ ကျွန်မ၏ အဖေက ကလေ များ ၏ လွတ်လပ်မှုကို တန်ဖို ထာ ကြောင် ပြောခဲ့ဖူ သည်။ ကျွန်မနှင့် ပတ်သက်၍ ကျွန်မကိုယ်ကျွန်မ ဂုဏ်ယူဆဲ ဖြစ်သည်။

ကျွန်မ ရွေ ချယ်လိုက်သည့် လမ် ကြောင် မှာ ဆင် ရဲသာ များ နှင့် လူမည် များ အာ ကူညီထောက်ပံ့ရသည့် လုပ်ငန် ဖြစ်သည်။ ဤသို့ ဆောင် ရွက်သည့် ကိစ္စသည် မွန်မြတ်သည့် တာဝန်တစ်ခု ဖြစ်သော်လည် ကျွန်မ ကတော့ ထိုသို့မထင်ပါ။ ကျွန်မ၏ ပုဂ္ဂိုလ်ရေ ဒေါသကို ဖိနှိပ်ခံရသူများ ၏ ဒေါသအဖြစ်သို့ တရာ မျှတစွာ ပြောင် လဲပစ်ရန် ကြို စာ မှု တစ်ရပ်သာ ဖြစ်သည်။ ကျွန်မကိုယ်ကျွန်မ မကူညီနိုင်၊ မကယ်နိုင်ဘဲ ကမ္ဘာကြီ ၏ ဒုက္ခ များ ကို ကူညီ ကယ်တင်ရန် အသုံ ဝင်သည်ဟု ထင်လိုခြင် သာလျှင် ဖြစ် သည်။ ကျွန်မသည်လည် အခြာ သူများ လိုပင် ကောင် သော အလုပ်များ ကို လုပ်ချင်နေသည်။ ထူ ထူ ခြာ ခြာ ကိစ္စမျို ဖြစ်အောင် လုပ်ချင်နေသည်။ မည်သည့်ဝင်ငွေ ရှိသည်ဖြစ်စေ၊ ကျွန်မ ရရှိသည့် အလုပ်က ဘဝနှင့် ပတ် သက်သည့် သင်ခန် စာအချို့ကို ပေ သည်။ ငွေရေ ကြေ ရေ ကိစ္စများ က ကျွန်မကို ပြုံကွဲစေကြောင် ၊ ပျက်စီ စေကြောင် သင်ခန် စာတစ်ခု ပေ သည်။ ကျွန်မ ဆင် ဆင် ရဲရဲမနေချင်။ ဆင် ဆင် ရဲရဲ နေနိုင်မည်ဟု စိတ်ကူ ယဉ် ခြင် လည် မရှိ။ အခြာ သူများ ဆင် ရဲသည်ကိုလည် မကြိုက်။ ကျွန်မ ကိုယ်တိုင်လည် အဆင် ရဲ မခံချင်။

ငွေရှိသည့် သူများ သည် ဆင် ရဲသာ များ နှင့် တွေ့လျှင် ၎င် တို့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆင် ရဲရခြင် မှာ သူတို့အပြစ်ပင် ဖြစ်သည်ဟု မြင်တတ်ကြသည်။ ကျွန်မ အနေဖြင့်မူ ကျွန်မတို့၏ အပြစ်ဟု မြင်သည်။ ကျွန်မတို့ ဆိုရာ၌ ငွေရှိသူများ ကို ဆိုလိုသည်။ **ငွေရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ လူအများ သည် လူအများ သာ ဖြစ်သည်**ဟု ကျွန်မ မြင်သည်။ **ငွေရှိလျှင် အစစအရာရာ ပြီ သည်ဟု မဆိုနိုင်ချေ။ သို့သော် ငွေရှိလျှင် အစစအရာရာ ရှိသည်ဟု ပြောရန် ပို၍ လွယ်သည်။**

ကျွန်မလောက် ငွေမရှိသူများ နှင့် စကာ ပြောရသည့်အခါ၊ အလုပ် လုပ်ရသည့် အခါများ ၌ ကျွန်မ၏ စိတ်မှာ ဒွိဟ ဖြစ်နေတတ်သည်။ ကျွန်မ ငွေသုံ ပုံနှင့် အခြာ သူများ က ငွေရရှိရန် ကြို စာ ပမ် စာ အလုပ်လုပ်နေရ ပုံများ ၏ ဇာမ ခြာ နာ ချက်ကြီ ကို ကျွန်မ သဘောပေါက် နာ လည်မိ သည်။ ကျွန်မ လုပ်လိုက်မိသည့် မကျေမနပ်ဖြစ်မှုများ ကိုလည် နာ လည်မိ သည်။ ကျွန်မအနေဖြင့် ချမ် သာသည့်သူများ က ဆင် ရဲသည့်သူများ နှင့် ကင် ကွာနေခြင် ကို နာ လည် သဘောပေါက်နိုင်သော်လည် ခွင့်မလွှတ်နိုင်ပါ။

ကျွန်မ နေထိုင်ရခက်ခြင် မှာ အခြာ သူများ သဘောမကျမှာ စို ရိမ်ခြင် ကြောင့် မဟုတ်ပါ။ ငွေအများ ကြီ ပိုင်ခြင် ကြောင့် အပြစ်ရှိသည်ဟု ခံစာ မိ၍လည် မဟုတ်ပါ။ ထိုငွေအများ ကြီ နှင့် မခွဲလိုခြင် ကြောင့်သာ ဖြစ်ပါသည်။ အကယ်၍သာ ကျွန်မ၏ ငွေအာ လုံ ကို ပေ ပစ်လိုက်လျှင် ပြဿနာ ဖြစ်တော့မည် မဟုတ်ပါ။ သို့သော် ထိုသို့ မပေ ပစ်နိုင်။ ထိုသို့ ပေ ပြီ လျှင်လည် မည်သို့မျှ ထူ ခြာ မည် မဟုတ်ကြောင် ကျွန်မက သိနေ သည်။ ထိုသို့ ပေ မပစ်ခြင် မှာ ကျွန်မကိုယ်တိုင်က မပေ လို၍ ဖြစ်သည်။

ကျွန်မကိုယ်ကျွန်မ အပြစ်ရှိသလို၊ တာဝန်ရှိသလို ဖြစ်နေသည့် ကိစ္စများ နှင့် ပတ်သက်၍ ငွေကြေ ကိစ္စသည် ကျွန်မဘဝ၏ တစ်စိတ် တစ်ဒေသ ဖြစ်နေ၍ ဖြစ်ကြောင် ကျွန်မ ကောက်ချက်ချမိသည်။ ကျွန်မကို ပေ လိုက်သည့် ငွေများ နှင့် ပတ်သက်၍ ကျွန်မ ဘာမှ လုပ်နေစရာ မလို။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ငွေဘယ်လို ရသည်ကိုလည်း ဘာမှ သိနေစရာ မလို။ သို့သော် သစ်ပင် တစ်ပင်၊ ဖော်သည်တစ်ယောက်၊ မြစ်တစ်စင် ကို မမှန်မကန် လုပ်မိ လိုက်သလို၊ ဝန်ထမ်း တစ်ယောက်က ကျွန်မ အိတ်ထဲသို့ ငွေလာထည့်သည့် အခါ ကျွန်မလည်း တရား ခံတစ်ယောက် ဖြစ်လာသည်။ မြစ်ထဲရှိ ရေများ ကို ညစ်ညမ်း အောင် လုပ်ဖို့ သို့မဟုတ် မလုပ်ဘဲ နေဖို့ ဆုံး ဖြတ်ချက်ချသူများ ၊ လိမ်တတ် ညာတတ်သည့်သူများ ၊ အဆင့်အတန်း ခွဲတတ်သည့်သူများ က ကျွန်မအတွက် လုပ်ရသည်ဟု ပြောလာတတ်သည်။ ကျွန်မအနေဖြင့် ငွေအရင်း အမြစ်ကြောင့် ပေါ်ပေါက်လာသည့် ပြဿနာများ ကို သုတေသန ပြုရန်ပင် ကြိုး စား သေး သည်။ ထို ရရှိလာသည့် အချက်အလက်များ ကို ကျွန်မတို့ မိသား စု အဖွဲ့ ဝင်များ အား တင်ပြပြီး တစ်စုံတစ်ခု ဆောင်ရွက် ရန်ပင် ကြိုး စား ပါသေး သည်။ ထိုကိစ္စကို ယခုလည်း ဆက်ပြီး ကြိုး စား နေ သော်လည်း ထွက်ပေါ်လာသည့် ရလဒ်များ နှင့် ပတ်သက်၍မူ ကျေနပ်ခြင်း မရှိပါ။

ကျွန်မ သိသော၊ မသိသော ဆွေမျိုး များ နှင့် ပတ်သက်၍ ကျွန်မ ဂရုစိုက်မှု၊ အလေ ထား မှု ရှိပါသည်။ ကျွန်မ သဘောမကျသည့် ဆွေမျိုး များ အများ ကြီး ရှိသော်လည်း အများ အား ဖြင့် ကျွန်မသည် မိသား စုစိတ် ရှိသူ ဖြစ်သည်။ ဆွေမျိုး များ နှင့် ဗီဇသဘောအရ ဆက်နွယ်မှု ရှိသည်ဖြစ်၍ ကျွန်မ ၏ မိသား စုအကြောင်း ကို အတော်များ များ နောက်ကြောင်း ပြန်လိုက်နိုင် ပါသည်။ သို့သော်လည်း ကျွန်မအနေဖြင့် အမျိုး အနွယ်နှင့် ပတ်သက်၍ သိပ်ဂရုစိုက်လှ မရှိပါ။ ထိုသို့ ဂရုစိုက်စရာ မလိုသည့် အကြောင်း ကလည်း ရှိပါသည်။ ကျွန်မသည် သာမန် အမေရိကန်တစ်ယောက်လို အရောရော အနှောနှော ဘဝက လာသောသူ တစ်ယောက်သာ ဖြစ်သည်။အနည်း နှင့် အများ ဆိုသလိုပင် ကျွန်မသည် လူမှုရေး နယ်ပယ်ကို လက်ရှိအခြေအနေ အတိုင်း ကျေနပ်တတ်သူ ဖြစ်ပါသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျွန်မ၏ မိတ်ဆွေများ မှာလည်း ဘယ်ပုံစံဝင်သည်ဟု တိတိကျကျ ပြော၍ မရပါ။ ကျွန်မ၏ အမျိုးသာ မိတ်ဆွေ အတော်များ များ မှာမူ လက်ရှိ အခြေအနေအတိုင်း နေတတ်ကြသူများ ၊ နေချင်ကြသူများ မဟုတ်ကြပါ။ သူတို့သည် ဂျူ လူမျိုး များ နှင့် လူမည်း များ ဖြစ်ကြသည်။ ကျွန်မမှာ ငွေကြေ ကိစ္စသည် လူမှုရေး နှင့် ဆိုင်သည်၊ မဆိုင်သည်ကို မည်သို့ အကဲဖြတ်ရမည်ဟု မသိပါ။ ကျွန်မ စိတ်ဝင်စာ သည့် ကိစ္စများ သည် ငွေကြေ နှင့် ဆိုင်သည်၊ မဆိုင်သည်ကို ကျွန်မ နာ မလည်တော့ပါ။ ကျွန်မအကြောင်း ၊ အမျိုး သာ များ အကြောင်း ၊ လက်ရှိ အခြေအနေတွင် နေထိုင်ရပုံ အကြောင်း များ ကို တွေ ရသည့် အခါမှာလည်း စိတ်မသက်မသာ ဖြစ်မိပါသည်။ ကျွန်မနှင့် သူတို့အကြာ ခြာ နာ မှုကို လူ့အဖွဲ့အစည် က ဆုံ ဖြတ်ထာ ခြင် ကြောင့် ကျွန်မ မကျေမနပ် ဖြစ်ချင် ဖြစ်နိုင်ပါသည်။ ကျွန်မမှာ မူလကတည် က အစွဲအလမ် တစ်ခု ရှိနေခြင် ကြောင့်လည် ဖြစ်နိုင်ပါသည်။ အခြာ ရှုထောင့် ကကြည့်လျှင် ကျွန်မ တွေ့ကြုံခဲ့ရသော အမျိုး သာ များ သည် တော်သော၊ ဉာဏ်ပညာရှိသောသူများ ဖြစ်ပါသည်။ အချို့သူများ ဆိုလျှင် ကျွန်မထက်ပင် ပို၍ တော်ကြ၊ ပို၍ ဉာဏ်ပညာ ရှိနေသည်။ ကျွန်မအနေနှင့် တော်တော် ကောင် သည့် လူကောင် များ နှင့် အချိန်တော်တော် အကုန်ခံခဲ့ပါသည်။ အမှန် စင်စစ် ကျွန်မ တွေ့ကြုံရသော အမျိုး သာ များ အပေါ် အခြေခံပြီ အမျိုး သာ အာ လုံ ကို မည်သို့သောသူများ ဖြစ်သည်ကို ယေဘုယျပြုရန် မလွယ်ကူပါ။ အမျိုး သာ များ နှင့် ဆက်ဆံရတိုင် ကျွန်မသည် ဆက်ဆံရေ ကောင် မွန်ရန် ကြို စာ အာ ထုတ် ခဲ့ပါသည်။ သို့သော်လည် ၇၀ ရာခိုင်နှုန် ခန့်သာ အမျိုး သာ များ က သူတို့၏ ဆက်ဆံရေ များ ကို ပြန်လည်ရုပ်သိမ် ခဲ့ကြ သည်။ ထိုသူများ တွင် အဆင့်အတန် ရှိသူများ ပါသလို အဆင့်အတန် မရှိသူများ လည် ပါသည်။

ကျွန်မကလည် အမျိုး သာများ က ကျွန်မကို မလိုချင်ဘဲ ကျွန်မ၏

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ငွေကြေး ကိုသာ လိုချင်မည်ကို စိုးရိမ်ထိတ်လန့်မိသည်။ ငွေချမ်းသာသူများ ကို လိုက်၍ အမဲဖျက်နေကြသူများ ၏ အကြောင်း ကို ကြား မိသည့်အခါ ကျွန်မ၏ စိုးရိမ်သောကများ မှာ ပို၍ ဆိုးလာသည်။ ကျွန်မမှာ ငွေကလွဲ၍ အခြား ကြိုက်စရာ အရည်အချင်း မရှိတော့ဘူး လား ။ ကျွန်မမှာ ငွေမရှိတော့ လျှင် အခြေအနေတွေ မည်မျှ ပြောင်းလဲသွားမည်ကို ကျွန်မ မသိပါ။ ငွေ မရှိလျှင် မည်သို့ ဖြစ်မည်ဟု တွေးကြည့်မိသောအခါ ပေါ်ပေါက်လာသော ရုပ်ပုံလွှာများ မှာ လှလှပပ အဆင်ပြေပြေ မရှိလှပါ။ ကျွန်မ၏ အခြေအနေကို အခြား သူများ အား ပြောပြနိုင်သည့် နည်းလမ်း များ ရှိပါသည်။ သို့သော်လည်း မပြောဖြစ်ဘဲ ရှိနေသည်။ တစ်ခါတစ်ရံ၌ ကျွန်မ သိသည့်လူများ ငွေရေး ကြေး ရေး မဖြေရှင်း နိုင်သည့် အဖြစ်များ နှင့် ကြုံတွေ့သည့်အခါ ကျွန်မ စိတ်မကောင်း ဖြစ်မိသည်။ ငွေလိုအပ်နေခြင်း သည် လူတစ်ယောက်ကို ထိုင်းမှိုင်း စေနိုင်ကြောင်း ၊ ပျက်စီး စေနိုင်ကြောင်း တွေ့ရသည်။ ငွေ အလွန် လိုအပ်လာလျှင် ထိုလူသည် တစ်ကိုယ်ကောင်း ဆန်သူ၊ လိမ်ညာတတ်သူ ဖြစ်လာနိုင်သည်။

ကျွန်မ၏လက်ရှိချစ်သူနှင့် ကျွန်မသည် ငွေရေး ကြေး ရေး ဆွေး နွေး မိကြသည်။ ငွေနှင့် ပတ်သက်၍ သူ၏ ခံစား မှုများ ၊ ကျွန်မ၏ ခံစား မှုများ အကြောင်း ကို ပြောဖြစ်ကြသည်။ ကျွန်မက သူ့ကို မျက်နှာကြီး ကြိုက်သည်ဟု စွပ်စွဲသလို သူကလည်း ကျွန်မကို ပြန်စွပ်စွဲတတ်သည်။ နှစ်ယောက် စလုံး ကလည်း ဝန်ခံကြပါသည်။ ထိုကဲ့သို့ ဆွေး နွေး ဖြစ်ကြခြင်း မှာ ငွေဘယ် လောက်ရှိသည်၊ ငွေနှင့် ပတ်သက်၍ ဘာဖြစ်မည် ဆိုပြီး မိသားစု အရေး ကိစ္စ တစ်ခု ပေါ်ပေါက်လာ၍ ဖြစ်သည်။ ထို့ကြောင့်ပင် ငွေရေး ကြေး ရေး ကို မဆွေး နွေး ချင်ဘဲ ဆွေး နွေး ရခြင်း ဖြစ်သည်။ အကယ်၍ ကျွန်မမှာ ယခုထက် ဆင်းရဲသွား လျှင် သူ မကြိုက်တော့မှာကို စိုးရိမ်နေသည်။ ယခင်ကလည်း သူက ထိုအကြောင်း ကို ပြောခဲ့ဖူး သော်လည်း ကျွန်မကမူ ကျွန်မကို စိတ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



မဝင်စားဘဲ ငွေကိုသာ စိတ်ဝင်စားသည်ဟု ထင်နေသည်။ နောက်ဆုံး၌ ကျွန်မရဲ့ ငွေတွေကို သဘောကျနေတာ မဟုတ်လားဟု မေးသည့်အခါ သူက ဟုတ်တယ်ဟု ဖြေသည်။ သူ့အတွက်ဆိုလျှင် ငွေသည် ကျွန်မပိုင်ဆိုင်သမျှတွင် စွဲလမ်းမှု အရှိဆုံးဟု ပြောပြသည်။ ထိုငွေကို ရဖို့အတွက် သော်လည်းကောင်း၊ သုံးဖို့အတွက် သော်လည်းကောင်း သူ ဂရုစိုက်နေမည်တော့ မဟုတ်ပါ။ အကယ်၍ ကျွန်မမှာ ငွေမရှိတော့လျှင် ဆက်ဆံရေး ပြောင်းမည်လားဟု မေးသောအခါ သူက မဟုတ်ပါဟု ငြင်းသည်။ ငွေကြောင့် ဆက်ဆံရေး ပြောင်းလျှင်လည်း သတိထားမိမည် မဟုတ်ပေ။ သို့သော် သူက ကျွန်မမှာ ငွေကြေး ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် မရှိဘဲ အခြားသူ တစ်ဦးတွင် ငွေတွေ ရှိနေလျှင်လည်း သူက စိတ်ဝင်စားမည် မဟုတ်ဟု ပြောသည်။ မည်သို့ပင် ပြောသည် ဖြစ်စေ၊ သူ့အပေါ်ထားသည့် ကျွန်မ၏ သံသယများမှာ လျော့မသွား။ ကျွန်မတို့ ဆွေးနွေးပြီးသည့်နောက် ကျွန်မပိုင်ငွေတွေကို သူ ဘယ်တော့မှ ထိန်းချုပ်နိုင်မည် မဟုတ်ကြောင်း ပြောလိုက်မိသည်။ ထို့ကြောင့်ပင် သူ စိတ်မသက်မသာ ဖြစ်သွားပုံရသည်။

ကျွန်မသည် ချစ်သူ မှန်ကန်ကြောင်း လက်ခံသင့်သည်။ ငွေရေးကြေးရေးနှင့် ပတ်သက်၍ အချိန်အဆ မျှတမှု ရှိခြင်းသည် ကျွန်မတို့ နှစ်ယောက်ကြား၌ အရေးပါသည်ဟု သူ ပြောသည်မှာ မှန်ကြောင်း ပြောသင့်သည်။ သို့သော် အခြားအရာများက ဤကိစ္စကို လွှမ်းမိုးသွားသည်။

မကြာမီက သူသည် ကျွန်မကို လက်မထပ်လိုဟု ဆုံးဖြတ်ခဲ့သည်။ အံ့သြစရာကောင်းသည်မှာ ယခုအချိန်တွင် သူ့အပေါ်ထားသော သံသယများ လျော့လာခြင်းပင် ဖြစ်သည်။ ကျွန်မ၏ အတွေးစများ ဖရိုဖရဲ ဖြစ်နေသဖြင့် ရှေ့နောက် အချိတ်အဆက် မမိဘဲ ဖြစ်နေသည်။

ကျွန်မပိုင်ဆိုင်သည့် ငွေများသည် ခေါင်အုံကြီး တစ်လုံးနှင့်သော်လည်းကောင်း၊ စောင်တစ်ထည်နှင့်သော်လည်းကောင်း တူနေသည်။ ကျွန်မ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



စိတ်ဓာတ်ကျလာလျှင် ဖက်ထား စရာ သို့မဟုတ် လွှမ်းခြုံစရာ ဖြစ်သည်။ အခြေအနေဆိုးများနှင့် ကြုံကြိုက်သည့်အခါ ကျွန်မအိမ်ထဲ၌ ကျွန်မ အေးအေးဆေးဆေး နေနိုင်မည်ဟု ထင်ခဲ့သည်။ ယခုအချိန်တွင် ကျွန်မ ကိုယ်ပိုင်အလုပ်တစ်ခု ရထားပြီ ဖြစ်သည်။ ထို့ကြောင့် အိမ်တွင် ပုန်းစရာ မလိုတော့ပေ။ နှစ်ပေါင်းများစွာ မည်သည့်တာဝန်မျှ မရှိဘဲ ကျွန်မ နေခဲ့သည်။ အလုပ်မလုပ်ဘဲ နေနိုင်သည့်နှစ်များ အများကြီး ကျန်နေသေးသည်။ ထိုသို့နေသည့်အတွက် ကျွန်မ အလွန် အထီးကျန် ဖြစ်နေသည်ကိုလည်း သိသည်။ ကျွန်မဘဝ၏ ဖြစ်တည်မှုနှင့် ပတ်သက်သော မေးခွန်းများကို ထပ်ကာ တလဲလဲ မေးမြန်းကာ စိတ်ဆင်းရဲနေမိသည်။ ငွေရှိရုံဖြင့် ထိုအကြောင်းတရားများ၊ ထိုမေးခွန်းများကို လွှမ်းမိုးမသွားနိုင်ကြောင်း ကျွန်မ နားလည်သည်။ ကျွန်မပိုင်ဆိုင်သော ငွေကြောင့် ထိုအခြေအနေများကို ပို၍ပင် ဆိုးစေနိုင်သည်။ ငွေရှိလျှင် ကျွန်မ အပြင်ထွက်စရာ မလိုသဖြင့် ပို၍ အထီးကျန်စေသည်။ ကျွန်မကိုယ်ကျွန်မ အခြားသူများနှင့် ကင်းကွာနေအောင်၊ သူစိမ်းတစ်ရံဆံဖြစ်နေအောင် ငွေက လုပ်နိုင်စွမ်း ရှိသည်။

ဤနိုင်ငံ၌ ဥစ္စာဓနကို ခွဲဝေပုံအရ လူအတော်များများမှာ ငွေကြေးမရှိဘဲ ဖြစ်နေကြသည်။ ငွေရှိသူများမှာ ငွေရှိသည့်အတွက်ပင် အမုန်းခံနေကြရသည်။ အထူးသဖြင့် ထိုငွေကို အခြားသူများအား မပေးသည့်အခါ အမုန်းခံရတတ်သည်။ အခြားသူများကို ပေးသောအခါ၌လည်း ရန်ဖြစ်နေကြ၍ အမုန်းခံရတတ်သည်။ ယခု ကျွန်မ ရရှိထားသည့် အလုပ်မှာ ရန်ပုံငွေရှာဖွေသည့် အလုပ်ဖြစ်သည်။ ငွေကြေးချမ်းသာကြွယ်ဝသူတစ်ဦး အနေဖြင့် ရန်ပုံငွေ ရှာသည့်အလုပ်ကို လုပ်နေသည်မှာ ထူးဆန်းအံ့သြဖွယ် ဖြစ်သည်။ ထိုသို့ ရန်ပုံငွေရအောင် ကြိုးစားသောအခါ လူအများက သူ့ကို ငါ ပိုက်ဆံတစ်ပြားမှ မပေးဘူး သူ့ပိုက်ဆံပဲ ငါလိုချင်တယ်ဟု ပြောလေ့ရှိတတ်သည်။ ထိုသို့ အပြောခံရသည့် အခါ၌လည်း ကျွန်မ အနေကြုံ့ နေတတ်သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အချို့က ကျွန်မသည် ငွေကို ထိုက်ထိုက်တန်တန် ရခြင်း မဟုတ်သဖြင့် ထိုငွေက ကျွန်မကို ဖျက်ဆီးနိုင်သည်ဟု ပြောကြသည်။ ငွေတွေမှာ ယွင်းပြီး ရထားသည်ဟု ကျွန်မ မထင်ပါ။ **မည်သူမဆို ငွေရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ အသက်ရှင်သန် ရပ်တည်ခြင်း အတွက်ပင် ချီမြှင့်ထိုက်သည်ဟု ထင်သည်။** ကျွန်မအနေဖြင့် ငွေရအောင် ကြိုးစား ခဲ့သည် မဟုတ်။ အမေရိကန် အတော်များ များ ၏ ရှုထောင့်မှ ဆိုလျှင် **ငွေအချောင်ရခြင်း သည် ဒုစရိုက်တစ်ခု**ပင် ဖြစ်သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အခန်း [ ၅ ]

## ပဉ္စမ ဥပဒေသ

## ငွေကို ပေ ပစ်၍မရ

ဤစကား သည် အပေါ်ယံအား ဖြင့် ကြည့်လျှင် အဓိပ္ပာယ်မရှိသလို ဖြစ်နေသည်။ ဤစာလုံး များ ကို ရေ ချလိုက်သည့်အခါ အခြား သူများ က မည်သို့ အဓိပ္ပာယ်ကောက်ကြမည်ကို ကျွန်တော် သဘောမပေါက်။ ကျွန်တော်၏ သူငယ်ချင်း **ဆယ်လ်လီ**က ငွေကို ပေ ပစ်၍မရ ဆိုသည်မှာ အနီး နား၌ ငွေတွေ အများ ကြီး ရှိနေ၍ ဟု ထင်ကြောင်း ပြောပြသည်။ ကျွန်တော်က ထိုသို့ ရည်ရွယ်သည် မဟုတ်ပါ။ ကျွန်တော်က ငွေကို စီး ဆင်း နေသည့် အရာတစ်ခုအဖြစ် မြင်ချင်သည်။ **ငွေဆိုသည်မှာ ဆက်ဆံရေး တစ်ခု ဖြစ်သည်။** ချေး ငှား သူနှင့် ချေး ယူသူ၊ ရောင်း သူနှင့် ဝယ်သူ၊ မိဘနှင့် ကလေး တို့၏ ဆက်ဆံရေး ကို ဖော်ပြသည့် အရာတစ်ခု ဖြစ်သည်။ အချိန်ကာလ တစ်ခု အတွင်း၌ ငွေသည် လမ်း ကြောင်း တစ်ခုမှ စီး ဆင်း သွား တတ်သည်။ ဝါယာ ကြိုး များ တစ်လျှောက် လျှပ်စစ်ဓာတ်များ စီး ဆင်း သွား သလို ဖြစ်သည်။ ဝါယာကြိုး များ က ဆက်ဆံရေး ကို သတ်မှတ်သည်။ တစ်နည်း အား ဖြင့် ဆိုလျှင် စီး ဆင်း မှုများ က ဆက်ဆံရေး ကို သတ်မှတ်သည်။ ဤပဉ္စမဥပဒေသ သည် ငွေကို ရှင်သန်နေသည့် အရာတစ်ခုအဖြစ် ရှုမြင်ရာမှ ထွက်ပေါ်လာ

ရာပြည့်စာအုပ်တိုက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ခြင်း ဖြစ်သည်။ အများအားဖြင့် ကျွန်တော်တို့သည် ငွေကို ပုံသေ မပြောင်းလဲသော အရာတစ်ခုအဖြစ် မြင်တတ်ကြသည်။ ငွေနှင့် ပတ်သက်၍လည်း နှစ်လမ်းသွား လမ်းကြောင်း အဖြစ် မြင်တတ်ကြသည်။ ဥပမာ ငွေလက်ခံကောင်တာ နောက်က လူတစ်ယောက်ကို ဒေါ်လာ ၅၀ ပေးလိုက်လျှင် သူက လေယာဉ်ပျံ တစ်နာရီစီးရန်အတွက် လက်မှတ်တစ်စောင် ပေးလိုက်သည်။ တစ်နည်းအားဖြင့် ပြောရလျှင် လေယာဉ်ပျံကို တစ်နာရီ ငှားရမ်းလိုက်ခြင်း ဖြစ်သည်။ ကျွန်တော်တို့အနေဖြင့် နှစ်လမ်းသွား စီးဆင်းမှုမျိုး၊ ဖလှယ်မှုမျိုးကို မျှော်လင့်တတ်ကြသည်။ လူတစ်ယောက်က အခြားတစ်ယောက်ကို ၂၅ ဒေါ်လာ ပေးပြီး သိမ်းထားလိုက်ဟု ပြောလျှင် ထိုစီးဆင်းမှုမျိုးမှာ တစ်လမ်းသွား စီးဆင်းမှုမျိုးဟု ထင်၍ လက်ဆောင်ဟု ခေါ်တတ်ကြသည်။ အနည်းဆုံး ရေတိုကာလ အတွင်းတွင် တစ်လမ်းသွား စီးဆင်းမှုမျိုးဖြစ်သဖြင့် လက်ဆောင်ဟု ထင်တတ်ကြသည်။ ပဉ္စမ ဥပဒေသအရဆိုလျှင် ငွေကို ကျယ်ကျယ်ပြန့်ပြန့် ရေရှည်ရှုမြင်ကြည့်ပါက **နှစ်လမ်းသွား စီးဆင်းမှု၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်**ကိုသာ မြင်ရမည်။ တစ်လမ်းသွား စီးဆင်းမှုမျိုး မဟုတ်ပေ။

ထိုသို့ပေးသည့် ဆက်စပ်မှုမျိုးကို **ဒစ်ခ်ရေမွန်**က မဟာမိတ်ဖွဲ့မှုဟု ဖော်ပြချင်သည်။ လူအတော်များများ အနေဖြင့် ထိုဝေါဟာရကို အသုံးပြု၍ ဖော်ပြနိုင်သည်။ အများအားဖြင့် ချေးငွေများ၊ ရင်းနှီးမြှုပ်နှံမှုများ ဟူ၍ ငွေထုတ်ပေးသည့် ဆက်စပ်မှုမျိုးကို ခေါ်ဝေါ်လေ့ရှိကြသည်။ အမှတ်တမဲ့ကြည့်လျှင် ငွေချေးသူက ပေးပြီး ချေးငှားသူက စာရွက်ကလေး တစ်ရွက်ကို လက်မှတ်ထိုးလိုက်ရသည်။ တကယ့်လက်တွေ့ဘဝ အခြေအနေများ၌ ထိုစာရွက်ကလေးနှင့် ထိုစာရွက်ထဲ၌ ပါသည့် အကြောင်းအရာများသည် အခြေအနေတစ်ခုကို သတ်မှတ်လိုက်ရာ ရောက်သည်။

ဤသဘောတရား အတော်များများသည် ဖောင်ဒေးရှင်း အဖွဲ့တွင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လုပ်ကိုင်ရာမှ ရရှိသော အတွေ့အကြုံများ အပေါ်၌ အခြေခံ၍ ထွက်ပေါ်လာခြင် ဖြစ်သည်။ ကာလ ကြာလာသည့်အခါ ကျွန်တော်က ဒေါ်လာပေါင်သောင် ချီ၍ ထုတ်ပေ ခဲ့ရဖူ သည်။ ပြောသာ ပြောရသော်လည် စိတ်ထဲ၌ ပြန်၍ မစဉ် စာ ဘဲ၊ မှတ်တမ် တွေ ပြန်မကြည့်ဘဲ ငွေမည်မျှသည် မည်သည့် နေရာသို့ ရောက်သွာ သည်ကို မှတ်ပင် မမှတ်မိပေ။ ထိုငွေများ သည် ပင်လျှင် အံ့အာ သင့်စရာ ဖြစ်နေသည်။ ကျွန်တော့်ဘ၀ တစ်လျှောက်လုံ တွင် မည်သူ့ကိုမဆို ပေ ခဲ့သမျှ အာ လုံ ကို ပေါင် လုက်လျှင် ဒေါ်လာ ၅၀၀၀ ထက် မပိုပေ။ ငွေပေ သည့် ကိစ္စနှင့် ထိုကိစ္စမှ ဖြစ်ပေါ်လာသည့် စိတ်ခံစာ မှု အကြောင် ကို အချိန်အများ ကြီ ပေ ကာ တွေ နေမိတတ်သည်။ ကျွန်တော့် အနေဖြင့် အကျိုု ရှိသည့် ခွင့်ပြုငွေများ ၊ မရှိသည့် ခွင့်ပြုငွေများ အကြောင် ကို စဉ် စာ သည့်အခါ အကျိုု မရှိသည့် ခွင့်ပြုငွေများ ၊ ထောက်ပံ့ငွေများ က ဉာဏ် ပညာရှုထောင့်မှ ကြည့်လျှင် စိတ်ဝင်စာ စရာ ကောင် သော်လည် စိတ်ပိုင် ဆိုင်ရာမှာ ကြည့်လျှင် ကျေနပ်စရာ မကောင် သည့် စီမံကိန် များ ၊ လူများ ကို ချေ လိုက်မိသည့် ငွေများ ဖြစ်သည်။ ကျွန်တော် စွဲစွဲလမ် လမ် မရှိသည့်၊ ကျွန်တော်နှင့် မသက်ဆိုင်သည့် ကိစ္စများ အတွက် ထုတ်ပေ လိုက်သည့် ငွေများ သည် မကောင် သည့် ထောက်ပံ့ငွေများ ဖြစ်နေတတ်သည်။ သဘောတရာ အရ ပြောရလျှင် ၎င် တို့သည် တစ်လမ် သွာ သဘောကို ဆောင်သည့် ထောက်ပံ့ငွေများ ဖြစ်နေသည်။ ထောက်ပံ့ငွေများ ပြန်မပေ သည့် သဘောမျိုု ကို ဆောင်နေသည်။ ဤနေရာ၌ ပြန်လည်ပေ ဆပ်သည်မှာ စိတ်ပိုင် ဆိုင်ရာ ကျေနပ်မှုကို ဆိုလိုသည်။ စိတ်ပိုင် ဆိုင်ရာ ကျေနပ်မှု မရှိသည့် ထောက်ပံ့ငွေများ ၊ ချေ ငွေများ ကို တစ်လမ် သွာ သဘောမျိုု သတ်မှတ်နိုင် သည်။

ထိုကဲ့သို့သော ထောက်ပံ့ငွေမျိုု ထဲမှတစ်ခုမှာ အဖွဲ့အစည် တစ်ခုရှိ အမျိုု သမီ တစ်ယောက်ကို ချေ သောငွေ ဖြစ်သည်။ သူမတို့ အဖွဲ့အစည် ၏

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လူမှုရေး တာဝန်များ အကြောင်း ပွင့်ပွင့်လင်း လင်း ပြောတတ်ခြင်း ကြောင့် တွေ့တွေ့ချင်း ကျွန်တော်က အထင်တကြီး ဖြစ်သွားသည်။ သူမတို့ ကုမ္ပဏီ ၏ နှစ်လည် အစည်း အဝေး သို့ သွား ရောက်တက်နိုင်ရန် လေယာဉ်ပျံစရိတ် လိုကြောင်း တွေ့ရသည့်အခါ ကျွန်တော်က ထိုငွေကို ထုတ်ပေး လိုက်သည်။ သို့သော် လက်တွေ့၌ (၁)ထိုအစည်း အဝေး ကို မတက်ခဲ့ရ။ (၂)သူမကိုယ်တိုင် မသွား ဘဲ အခြား တစ်ယောက်ကို လွှတ်လိုက်သည်။ အစည်း အဝေး မှ ထွက် ပေါ်လာသည့် ရလဒ်မှာလည်း သတင်း စာထဲတွင် သတင်း တိုလေး တစ်ခုမျှ သာ ဖြစ်သည်။ အခြား နိုင် ယှဉ်စရာ စီမံကိန်း များ နှင့် ပတ်သက်လျှင် ထို လုပ်ငန်း အတွက် အသုံး ချသော ကုန်ကျစရိတ်များ သည် လူ့အဖွဲ့အစည်း အတွက် အသုံး ဝင်သော်လည်း ထိုထုတ်ပေး လိုက်သည့် ထောက်ပံ့ငွေနှင့် ပတ်သက်၍ စိတ်ပိုင် ဆိုင်ရာ ကျေနပ်မှုကိုမှု မရခဲ့ပေ။

နောက်ပိုင်း ၌ ကျွန်တော်နှင့်သူမ ရင်း နှီး ကျွမ်း ဝင် လာသောအခါ သူမသည် အလွန် အေး စက်စက်နိုင်သော သူတစ်ယောက်၊ ရင်း ရင်း နှီး နှီး ပေါင်း သင်း စရာ မကောင်း သော သူတစ်ယောက် ဖြစ်လာကြောင်း တွေ့ရ သည်။ သို့ဖြစ်၍ ကျွန်တော်က နောင်အခါတွင် စိတ်ပိုင် ဆိုင်ရာ ရင်း နှီး မှု မရှိသောသူများ ၊ နွေး ထွေး မှု မရှိသော သူများ အား မည်သူ့ကိုမဆို ငွေကို ထုတ်မပေး တော့၊ ထောက်ပံ့ကြေး မပေး တော့ဟု ဆုံး ဖြတ်လိုက်သည်။ ထို့ အပြင် ကျွန်တော် ပါဝင်ပတ်သက်စရာ မရှိသည့် လုပ်ငန်း များ အတွက်ကို လည်း ငွေကြေး ထောက်ပံ့ခြင်း မပြုတော့ပေ။

ပွိုင့်ဖောင်ဒေး ရှင်း ဘုတ်အဖွဲ့၌ နေထိုင်ဆောင်ရွက်စဉ်က ကျွန်တော် တို့၏ ရှုထောင့်က ကြည့်လျှင် အခြား အကျိုး မရှိသည့် ထောက်ပံ့ကြေး များ ကို ထောက်ပံ့ခဲ့ဖူး ပေသည်။ ထောက်ပံ့ကြေး တစ်ခုမှာ အမျိုး သမီး များ အခွင့် အရေး ကို တောင်း ဆိုသူ တစ်ယောက်အတွက် ထောက်ပံ့လိုက်သည့် ငွေ ဖြစ်သည်။ ထိုပုဂ္ဂိုလ်မှာ အမျိုး သမီး အခွင့်အရေး တောင်း ဆိုမှုများ ကိုမည်သည့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အခါကမျှ မလုပ်ခဲ့ပေ။ ဘုတ်အဖွဲ့ကရော သူမကပါ သူမ၏ အစွမ်း အစကို ကျော်လွန်၍ မျှော်လင့်မိသည့် အမှား ကို မှား ယွင်း မိခဲ့သည်။ သူမ မတတ်နိုင် သည့် ကိစ္စကို တတ်နိုင်လိမ့်မည်၊ ဆောင်ရွက်နိုင်လိမ့်မည် ဟု မျှော်လင့် မိခဲ့ကြသည်။ ဤနည်း အား ဖြင့် သူမသည် စိတ်သောကပွား စရာ ဖြစ်စေ ခဲ့သည်။ အလား တူ အခြေအနေမျိုး၌ အခြား အမျိုး သမီး တစ်ယောက်က သူမ မတတ်နိုင်ကြောင်း ကို နား လည်သဘောပေါက်ကာ သူမကို ထောက်ပံ့ ထား သည့် ငွေများ ကို ပြန်လည်ပေ အပ်ခဲ့သည်။

ပွိုင့်ဖောင်ဒေ ရှင် ၏ အခြား ဘုတ်အဖွဲ့ဝင် တစ်ယောက်ဖြစ်သော **စတီ ဝပ်ဘရန်** ရရှိခဲ့သော သင်ခန်း စာမှာလည်း စိတ်ဝင်စား စရာ ကောင်း သည်။ သူက **အကြံကောင်း ဉာဏ်ကောင်း တစ်ခုအတွက် ငွေပေး၍ မရဟု** သင်ခန်း စာ ရရှိခဲ့သည်။ သူ တွေ့ကြုံ ရင်ဆိုင်ခဲ့ရသည့် အဆို ဆုံး သော ခွင့်ပြုငွေမှာ အကြံကောင်း ဉာဏ်ကောင်း ရှိပါသော်လည်း ထိုအကြံကောင်း ဉာဏ်ကောင်း ကို လက်တွေ့ အကောင်အထည် ဖော်ဆောင်နိုင်စွမ်း မရှိသူ အား ထောက်ပံ့ခဲ့သည့်ငွေ ဖြစ်သည်။ မူလစိတ်ကူး မှာ အတန်အသင့် ထိ ရောက်မှုရှိသည့် သူတစ်ယောက်ကို သူ၏ စိတ်ကူး များ ၊ အကြံဉာဏ်များ အကောင်အထည်ဖော်နိုင်ရန် ငွေကြေး အကူအညီ ပေး လိုက်လျှင် ပို၍ ထိ ရောက်မှု ရှိမည်ဟု ထင်ခဲ့သည်။ တစ်နှစ်လျှင် ဒေါ်လာ ငါး ထောင်ခန့်ရသည့် သူတစ်ယောက်အား ဒေါ်လာ တစ်သောင်း ခွဲ ထောက်ပံ့ငွေ ပေး ခဲ့ဖူး သည်။ ထိုငွေများ သည် ခြောက်လအတွင်း ကုန်ဆုံး သွား ပြီး ဘာမျှ ဖြစ်မလာခဲ့ပေ။ ထောက်ပံ့ငွေများ ကို ရရှိသည့်သူလည်း အခြား အလုပ်များ ကို လိုက်၍ ရှာဖွေ နေရသည်။ ဘာမျှ ရလဒ် မရှိပေ။ ငွေကြေး သာ လက်ပြောင်း သွား သည့် သဘောကို တွေ့ရသည်။ ဤဖြစ်ရပ်ကို ကြည့်လျှင် တစ်လမ်း သွား အပေး အယူ ကိစ္စမျိုး ကိုသာ တွေ့ရသည်။ စတီ ဝပ်တို့ဘက်က ကြည့်လျှင် ဘာမျှ အကျိုး မရှိခဲ့ပေ။ စိတ်ကျေနပ်မှု တစ်ခုမျှလည်း မရခဲ့ပေ။ ထောက်ပံ့ငွေတစ်ခု

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကို မှာ ယွာ ပေ မိသည်ဟု ဆိုပြီ စတီ ဝပ်တို့အနေဖြင့် နာနာကျင်ကျင် ခံစာ ကြရသည်။

ကျွန်တော် ထုတ်ပေ ခဲ့သော အကောင် ဆုံ ခွင့်ပြုငွေမျာ မှာမဟာ မိတ်ပြုရန်ဆိုသည့် သဘောတရာ အတိုင် သုံ ခဲ့သည့်ငွေမျာ ဖြစ်သည်။ တစ်ခါက စီ ပွာ ရေ ဦ စာ ပေ အစီအစဉ်မျာ ကောင်စီမှ အဲလစ်တက်ပါမာ လစ်ကို ထောက်ပံ့ငွေ ပေ ဖူ သည်။ အဲလစ်၏ အရည်အသွေ မျာ နှင့် နီ နီ စပ် စပ် ရင် ရင် နှီ နှီ ဆောင်ရွက်တတ်မှုမျာ ကြောင့် ကျွန်တော်တို့ ပေါင် စည် ရာမှ စီမံကိန် ကောင် မျာ ပေါ်ထွက်လာခဲ့သည်။ ခိုင်မာသည့်အပြင် ဆက်ဆံရေ ကောင် မွန်သည့် သူတစ်ယောက်ကို ခွင့်ပြုငွေမျာ ထုတ်ပေ ခြင် သည် အာ လုံ အတွက် ထိရောက်မှုရှိသည်၊ အကျိုး ရှိသည်ကို တွေ့ ရသည်။ ထိုခွင့်ပြုငွေမျာ ကုန်ဆုံ သွာ ပြီ သည့် နောက်၌ပင်လျှင် ကာလကုန်ဆုံ ပါ လျက်နှင့် ငွေမကုန်သေ ဘဲ ထိုငွေမျာ ကို ဆက်လက်၍ သုံ စွဲနေရသည်။

ပွိုင့်ဖောင်ဒေ ရှင် က ထုတ်ပေ သည့်ငွေမျာ ကို ချေ ငွေမျာ လို တွက် သည်ဟု မပြောလိုပါ။ ကျွန်တော်တို့ လုပ်ငန် မျာ ကို လုပ်ကိုင်ခြင် ဖြင့် ထိုသို့ ပေ သည့်၊ လှူသည့် လုပ်ငန် မျာ ထဲမှ စိတ်ပိုင် ဆိုင်ရာ ခံစာ မှုမျာ ကို နာ လည်သဘောပေါက်လာသည်။ ဖြစ်ပေါ်လာသည့် ရလဒ်မျာ ကို ပွင့်ပွင့် လင် လင် နာ လည် သဘောပေါက်လာသည်။ ပွင့်ပွင့်လင် လင် လည် ထုတ်ဖော်ပြောတတ်လာသည်။ ထိုပွင့်လင် မှုသည် သမာ ရို ကျ ဖောင်ဒေ ရှင် တစ်ခု၏ မူဝါဒနှင့် ခြာ နာ သည်။ သမာ ရို ကျ ဖောင်ဒေ ရှင် မူဝါဒ၌ ထောက်ပံ့ငွေမျာ အာ လုံ ကို လျှို့ဝှက်ပြီ နှောင်ကြို တစ်ချောင် တည် ထာ တတ်ကြသည်။ ဖောင်ဒေ ရှင် အနေဖြင့် လုပ်ချင်သည့် လုပ်ငန် မျာ ရှိသည်။ ခွင့်ပြုငွေတစ်ခု၊ ထောက်ပံ့ငွေတစ်ခု ထုတ်ပေ သည့်အခါ မူလ ထုတ်ဖော်ပြောပြမထာ သည့် ရည်မှန် ချက်မျာ ကို ဦ တည်ပြီ တို တက်ခြင် မရှိလျှင် ထိုထောက်ပံ့ငွေကို ရယူသူအနေဖြင့် နှိပ်စက်ခံထာ ရသလို ဖြစ်သွာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တတ်သည်။ ထိုထောက်ပံ့ငွေကို လက်ခံရယူသူ အနေဖြင့် ဖောင်ဒေ ရှင် ၏ အစီအစဉ်များ နှင့် ကိုက်ညီအောင် ၎င် ၏ စီမံကိန် များ ကို အကောင်အထည် ဖော်နိုင်မှသာလျှင် ရန်ပုံငွေများ ထပ်၍ ရရှိမည် ဖြစ်သည်။ ထို ထောက်ပံ့ ငွေများ ကို နှစ်စဉ် ပြန်လည် သုံးသပ်တတ်ပြီ တစ်ခါတစ်ရံမှသာလျှင် တစ်နှစ်ထက်ကျော်၍ ပေ တတ်သည်။ သို့ဖြစ်၍ ထောက်ပံ့ငွေများ ကို ပြန်လည် စိစစ်သည့်ပုံစံမှာ ဘဏ်တစ်ခုက ချေး ငွေများ ထုတ်ချေး သည့်ပုံစံနှင့် အလွန်တူနေသည်။ ကူ သန် ရောင် ဝယ်ရေ ဘဏ်များ ၏ ချေး ငွေ အတော် များ များ မှာ အများ အာ ဖြင့် သုံ လအတွက်သာ ထုတ်ချေး တတ်သည်။ အကယ်၍ ငွေချေး ငှာ သူ၏ လုပ်ပုံလုပ်နည် ကို သဘောမကျခဲ့လျှင် ဘဏ် များ အနေဖြင့် ထိုထုတ်ချေး ထာ သော ငွေများ ကို ပြန်လည်တောင် ယူနိုင်ကြ သည်။ ယခု ပွိုင့်ဖောင်ဒေ ရှင် လုပ်ပုံလုပ်နည် မှာလည် ငွေချေး သလိုမျို့ ဆဟင့် တူနေသည်။

ဖောင်ဒေ ရှင် လုပ်ငန် များ ကို လုပ်ကိုင်ခြင် ဖြင့် ပွင့်ပွင့်လင် လင် ထုတ်မပြောသော်လည် ကျွန်တော် ပြောပြခဲ့သလို စိတ်ပိုင် ဆိုရင်ရာ ရင် နို မှု ရှိမှသာ ဆောင်ရွက်တတ်ကြသည်။ အများ အာ ဖြင့် ထောက်ပံ့ငွေများ ၊ ခွင့်ပြု ငွေများ သည် စောစောကပင် ရင် နှီ သည့်သူများ ၊ သိကျမ် သည့်သူများ ၊ သူတို့ သဘောကျသည့် သူများ ကိုသာ ထုတ်ပေ ခြင် ဖြစ်သည်။ ထုတ်ပေ သည့် အခါ အဖွဲ့အစည် တစ်ခု၏ အမည်ကို သုံ သော်လည် အမှန်စင်စစ် အဖွဲ့ အစည် ထက် လူကိုကြည့်၍ ပေ ခြင် ဖြစ်သည်။ ပွိုင့်ဖောင်ဒေ ရှင် သည် ငွေများ ပေ ကမ် လှူဒါန် ရာ၌ အောင်မြင်သည့် နည် လမ် တစ်ခုမှာ အခြာ သူများ နှင့် မဟာမိတ် ဖွဲ့စည် ခြင် ၊ ပေါင် စည် ခြင် လိုအပ်သည်ဟု ပြောင် ပြောင်တင် တင် အသိအမှတ် ပြုထာ ၍ ဖြစ်သည်။ ထိုသို့ ပေါင် စည် ခြင် အာ ဖြင့် စံချိန်စံညွှန် များ ၊ ရည်မှန် ချက်များ ကို ဇွတ်အတင် ပြဋ္ဌာန် ရန် မလိုဘဲ နှစ်ဦ နှစ်ဖက် သဘောတူသည့် ရည်မှန် ချက်များ ကို ချမှတ်နိုင်ကြ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သည်။ ငွေကြောင့် မဟုတ်ဘဲ ပေါင် စည် ရာမှ တစ်ဆင့် အလိုအလျောက် တို တက်မှုများ ကို ဖြစ်စေသည်။

ဆန်ဖရန်စစ္စကိုမြို့ ဂလိုက်ဖောင်ဒေ ရှင် ကို တည်ထောင်ရာ၌တာဝန်ရှိခဲ့သည့် လူတော် နှစ်ယောက်ဖြစ်သော တက်ဒ်မက်အိုင်ဗင်နာနှင့် လျူဒါ ဟမ်တို့မှာလည်း သင်ခန်း စာတစ်ခု ရှိသည်။ သူတို့ ထုတ်ပေ လိုက်သည့် ထောက်ပံ့ငွေထဲမှ အအောင်မြင်ဆုံး ထောက်ပံ့ငွေများ သည် ရင် ရင် နှီး နှီး ပေါင် သင် တတ်သည့် အုပ်စုများ သို့ ထုတ်ပေ သည့်ငွေများ ဖြစ်နေကြောင်း သူတို့ နာ လည် သဘောပေါက် ခဲ့ကြသည်။

ဂလိုက်ဖောင်ဒေ ရှင် ကို တည်ထောင်ရာ၌ လမ် ညွှန်ဦး ဆောင်မှု ပေ နေသည့် သဘောတရာ တစ်ခုမှာ **လူ့အဖွဲ့အစည် တစ်ခု၌ ထိရောက်မှု အရှိဆုံး လုပ်ငန် တစ်ခုသည် ကိုယ့်သဘောအတိုင် ကိုယ်ဆောင်ရွက်တတ်သည့် လူတစ်ယောက်ကြောင့် မဟုတ်။ လုပ်ဖော်ကိုင်ဖက်များ နှင့် အပြန် အလှန် ဆက်ဆံမှု၊ စဉ်ဆက်မပြတ် ထောက်ပံ့ကူညီမှု ရှိသည့်သူများ ၊လုပ်ငန် များ သာ ဖြစ်သည်**ဟု သူတို့က သဘောပေါက်သည်။ ဤသဘောမှာလည် မဟာမိတ်ပြုရေ ဟူသော သဘောထာ နှင့် အတူတူပင် ဖြစ်သည်။ **ငွေကို ပေ ပစ်လိုက်သည် မဟုတ်ဘဲ မဟာမိတ်ဖြစ်အောင် ဖန်တီ လိုက်ခြင် ဖြစ်သည်။**

ပို့ဖောင်ဒေ ရှင် ၏ ဘုတ်အဖွဲ့ဝင်တစ်ယောက် ဖြစ်ရသည်မှာ ကျွန် တော့်အတွက် ဧရာမ ဆုလာဘ်ကြီ တစ်ခုဖြစ်သည်။ ငွေထုတ်ပေ သည့် ကိစ္စကို နှစ်လမ် သွာ ကိစ္စတစ်ခုအဖြစ် မြင်လာခဲ့သည်။ ထိုဖောင်ဒေ ရှင် ၌ ဘုတ်အဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင် ခံရသဖြင့် ထိုတာဝန်ကို လက်ခံလိုက်ခြင် သည် ကျွန်တော်၏ ပြန်လည်ပေ ဆပ်မှုပင် ဖြစ်သည်။ ဤနည် အာ ဖြင့် နှစ်လမ် သွာ လမ် ကြောင် တစ်ခုကို ပြည့်စုံစေသည်။

ပို့ဖောင်ဒေ ရှင် ၌ ဒေါလာတစ်သိန် ခြောက်သောင် ကို ဘုတ်အဖွဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဝင် တစ်ဦး စီ တစ်ယောက်စီ၏ ဆန္ဒအတိုင်း ထုတ်ပေး ထောက်ပံ့နိုင်သည်။ ထိုသို့ ခွင့်ပြုထား သဖြင့် ကျွန်တော်၏ ဘဝကို ပြန်လည်သုံး သပ်ရန်နှင့် ပြန်လည်ဖွဲ့စည်း ရန် ဖြစ်ပေါ်စေခဲ့သည်။ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ကျွန်တော်၏ စွမ်း အား ဖြင့်၊ ကျွန်တော်၏ငွေများ မည်သည့်အရာ၊ မည်သည့် ကိစ္စများ၌ ထောက်ပံ့ ကူညီနေသည်ကို ပြန်လည်၍ သတိထား ခဲ့မိသည်။ ဘယ်ဟာ အရေးကြီး ဆုံး ဆိုသည်ကို ကျွန်တော့်အနေဖြင့် ဆုံး ဖြတ်ရန် လိုသည်။ ကျွန်တော် စွဲလမ်း သည့် အရာများ သည် မည်သည့်ကိစ္စ ဖြစ်သည်ကို ဆုံး ဖြတ်ရန် လိုသည်။ ဆက်လက် ရှင်သန် ရဦး မည့် ဘဝများ ၊ နှစ်များ ၌ ဘာလုပ်မည် ဆိုသည်ကို ပြန်လည်သုံး သပ်ရန် လိုသည်။ ထို့ကြောင့် ကျွန်တော် ထောက်ပံ့နိုင်သည့် ငွေကြေး များ ကို ရရှိသည့်အခါ ကျွန်တော်၏ ရည်မှန်း ချက်များ ကို ပြန်လည် စဉ် စား ဆင်ခြင် လာရသည်။

ထိုငွေကို လက်ခံလိုက်သည့်အခါ ကျွန်တော်က ငွေနှင့်ပတ်သက်၍ တာဝန်ယူလိုက်ရသည်။ ယခုအခါ ကျွန်တော်၏ ပတ်ဝန်း ကျင်ရှိ လောကကြီး ကို သြဇာလွှမ်း မိုး နိုင်ရန် အတွက် အလုပ်နိုင်ဆုံး မှာ ဘာဆိုသည်ကို ရှာဖွေတွေ့ ရှိသွား သည်။ တစ်နည်း အား ဖြင့် ပြောရလျှင် ကျွန်တော်အပေါ် အကျိုး သက် ရောက်ရန်အတွက် အလုပ်နိုင်ဆုံး အရာကို ရှာဖွေတွေ့ရှိသွား သည်။ ဤသို့ ရှာဖွေတွေ့ရှိရန် ကြိုး စား ခြင်း အား ဖြင့် ကျွန်တော်၏ ရှုမြင်ပုံများ နှင့် ကျွန်တော် ၏ ရုပ်ပုံလွှာကို ကျေနပ်မှုရှိအောင် ပြောင်း လဲပစ်ရသည်။ ကျွန်တော် ၏ ရုပ်ပုံလွှာ တည်ငြိမ်မှုရှိပြီ ကျွန်တော်၏ အပြုအမူများ က မိမိ၏ ပတ်ဝန်း ကျင်ကို မည်သို့ ပြောင်း လဲနိုင်ကြောင်း ယခုအခါ ကောက်ချက်ချနိုင်နေပြီ ဖြစ်သည်။

ယခု ဖော်ပြထား သည့် ဖော်ပြချက်များ ကို မူလက ပွိုင့်ဖောင်ဒေး ရှင် ဘုတ်အဖွဲ့ဝင်များ ကို မှတ်စုဝေငှသည့် အနေဖြင့် ဝေငှခဲ့သည်။

ငွေရရှိနိုင်သည့် ကိစ္စများ က ပြဿနာများ ကို ပြန်လည်စိစစ်သုံး သပ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စေခဲ့သည်။ ကျွန်တော် စိတ်လိုလက်ရရှိသည့် လုပ်ငန်း အသေး စား ရော၊ လုပ်ငန်း အကြီး စား ကိုပါ ဆောင်ရွက်စေခဲ့သည်။ စိတ်လိုလက်ရ မရှိသည့် လုပ်ငန်း များ ကို ငွေထုတ်ပေး ခြင်း မပြုခဲ့ပေ။

နေ့စဉ်ဘဝများ ၌ ကျွန်တော်လုပ်စရာများ အများ ကြီး ရှိသည်။ တချို့ လုပ်ငန်း များ မှာ ကျွန်တော် လိုလိုလား လား ၊ ပျော်ပျော်ရွှင်ရွှင်လုပ်ချင်သည့် လုပ်ငန်း များ ဖြစ်သည်။ တချို့လုပ်ငန်း များ မှာ လုပ်ရာမှ မလိုလား ၊ မပျော်ရွှင်သည့် လုပ်ငန်း များ ဖြစ်သည်။ တချို့လုပ်ငန်း များ မှာ လုပ်ငန်း ကြီး များ ဖြစ်ပြီး တချို့လုပ်ငန်း များ မှာ လုပ်ငန်း ငယ်များ ဖြစ်သည်။ လုပ်ချင်စရာ မကောင်း သည့် လုပ်ငန်း ငယ်လေး များ က ကျွန်တော့်ကို ဆက်မလုပ်ချင် အောင် လုပ်ထား တတ်ကြသည်။ လုပ်ငန်း ကို ပြီး စီး သည်အထိ ဆက်မလုပ်ရန် ဟန့်တား ထား ကြသည်။ ထိုအခါ၌ ပြီး အောင်မလုပ်သဖြင့် ကျွန်တော့်တွင် အပြစ်ရှိသလို ခံစား ရပြီး စိတ်ဓာတ်လည်း ကျလာတတ်သည်။ ထိုပြဿနာ များ ကို နှစ်ပေါင်း များ စွာ ရင်ဆိုင်ပြီး နောက် ကျွန်တော်သည် မလုပ်ချင်သော်လည်း လုပ်ရမည်ဖြစ်သော လုပ်ငန်း အသေး များ ကို သန္နိဋ္ဌာန်ချမှတ်ကာ ပြီး စီး အောင် လုပ်လာခဲ့သည်။ ထိုလုပ်ငန်း များ ပြီး မှသာ အခြား လုပ်ငန်း များ ကို ဆက်လက် လုပ်စေခဲ့သည်။ ထိုသို့ မဟုတ်လျှင် အသေး အဖွဲဖြစ်နေ၍ လည်း ကောင်း ၊ စိတ်ဝင်စား စရာ မဟုတ်၍ လည်း ကောင်း ထိုလုပ်ငန်း များ ကို ပြီး စီး အောင် မလုပ်နိုင်တော့ပေ။

နီ စပ်သည့် ဥပမာတစ်ခု ပေး ရလျှင် **အစာစား ပြီး သည့်အခါတိုင်း ပန်း ကန်း မဆေး ချင်ပါက နောက်တစ်ခါ အစာစား ခါနီး ၌ ပန်း ကန်း အများ ကြီး ဆေး နေရမည်** ဖြစ်သည်။

ဤအခန်း ကို အဆုံး မသတ်ခင် ကလေး များ ကို မုန့်ဖိုး ပေး သည့် ကိစ္စနှင့် ပတ်သက်၍ အနည်း ငယ် ပြောပြလိုပေ သည်။ ပြည်သူ့လွှတ်တော် စာကြည့်တိုက်၌ သုတေသန လုပ်စဉ်က ငွေကြေး နှင့် ကလေး စာအုပ်များ ကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လည် ကောင် ၊ မုန့်ဖို ပေ သည့် သို့မဟုတ် ခွင့်ပြုငွေများ ပေ သည့်အကြောင် အရာများ နှင့် ပတ်သက်သည့် စာအုပ်များ ကို လည် ကောင် လိုက်ရှာခဲ့သည်။ သို့သော် ထိုအကြောင် အရာနှင့် ပတ်သက်၍ စာအုပ်တစ်အုပ်ကိုသာ တွေ့ပြီ တွေ့သည့်စာအုပ်မှာလည် အလွန်ရှေ ကျသည့် အတွေ အခေါ်များ ဖြစ်နေ သည်။ အမှန်စင်စစ် ကလေ များ ကို ခွင့်ပြုငွေများ ၊ မုန့်ဖို ငွေများ ပေ သည့်အခါ မှာလည် အလွန်အရေ ကြီ သည်။ မုန့်ဖို ပေ ခြင် ဖြင့် ကလေ တစ်ယောက်၏ ကိုယ်ရည်ကိုယ်သွေ ကို ပြောင် လဲပစ်ရန်၊ ပုံသွင် ရန် ဟူသော ရည်ရွယ်ချက် ဖြင့် ပေ တတ်ကြသည်။ ထိုပေ သော မုန့်ဖို များ နှင့်အတူ လူကြီ များ ၏ မျှော်လင့်ချက်များ ပေ လိုသည့် သတင် စကာ များ ပါ ပါသွာ တတ်သည်။

ကျွန်တော်၏ အနီ အနာ ရှိ မိတ်ဆွေများ ကို မုန့်ဖို ပေ ပုံပေ နည် များ လိုက်မေ မိသည်။ မုန့်ဖို ပေ ပုံပေ နည် အမျို မျို ရှိသည်ကို တွေ့ရ သည်။ မိဘ စုတစ်စုတွင် မုန့်ဖို များ ပေ လေ့မရှိပေ။ သို့သော် မွေ နေ့များ ၊ အာ လပ်ရက်များ ၌ ငွေအပုံလိုက် အများ ကြီ ပေ တတ်သည်။ အခြာ မိဘ စု တစ်စုက မုန့်ဖို များ များ စာ စာ ပေ ပြီ ထိုမုန့်ဖို များ ဖြင့် ဝယ်နိုင်သုံ နိုင် သည့်အရာများ ကို စာရင် သတ်မှတ်ထာ သည်။ အခြာ မိဘ စုတစ်စုက မုန့်ဖို ကို အိမ်တွင် မှုကိစ္စများ နှင့် ဆက်စပ်ထာ သည်။ အိမ်တွင် မှုကိစ္စ များ များ လုပ်လေ မုန့်ဖို များ များ ရလေ ဖြစ်သည်။ အချို့က မုန့်ဖို ကို ဘာရည် ရွယ်ချက်မျှ မပါဘဲ ကလေ များ ရှိနေ၍ ပေ ခြင် ဖြစ်သည်။ အချို့က ကလေ ကို မုန့်ဖို မပေ လျှင် အပြစ်ရှိရာ ရောက်မည်ဟု ယူဆ၍ ပေ ကြခြင် ဖြစ် သည်။ အချို့မိဘများ က ငွေကို ကိုင်တွယ်သုံ စွဲတတ်ရန် ရည်ရွယ်ပြီ ပေ ခြင် ဖြစ်သည်။ မိဘ စုအချို့က ငွေနှင့် ပတ်သက်၍ တာဝန်ယူတတ်ရန် ကလေ များ ကို အာ ပေ သည်။ အချို့ကမူ မိမိ၏ အလိုဆန္ဒကို ဆန့်ကျင်လျှင် မုန့်ဖို ကို ဖြတ်ပစ်မည်ဟု ခြိမ် ခြောက် အပြစ်ပေ သည့် ပုံစံဖြင့် မုန့်ဖို ပေ ကြခြင် ဖြစ်သည်။ မုန့်ဖို ပေ ပုံပေ နည် နှင့် ပတ်သက်၍ သေသေချာချာ စနစ်တကျ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လေ့လာဆောင်ရွက်တတ်ခြင်း မရှိကြပေ။ သို့ဖြစ်၍ ဤပဥ္စမ ဥပဒေကို ရုံးများ၊ အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းများ၌ သာမက အိမ်ထောင်စု ကပင်လျှင် စတင် ဆောင်ရွက်သင့်သည်။

တစ်ခါက ကျွန်တော်တို့၏ ဖောင်ဒေးရှင်းသည် အမှားအယွင်း တစ်ခု လုပ်ခဲ့ဖူးသည်။ **မာဂိုစိန့်ဂျိမ်** ဆိုသူအား ပြည့်တန်ဆာများ စုစည်းရေး အသင်း တစ်ခုဖွဲ့စည်းကာ လမ်းပေါ်မှ ပြည့်တန်ဆာများအား ရဲများ၊ တရားရုံးများနှင့် ရက်စက်ကြမ်းကြုတ်သော အမျိုးသားများ၏ နှေးစဉ်း နှိပ်စက်မှုများမှ ကာကွယ်ရန် ကျွန်တော်တို့ ငွေထုတ်ပေးခဲ့သည်။ ထိုသို့ ဖွဲ့စည်းထားကြောင်း ကို အခြားသူများလည်း သိအောင် လုပ်ပါဟု ပြောထားခဲ့သည်။ ဤသို့ဖြင့် ထပ်မံ၍ ရန်ပုံငွေ လိုအပ်လျှင် အခြားသူများထံမှ ရယူနိုင်ရန် မျှော်လင့်သည်။ သူမက ဒေသန္တရအဖွဲ့များသို့ ပေးပို့သည့်စာကိုလည်း ကျွန်တော့်ထံသို့ တစ်စောင် ပေးပို့သည်။ ထိုစာထဲ၌ သူမ ဘာလုပ်နေသည် ဆိုသည်ကိုသာ ရှင်းရှင်းနှီးနှီး ရေးထားပြီး မေတ္တာရပ်ခံမှု၊ တောင်းဆိုမှု တစ်စုံတစ်ရာပါရှိခြင်း မရှိပေ။ လွတ်လပ်စွာ တွေးခေါ်တတ်သည့် ပစိဖိတ် အပြောင်းအလဲဆိုသည့် ဖောင်ဒေးရှင်းက သူမကို နေ့လယ်စာစားရန် ဖိတ်ခေါ်ပြီး ပြည့်တန်ဆာများ စုစည်းရေး အသင်း အခြေအနေကို လေ့လာစုံစမ်းသည်။ ထိုသို့ လေ့လာစုံစမ်း သည့်အခါ ၎င်းတို့က ဤအမျိုးသမီးနှင့် အဖွဲ့ဝင်များသည် လေးလေး နက်နက် လုပ်နေကြခြင်း မရှိ။ လူနည်းစုအဖွဲ့ဝင်များ မဟုတ်။ ငွေကြေး ထောက်ပံ့ခံရအောင် ဆင်းရဲသူများ မဟုတ်ဟု သတ်မှတ်လွှတ်လိုက်ကြ သည်။ အခြား ရန်ပုံငွေအဖွဲ့တစ်ခုကလည်း သူမက ငွေတောင်းခံခြင်း မပြုပါလျက်နှင့် ငြင်းပယ်သည့် စာတစ်စောင်ကို ပေးပို့သည်။ ထိုဥပမာများ ကို ကြည့်လျှင် ဖောင်ဒေးရှင်း အတော်များများတို့သည် လူအများ တွေ့ကြုံ ရင်ဆိုင်နေရသည့် သောကများ၊ ဝေဒနာများနှင့် ပတ်သက်၍ နားလည် သဘောပေါက်ခြင်း မရှိကြောင်း တွေ့ရသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အခန်း [ ၆ ]

## ဆဋ္ဌမ ဥပဒေသ

## ငွေကိုမည်သည့်အခါမျှ အလာကာ မရ

ငွေတစ်ရပ်သည် ကိုယ်က ထုတ်ချေး လိုက်သောငွေ ဖြစ်ကောင်း ဖြစ်မည်။ ကိုယ့်ကို ချေး သည့်ငွေလည်း ဖြစ်ကောင်း ဖြစ်မည်။ ရင်း နှီး မြှုပ်နှံလိုက်သည့် ငွေလည်း ဖြစ်ကောင်း ဖြစ်မည်။ ထိုသဘောတရား များ မပါဝင်ဘဲ **အလကား ပေး ပစ်ခြင်း ၊ အလကား ရခြင်း ဟူ၍ မည်သည့်အခါမျှ မဖြစ်နိုင်။** အချို့သူများ က ဤသို့ ပြောသည့်အခါ 'တို့ နာ လည်ပါပြီ၊ မင်း ပေး တယ်ဆိုတာလည်း ကံပဲ၊ လက်ခံတယ်ဆိုတာလည်း ကံပဲ။ ကံဆိုတာ ကောင်း တဲ့ကံလည်း ဖြစ်နိုင် တယ်၊ ဆိုး တဲ့ကံလည်း ဖြစ်နိုင်တယ်'ဟု တွက်ဆတတ်ကြသည်။ ထိုသို့ တွက်ဆကြသည်မှာလည်း မှား သည်ဟု မဆိုနိုင်ပါ။ သို့သော် ဤနေရာ၌ ကျွန်တော် ဆိုလိုသည်မှာ **ငွေပေး ခြင်း ဆက်ဆံရေး တစ်ခုကို တည် ထောင်ခြင်း ၊ ဖြစ်သည်ဆိုသည့် အယူအဆကိုသာ ဖြစ်သည်။ ငွေပေး သည့် အခါ တစ်စုံတစ်ခု ပြန်ဆပ်ရမည်။ အကယ်၍ ပြန်မဆပ်ခဲ့လျှင် ထိတ်လန့် စရာ ကိစ္စများ နှင့် တွေ့ကြုံရမည်။ တစ်နည်း နည်း ဖြင့် ပြန်ဆပ်ကြရသည်သာ ဖြစ်သည်။ အလကား ရသည်ဟူ၍ မရှိပေ။**

ငွေကြေး အထောက်အပံ့များ ပေး သည့် ဖောင်ဒေး ရှင်း များ သည် ထောက်ပံ့ငွေများ ရရန် အကြံပြုချက်များ ၊ အဆိုပြုချက်များ ကို ကောင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကောင်ရေတတ်သည့်သူများကို တွေ့ရသည်။ သို့သော် ထိုသူများသည် သူတို့ လိုအပ်သည့်ငွေကို ရရှိသည့်အခါ ဘာမျှ လုပ်ဆောင်နိုင်သူများ မဟုတ်သည်ကိုလည်း တွေ့ကြရသည်။ သူတို့သည် အတောင်ကောင်သူများ ဖြစ်ကြသော်လည်း အလုပ်ကောင်သူများ မဟုတ်ကြပေ။ ငွေရလာသည့်အခါ ထိုငွေနှင့် ပတ်သက်၍ ဘာလုပ်ရမည်၊ ဘယ်လိုတာဝန်မျိုး ရှိသည်ကို နားမလည်သောသူများ ဖြစ်ကြသည်။ ဖောင်ဒေးရှင်း အဖွဲ့များ၌ လူအမျိုးမျိုး၏ အဆိုပြုချက် အမျိုးမျိုးကို နှစ်ပေါင်းများစွာ တွေ့ခဲ့ရသည်။ ကျွန်တော့် အမြင်ကို ပြောရလျှင် ထိုသူများ အနေဖြင့် အခြားသူများထံမှ ငွေကိုတောင်းခံခြင်း မပြုမီ ကိုယ့်အကြောင်းကိုယ် နားလည်သဘောပေါက်အောင် ပထမဆုံး လေ့လာစူးစမ်းသင့်သည်။ ငွေတောင်းခံသည့် အဆိုပြုလွှာများ ရေးခြင်းအားဖြင့် သူတို့သည် စိတ်ကူးယဉ်သည့်သူများ၊ လက်တွေ့မဆန်သည့်သူများ ဖြစ်လာကြသည်။ သူတို့ကို ပျက်စီးအောင် လုပ်လိုက်ရာ ရောက်သည်။ ကျွန်တော်သိသည့် ငွေအများကြီး ရှိသော သူများသည် ငွေကို လှူပစ်ရန် ကြိုးစားသော်လည်း လွယ်လွယ်ကူကူ ပေး၍ မရကြောင်း တွေ့ကြရသည်။ ငွေကို ထိန်းသိမ်းသည့် ကိစ္စလိုပင် ပေးပစ်သည့် ကိစ္စမှာလည်း ဝန်ထုတ်ဝန်ပိုးလိုပင် ဖြစ်နေသည်။ ငွေပေးလိုက်သည့်အတွက် ငွေကို လက်ခံရရှိသည့်သူ့အပေါ်၌ အကျိုးသက်ရောက်မှု မရှိဘဲ မနေပေ။ ထို့အတူပင် ငွေပေးသည့်သူ၏ ကိုယ်ရည်ကိုယ်သွေးအပေါ်၌လည်း တစ်စုံတစ်ရာ အကျိုးသက်ရောက်မှု မရှိဟု မဖြစ်နိုင်ပါ။ ငွေကို ပေးသည့်သူရော၊ လက်ခံသည့်သူရော နှစ်ဦးနှစ်ဖက်စလုံး အတွက်ပါ အကျိုးသက်ရောက်မှုများ ရှိတတ်သည်။

မကြာသေးမီက ကျွန်တော့်ထံသို့ လူတစ်စု ရောက်လာပြီး မြေတစ်ကွက်ဝယ်ရန်အတွက် ငွေလိုအပ်နေကြောင်း ပြောပြသည်။ ထိုအဖွဲ့သည် ဘာသာရေးအဖွဲ့တစ်ခုဖြစ်ပြီး မြေကွက်ကြီးတစ်ခု ဝယ်ရန် ငွေလိုနေကြသည်။ ကျွန်တော်က 'ခင်ဗျာတို့မှာငွေမလိုပါဘူး ဗျာ။ ခင်ဗျာတို့ကို ကူညီ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မယ့်၊ ထောက်ခံမယ့်၊ အာ ပေ မယ့် သူပဲ လိုတာပါ။ အဲဒီလို လူတွေကိုပဲ လိုက်ရှာပါ။ ပြီ တော့မှ သူတို့ဆီက အလှူခံပါ။ ခင်ဗျာ တို့ ဘာကို ရဖို့ ကြို စာ နေတယ်ဆိုတာ မမေ့ပါနဲ့။ ခင်ဗျာ တို့ တကယ်တမ် လိုက်ရှာ နေရမှာက ထောက်ခံတဲ့၊ ကူညီတဲ့သူတွေ ဖြစ်တယ်'ဟု ပြောပြလိုက်သည်။ ထိုသို့ ပြောသည့်အတိုင်း သူတို့လုပ်သည့်အခါ လူပေါင် များ စွာနှင့် အဆက် အသွယ် ရကြသည်။ ထိုလူများ ထံမှ တစ်ဦး တစ်ယောက်စီလျှင် အနည် ငယ်မျှသာ ထောက်ပံ့ငွေများ ကို ရယူကြသည်။ ထိုအနည် ငယ်မျှသော ထောက်ပံ့ငွေကပင်လျှင် ၎င် တို့၏ ဘာသာရေ အဖွဲ့အစည် ကို ထောက်ခံ ကြောင် ပြသရာ ရောက်သည်။ ဤနည် အာ ဖြင့် ၎င် တို့၏ ဘာသာရေ အဖွဲ့အစည် သည်လည် တို တက်ထွန် ကာ လာခဲ့သည်။ ထိုအဖွဲ့အစည် သည် ယခုအချိန်အထိ တို တက်ထွန် ကာ နေဆဲ ဖြစ်သည်။ အကယ်၍သာ ထိုဘာသာရေ အဖွဲ့အစည် အနေဖြင့် အစပိုင် ၌ ထောက်ခံသူများ မရှိဘဲ ငွေကိုသာ ရရှိခဲ့လျှင် ယခုကဲ့သို့ တို တက် ကြီ ပွာ လာစရာအကြောင် မရှိပေ။ အကယ်၍သာ သူတို့ကို ထောက်ခံသူများ၊ မိတ်ဆွေများ ၏ စွမ် အာ များ သာ မရရှိခဲ့လျှင် အလကာ ရရှိထာ သော ငွေများ သည် နှစ်နှစ်၊ သုံ နှစ်အတွင် ကုန်ခန် သွာ မည် ဖြစ်သည်။

သင့် အနေဖြင့် ငွေရလျှင် ဒုတိယ ဥပဒေသကို လိုက်နာရလိမ့်မည်။ ထို ငွေအတွက် တစ်စုံတစ်ရာကို ပြန်ပေ ရလိမ့်မည်။ **ငွေကြေ တစ်စုံတစ်ရာ လက်ဆောင်ရရှိခြင် သည် ပဋိညာဉ်တစ်ခုနှင့် တူသည်။ ပြန်ဆပ်ရမည့် ချေ ငွေနှင့် တူသည်။ ထိုငွေကို အကြောင် ပြု၍ အစွမ် အစများ၊ လုပ်ဆောင်မှု များ ပြသရန် လိုသည်။ ငွေပေ သည့်သူ ကျေနပ်လောက်အောင် တာဝန်ယူ ဆောင်ရွက်ပြရမည်။**

ငွေကို အလကာ ပေ လိုက်ခြင် သည် အလကာ ပေ ရာ မရောက် ကြောင် ပြသနိုင်သည့် ဥပမာများ များ စွာ ရှိပါသည်။ ငွေကို အလကာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပေးလိုက်ခြင်း ဖြင့်လူများ၏ ဘဝကို ပျက်စီးစေနိုင်။ ဆန်ဖရန်စစ္စကို၌ အခမဲ့ ဆေးဝါးကုသသည့် ဆေးခန်း တစ်ခုကို တွေ့ဖူးသည်။ သူတို့က ထောက်ပံ့ကြေးပေးရန် လျှောက်ထားသဖြင့် ငွေအတော်များများ ပေးလိုက်ရာ ထွက်ပေါ်လာသည့် ရလဒ်မှာ သုံးပတ်ခန့် အကြာ၌ ထိုငွေကို မည်သို့ သုံးစွဲမည်ဆိုပြီး အချင်းချင်း အငြင်းပွားကြရာမှ ထိုအဖွဲ့အစည်းလည်း ပျက်စီးသွားခဲ့ရသည်။

ယခု ဆဋ္ဌမဥပဒေသသည် ပဥ္စမဥပဒေသနှင့် ပြောင်းပြန် ဖြစ်သော်လည်း အလားတူ သဘောတရားများသာ ပါဝင်သည်။ ချေးငွေတစ်ရပ်နှင့် ပတ်သက်သည့် သဘောတရားများ၊ မဟာမိတ်ဖွဲ့စည်းမှုနှင့် ပတ်သက်သည့် သဘောတရားများ၊ငွေနှင့်ပတ်သက်၍ ရေရှည်အမြင်ရှိမှု သဘောတရားများ ပါဝင်သည်။ ပဥ္စမ ဥပဒေသနှင့် ဆဋ္ဌမ ဥပဒေသတို့၌ ပေးသူနှင့်ယူသူ ရှုထောင့် ဟူသည့် ခြားနားချက်မျိုး လောက်သာရှိသည်။ ငွေပေးသည့်သူက လက်ခံမည့်သူကို မည်သို့သော အပြုအမူမျိုးကို ဆောင်ရွက်ရမည်၊ လုပ်ဆောင်ရမည်ဖြစ်ကြောင်း သတ်မှတ်ချက်များ ချမှတ်ပေးလိုက်ပြီး ငွေလက်ခံသူက ထိုအချက်များကိုပါ တစ်ပါတည်း လက်ခံကြရသည်။ ငွေအကြောင်းကို စဉ်စားသည့်အခါ ငွေချည်းသက်သက်သည် စိတ်ပျက်လက်ပျက် ဖြစ်စရာများ၊ ဖန်တီးနိုင်သည့် စွမ်းအားများ ရှိနေသည်ကို တွေ့ရသည်။

နှစ်အတန်ကြာက ကျွန်တော်၏ အဖေက ဦးလေး တစ်ယောက်ထံမှ ကျွန်တော်ရသည့် ဝေစုကို ပို့လိုက်သည်။ ကျွန်တော်၏ ဝေစုမှာ မများလှပါ၊ ဒေါ်လာ ၅၀၀ မျှသာ ဖြစ်သည်။ ကျွန်တော်၏ တစ်ဝမ်းကွဲ ညီအစ်ကို သုံးယောက်နှင့် ကျွန်တော်စုစုပေါင်း လေးယောက်အတွက် ခွဲရခြင်း ဖြင်သဖြင့် ထိုမျှသာ ရရှိခြင်း ဖြစ်သည်။ ကျွန်တော်က စာဖြင့်ဦးလေး၏ ငွေနှင့်ပတ်သက်သော ရည်မှန်းချက်၊ မျှော်လင့်ချက်ကို သိပါသလား ဟု ပြန်မေးလိုက်သည်။ ကျွန်တော်၏ အဖေက ကျွန်တော့်ထံမှ စာကို အလေးအနက် ထားပြီး နောက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သူ၏ ညီက လက်ဆောင်နှင့် ငွေထုတ်ပေ သည့် အခါတိုင် နောက်ပြောင် ပြောလေ့ရှိသော စကား တစ်ခွန် ကို မှတ်မိကြောင် ပြောပြသည်။ ဦး လေ က 'ပေါင်ထာ တာလေ တွေကို ဆပ်ဖို့သုံ ပါ'ဟုပြောလေ့ရှိသည်။ ထို့ကြောင့် ကျွန်တော်ကလည် ကျွန်တော် ပေါင်နှံထာ သည့် ကိစ္စမျာ အတွက် အသုံ ပြုကာ ဆပ်လိုက်သည်။ ကျွန်တော့် အနေဖြင့် ဆင္ဒမ ဥပဒေကို နာ လည် ထာ ပြီ ထို ဆင္ဒမ ဥပဒေအတိုင် ဆောင်ရွက်လိုက်ခြင် ဖြစ်သည်။ ထို ငွေကို အခမဲ့၊ အကျို မဲ့ဖြစ်ရန် ဦး လေ က ပေ သည် မဟုတ်ပေ။ အကယ်၍ သာ ထိုနောက်ခံ သမိုင် ကြောင် ကို ရှာဖွေတွေ့ရှိခြင် မရှိလျှင်ထိုငွေနှင့် ပတ်သက်၍ မည်သို့သုံ ရမည်ကို အလေ အနတ်ထာ စဉ် စာ ရလိမ့်မည်။ ထိုသို့ စဉ်စာ ရသည်မှာ အလွန်ပင်ပန် ဆင် ရဲလှသည်။ ထိုကြောင့် ငွေနှင့် ပတ်သက်လျှင် စိတ်ပျက်စရာမျာ လည် ပါဝင်ကြောင် ပြောနေခြင် ဖြစ် သည်။ ထိုငွေကို စုမည်လာ သို့မဟုတ် ပစ္စည် တစ်ခုခုဝယ်မည်လာ စဉ်စာ ရလိမ့်မည်။ စုမည်ဆိုလျှင် ကျွန်တော် အဘယ့်ကြောင့် ငွေစုရသနည် ၊မည်သို့ မည်ပုံ စုစည် နည် ကို မေ ရလိမ့်မည်။ ထိုသို့ စုခြင် အာဖြင့် မည်သို့သော အဟာန့်အတာ မျာ ကို ၊ ကာကွယ်စောင့်ရှောက်မှုမျို ကို ဖန်တီ ရာရောက် သနည် ။ မည်သည့် အရာမှာ ကာကွယ်စောင့်ရှောက်မှုမျို ကို လိုအပ်သနည် စသည့် မေ ခွန် မျာ ကို မေ မြန် ရန် လိုသည်။ ပစ္စည် တစ်ခု ဝယ်ယူရန် အတွက် သုံ မည်ဆိုလျှင် ဘာပစ္စည် ကို ဝယ်မည်နည် ၊ ဘာဖြစ်လို့ ဝယ် မည်နည် စသည့် မေ ခွန် မျာ ကို မေ မြန် ရန် လိုသည်။ ထိုမေ ခွန် မျာ အာ လုံ သည် ငွေကို အလကာ ရသဖြင့် ပေါ်ပေါက်လာသည့် မေ ခွန် မျာ ဖြစ်သည်။ ထိုအခါ၌ ငွေကြေ သည် စိတ်ကုပညာရှင် တစ်ယောက်နှင့် တူနေသည်။ မိမိ၏ စိတ်၊ မိမိ၏ အခြေအနေကို ပြန်လည်သုံ သပ်ရန် လုပ်လိုက်ရာ ရောက်သွာ သည်။

ကျွန်တော်ကမူ ငွေကိုကြေ မုံပြင် တစ်ခုလို မြင်သည်။ ကိုယ်၏ ငွေကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြန်လည်သုံး သပ်ခြင်း ၊ ငွေ သုံး ပုံသုံး နည်း ကို ပြန်လည်သုံး သပ်ခြင်း အား ဖြင့် ကိုယ့်ကိုယ်ကို ပို၍ သဘောပေါက် နား လည်နိုင်သည်။ မှန်တစ်ချပ်က ကိုယ့်ကိုယ်ကို မြင်ရန် အထောက်အကူပြုလိုက်သည်နှင့် တူသည်။ ငွေကြေ တည် ဟူသော မှန်ကိုကြည့်၍ ကြောက်လန့်မှု၊ ကြက်သေ သေမှုများ ဖြစ်ပေါ်နိုင်သည်။ အများ အား ဖြင့် ငွေဆိုသည်မှာ ဒုစရိုက်များ ၊ အကုသိုလ် တရား အား လုံး ၏ ။ အခြေခံဟုပြောလေ့ရှိကြသည်။ အမှန်စင်စစ် သမ္မာကျမ်း စာ၌ ပါသည်။ **"ငွေကို တပ်မက်မောမှုသည် ဒုစရိုက်အား လုံး ၏ အခြေခံဖြစ်သည်၊ အရင်း အမြစ် ဖြစ်သည်"**ဆိုသည့် စာပိုဒ်ကို ဖျက်၍ ယူနေကြခြင်း ဖြစ်သည်။ မှန်က ဖော်ပြသည့် အရာများ ကြောင့် မှန်ကို အပြစ်တင်စရာ မလိုပေ။ မှန်မှာ အပြစ်မရှိပေ။

အခြား အတွေ့အကြုံ တစ်ခုအရဆိုလျှင် ငွေအကြောင်း ပြောရသည်မှာ လိင်ကိစ္စများ အကြောင်း ပြောသလိုပင် လေ နက်မှု၊ အကြောက်တရားများ ၊ ဖိနှိပ်မှုများ ပါဝင်သော ကိစ္စတစ်ခုဖြစ်သည်။ ငွေအကြောင်း ပြောနေလျှင်ပင် ပြောနေ၍ ပြောနေမှန် မသိအောင် ဖြစ်သွား တတ်ကြသည်။

ဤစာအုပ်ကို ရေး နေသည့် အခါကကျွန်တော်ဝေဒနာများ ခံစား ခဲ့ရကြောင်း ဖော်ပြခဲ့သည်။ သင့်အနေဖြင့်မူ အလား တူ ဝေဒနာများ ခံစား ခဲ့မိမှခံစား မိမည်။ငွေအကြောင်း တွေ့ မိသည့်အခါငွေသည်စကြဝဠာကြီး တစ်ခုလုံး နှင့် ဆက်နွယ်ထား သလို ခံစား ရသည်။

ငွေသည် အတွေ့အကြုံများ ကို လွှမ်း မိုးသော်လည်း သူ့ချည်း သက်သက်က အတွေ့အကြုံ မဟုတ်ပေ။ ငွေရှိရုံဖြင့် အတွေ့အကြုံများ ကို မရနိုင်ပေ။ တစ်နည်း အား ဖြင့်ပြောရလျှင် ထိုကိစ္စမှာ အနုပညာသဘောကို ဆောင်သည်။ ပန်း ချီကား တစ်ချပ်ကို ကြည့်ရှုပြီး ခံစား နိုင်သော်လည်း ထို ပန်း ချီကား ကို ရေး ဆွဲရာ၌ ပါဝင်သည့် တီထွင်ဖန်တီး မှုများ ကို ကြည့်ရှုသူ အနေဖြင့် တွေ့ကြုံနိုင်ခြင်း ၊ ခံစား နိုင်ခြင်း မရှိပေ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ငွေနှင့်ပတ်သက်၍ အပြစ်ရှိသည်ဟု ခံစား ရမှုများ လည်း ရှိကြသည်။ လူ အတော်များ များ က သူတို့မှာ ငွေအများ ကြီး ရှိနေသဖြင့် အပြစ်ရှိသည်ဟု ခံစား ကြရသည်။ အချို့ လူများ က မိမိတို့မှာ ငွေမရှိဘဲ အခြား သူများ မှငွေ အများ ကြီး ရှိနေသဖြင့်အပြစ်ရှိသည်ဟု ခံစား တတ်ကြသည်။ အချို့သူများ က သူတို့ဘဝ တစ်လျှောက်လုံး ငွေနောက်ကို လိုက်နေသဖြင့် အပြစ်ရှိသယောင် ခံစား ကြရသည်။

အလှူဒါနပြုသည့် အခါများ ၌လည်း ထိုသို့ အပြစ်ရှိသည်ဟု ခံစား မှုမျိုး ပါဝင်သလိုအလှူခံရာ၌လည်း အပြစ်ရှိသည်ဟူသော ခံစား မှုမျိုး ပါဝင် နေတတ်ကြသည်။ ဥပမာ ကြက်ခြေနီ အသင်း အဖွဲ့ တစ်ခုကိုအစာ အသောက်များ တိုက်ရိုက်ပေး ကမ်း ခြင်း၊ လျော်ကြေးငွေ (ဒဏ်ခံရသူများ) သို့မဟုတ် တော်လှန်ရေး တစ်ခုပြီး နောက် မတော်မတရာ ပြုကျင့်ခံရသော အမျိုး သမီး များ အား လှူဒါန်း ခြင်း တို့သည် မိမိတို့ကိုယ် မိမိတို့ လိပ်ပြာမသန့်သော စိတ်ဖြင့် လှူဒါန်း ကြခြင်း မျိုး ဖြစ်တတ်သည်။ မိမိတို့မှာ အသုံး မဝင်သည့် ရုပ်ဝတ္ထုပစ္စည်း အသုံး အဆောင်များ အလျှံပယ် ပေါကြွယ်ဝနေသည်ဟု ခံစား ကြရသည့်အခါ လိပ်ပြာမသန့်ဖြစ်တတ်ကြသည်။ အခြား နေရာက သူများ ဒုက္ခရောက်ပြီး မိမိတို့က ဒုက္ခမရောက်ဘဲ နေသည့်အခါ၌လိပ်ပြာ မသန့်မသန့် ဖြစ်တတ်ကြသည်။ကြက်ခြေနီ အသင်း သို့အစာ အသောက်များ၊ အဝတ်အထည်များ ကို လှူဒါန်း ကြသည့်အခါ ကြက်ခြေနီအသင်း ထိုအရာ များ နှင့် ဘာမျှလုပ်၍မရပေ။ ၎င်း တို့ကို တင်ပို့ရန်အတွက် စရိတ်စက ပို၍ပင် ကြီး မာ သွား စေနိုင်သည်။ သို့သော်လည်း အစာ သောက်များ၊ အဝတ်အထည်များ ကိုလှူဒါန်း သူများ က မိမိတို့၏ လိပ်ပြာမသန့်မှုများ၊ အပြစ်မကင်း ဟု ခံစာမှုများ ကြောင့်လိုမ့်၍ လှူဒါန်း တတ်ကြသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အခန်း [ ၇ ]

## သတ္တမ ဥပဒေသ

## ငွေမရှိသည့် လောကလည်း ရှိသည်

ငွေမရှိသည့် လောကလည်း ရှိကြောင်း ပြောပြရန်အလွန်အရေးကြီး သည်။ အိပ်ပျော်နေသည့်အခါ၊ အိပ်မက် မက်နေသည့် အခါများ၌ ငွေ မပါပေ။ ထို့အတူပင် စကြဝဠာအတွင်း၌ အခြား ငွေမရှိသည့် နေရာများလည်း ရှိသည်။ ငွေမလိုအပ်သည့် သဘောတရား များ ၊ဘဝ၏အခြေအနေများ လည်း ရှိလိမ့်မည်။ သို့သော် ကျွန်တော်တို့ လိုနေသမျှနှင့် လုပ်တတ်သည့် ကိစ္စအာ လုံလိုလိုတို့သည် ငွေနှင့် ဆက်နွယ်နေကြသည်။ အကျဉ် ဒဏ် ခံရသည့်သူများအတွက်ဆိုလျှင် စီ ကရက်သည် ငွေဖြစ်သည်။ လူများ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ဆက်နွယ်နေသမျှ၊ နို့ ထ လှုပ်ရှာ နေသမျှ ငွေကြေ သည် ရှိနေရတတ်ကြသည်။

ကျွန်တော်တို့ နေထိုင်ရာ လောကကြီး သည် ငွေကြေ ၏ လောဘ ဖြစ်နေသောကြောင့် ငွေမရှိသော လောကလည်း ရှိသေ ကြောင်း ပြောရသည်မှာ အနည် ငယ်မျှ ကမောက်ကမ နိုင်လှသည်။ **ငွေကိုမမြင်ချင်သူများ ၊ငွေ၏ အခန် ကဏ္ဍကို ငြင် ပယ်သူများ သည် အများ အာဖြင့် ဘဝ၌ မပျော်မရွှင် ဖြစ်နေတတ်သူများ ဖြစ်ကြသည်။**

လူသာ တို့၏ငွေကို တီ ထွင်ဖန်တီ ပုံ သမိုင် ကြောင် သည် သိသာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထင်ရှား ခြင်း မရှိသော်လည်း စိတ်ဝင်စား စရာ ကောင်း သည်။ ကျွန်တော်သည် "ငွေကြေး အဆင့်ဆင့် ပေါ်ပေါက်လာပုံနှင့် ရှေးလူများ ငွေကြေး ကို အသုံး ပြုပုံ" ဟူသည့် စာအုပ်များ ကို ရှာဖွေဖတ်ရှုခဲ့သည်။ လူတို့သည် လွန်ခဲ့သည့် နှစ်ပေါင်း များ စွာ ကတည်း ကပင် လက်နက်ကိရိယာများ ကို အသုံး ပြုတတ်သည့် သတ္တဝါများ ဖြစ်ခဲ့ပုံရသည်။ သို့သော် လွန်ခဲ့သည့် နှစ်ပေါင်း ငါး ထောင်ခန့်က တိရစ္ဆာန်များ ကို ယဉ်ပါး အောင် ထိန်း သိမ်း စပြုလာသည့် အခါ၌ လက်စွပ်များ ၊ ပုဆိန်များ သည် ဖလှယ်စရာ အရာဝတ္ထုများ ဖြစ်လာ ခဲ့သည်။ ၎င်း တို့ကို ရှေးဟောင်း ပစ္စည်း များ တူးဖော်ရရှိသည့် နေရာများ ၌ တွေ့ရသည်။ လွန်ခဲ့သည့် နှစ်ပေါင်း လေး ထောင်ခန့်က ဖာရိုဘုရင်များ ၏ ခေတ်၌ အီဂျစ်တွင် ကြေး ကို ဖလှယ်မှု ကိရိယာအဖြစ် သုံး လာကြသည်။ ကြေး ၊ ငွေနှင့် ရွှေတို့ကို စပ်၍ ဘောဘီလုံ၊ အင်ဒီ ယန်း နှင့် တရုတ်ပြည်တို့၌ ဒင်္ဂါး များ သွန်း လုပ်ခဲ့ကြသည်။ ဟန်မူရာဘီဘုရင်၏ ကိုဓ ဥပဒေများ ၌ ကုန်သည်များ သည် ငွေကို ဖလှယ်ရေး ကိရိယာအဖြစ် လက်ခံရန် ပြဋ္ဌာန်း ထား သည်။ အီဂျစ်နိုင်ငံ၌ ၎င်း တို့၏ ဘဏ်လုပ်ငန်း များ ကို အတိုး ပေး ချေးမှု များ အဖြစ် မှတ်တမ်း တင်ခဲ့ကြသည်။

လွန်ခဲ့သည့် နှစ်ထောင်ပေါင်း များ စွာက တရုတ်နိုင်ငံတွင် တန်မင်း ဆက်၌ ငွေစက္ကူကို ထုတ်ဝေခဲ့ကြသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀ခန့်က ဥရောပ၌ ငွေစက္ကူကို အသုံး ပြုခြင်း နှင့် ဘဏ်လုပ်ငန်း များ ပေါ်ပေါက်လာခဲ့ သည်။

ယနေ့ခေတ်အခါ၌ ငွေနှင့် ၎င်း ၏ဖြစ်စဉ်များ မှာ အတိုး နှုန်း များ ၊ အမြတ်များ ၊ အရင်း အနှီး များ ၊ ငွေဖောင်း ပွမှုများ စသည်ဖြင့် နေရာတစ်ကာ တိုင်း ၌ တွေ့နေရသည်။ ငွေကို ချဲ့ထွင်ဖန်တီး ရန်၊ တီထွင်ရန်အတွက် မည်သို့မျှ ဆွေး နွေး တိုင်ပင်နေစရာ မလိုပေ။ ငွေကို ထိန်း ချုပ်ရန်အတွက် ဖွဲ့စည်း ပုံ အခြေခံ ဥပဒေလည်း မရှိ။ ကြော်ငြာ နေစရာလည်း မလို။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သိုပါလျက်နှင်ပင် ငွေမရှိသည့် လောကလည်း ရှိသေ ကြောင် သတ္တမ ဥပဒေသက ပြောပြနေသည်။ **အနုပညာ၊ကဗျာ၊ဂီတ၊အက၊လိင်ကိစ္စ စသည် လူဘဝ၏ အခြေခံကိစ္စများ၌ ငွေ မပါဝင်။** ဤသတ္တမ ဥပဒေသ သည် သင့်ကို လမ် ညွှန်မှုပေ မည့် ကြယ်တစ်ပွင့်နှင့် တူသည် သင့်အနေဖြင် ထိုကြယ်များ ၊ ဂြိုလ်များ ပေါ်၌ တက်၍ မနေနိုင်ပေ။ သို့သော် ထိုကြယ်၏ လမ် ညွှန်မှုကိုခံယူရသည်။ မိမိ၏ လမ် ကြောင် ကို ရှာဖွေရာ၌ အထောက် အကူအဖြင့် အသုံ ချရသည်။ ထိုကြယ်ထံသို့ ရောက်အောင် သွာ စရာမလို။ သို့သော်လည် ကြယ်မရှိလျှင် မိမိ၏ ခရီ လမ် ကို ညွှန်ပြနိုင်မည် မဟုတ် မွေ သည့်အချိန်မှ သေသည့် အချိန်အထိ ငွေကြေ ၏ အခန် ကဏ္ဍကို အသိ အမှတ်ပြုခြင် သည် ကိုယ်ဘယ်လိုလူဖြစ်သည်၊ ဘယ်နေရာကို ဦ တည်နေ သည်၊ ဘယ်နေရာကို ရောက်အောင် သွာ နေသည်၊ ဘာတွေ တွေ ပြီ ဘာတွေကို နာ လည် ဖို့ ကြို စာ နေသည်တို့အတွက် အထောက်အကူ ဖြစ် သည်။ ဤသတ္တမ ဥပဒေသအနေဖြင့် ငွေမရှိသည့် လောက တစ်စုံတစ်ရာ ရှိကြောင် ကို ပြောရမည်။ **ကိုယ်ဘာလုပ်သည်၊ ဘယ်လို အလုပ် လုပ်သည်၊ ဘယ်လိုလူ ဖြစ်သည်၊ ဘယ်သူများ နှင့် အပေါင် အသင် ဖြစ်သည် ဆိုသည့် အရာများ သည် ငွေနှင့် မဆိုင်သည့် ကိစ္စများ ဖြစ်သည်။**

**ငွေ နှင့် သက်ဆိုင်သည့် ကိစ္စများ ကို ဂရုစိုက်ပါက ငွေကို ရရှိနိုင် သည်။**

ထင်ရှာ သည့် စကာ ပုံတစ်ခု ရှိသည်။ "ငါ တစ်ကောင်သည်။ မည် သည့်အခါမျှ ရေကို ရှာမတွေ့။ အင် ဒီ ယန်များ သည် ကမ္ဘာလှည့် ခရီ သည် များ ကဲ့သို့ ရှုမျှော်ခင် ကောင် များ ကို မမြင်" ဟူ၍ ဖြစ်သည်။ ငွေမရှိသည့် လောကလည် ရှိသည်ဟု ပြောခြင် မှာ ငါ တစ်ကောင်၏ ဘဝသည် သူ ရေထဲတွင် နေနေကြောင် သတိထာ မိလျှင် ထူ ခြာ လာမည် ဖြစ်သည်။ အင်ဒီ ယန် များ သည်။ မိမိတို့ မျက်စိရှေ့၌ အလွန်ထူ ခြာ ဆန် ကြယ်သော

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရှုခင် မျှာ ရှိနေသည်ဟု သဘောပေါက်လျှင် သူ၏ဘဝသည် တစ်မျိုး တစ်ဖုံ ထူ ခြား မည်ဟု ဆိုလိုရာ ရောက်သည်။ ဤသတ္တမ ဥပဒေသအရ ဆိုလျှင် ကျွန်ုပ်တို့သည် ရေထဲမှ ငါ တစ်ကောင်လိုပင် ငွေထဲမှာ နေနေကြသည်။ ဤသို့ ငွေနှင့် ဝန်း ရံနေသော လောကထဲမှာ နေနေသည်ကို အသိအမှတ်ပြုလျှင် ပတ်ဝန်း ကျင်အပေါ် သြဇာလွှမ်း မိုး ပုံကို အကြီး အကျယ် ပြောင်း လဲစေနိုင်သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



# နိဂုံး

စာအုပ်တစ်အုပ် ရေးရန် အလွန်ပင်ပန်း ခဲယဉ်း လှသည်။ သို့သော် ဤနေရာ၌ ဤစာအုပ်ကို ရေးရန်အတွက် အချိန်နှင့် စွမ်းအား များ ကို မည်သည့်အတွက် ကြောင့် အကုန်ခံရကြောင်း ရှင်းလင်း ပြလိုသည်။ ငွေနှင့် ပတ်သက်သော ဥပဒေသ ခုနစ်ရပ်၏ သမိုင်း ကို တိုတို ပြောပြလိုပါသည်။ မူလက ငွေနှင့် ပတ်သက်သော ဥပဒေသ ခုနစ်ရပ်ကို စာမျက်နှာ ခုနစ်မျက်နှာသာ ရေး ထား ခဲ့ခြင်း ဖြစ်သည်။ ဥပဒေသ တစ်ခုလျှင် တစ်မျက်နှာသာ ရေး ထား ခဲ့သည်။ ထိုစာမျက်နှာ ခုနစ်မျက်နှာပါသည့် စာအုပ်ငယ်ကလေး ကို အခမဲ့ကျောင်း များ အတွက် စာအုပ်တစ်အုပ် ပြုစုနေသော ဆယ်လီရက်စ်ပါ၏ မေတ္တာရပ်ခံ ချက်အရ ပြုစုခဲ့ခြင်း ဖြစ်သည်။ ဆယ်လီက ငွေနှင့်ပတ်သက်၍ ဖြေရှင်း နိုင်ပုံ မရသော ပုဂ္ဂိုလ်များ ကို အခမဲ့ ပညာသင်ကျောင်း များ ၌ ငွေနှင့်ပတ်သက်သည့် အချက်အလက် ဗဟုသုတ တစ်စုံတစ်ရာ ပေး ချင်သည်။

ဆယ်လီက ကျွန်တော်နှင့်တွေ့ပြီး ငွေအကြောင်း ပြောခိုင်း သည့် နေ့တွင် ကျွန်တော်၏မိတ်ဆွေ ကင်ဒယ်လ်က မြို့ထဲရောက်နေသည်။ ဂျက် အင်ကင်ဒယ်လ်သည် ကဗျာဆရာ တစ်ယောက်ဖြစ်ပြီး ကျွန်တော် သူ့ကို အလိုရှိသည့် အခါတိုင်း မြို့ထဲမှာ ရောက်နေတတ်သည်။ သူက သူလည်း ကျွန်တော့်ကို ဝိုင်း ကူမည်ဟု ပြောပါသည်။ တောက် ဒဿနများ မှလာသော

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဥပဒေသ ခုနစ်ရပ် အကြောင်း ကိုလည်း သူပြောပြသည်။ ခရီ သွာ ခြင်း နှင့် ပတ်သက်သည့် ဥပဒေသ ခုနစ်ချက်၊ ဘုရာ ရှိခို ခြင်း နှင့် ပတ်သက်သည့် ဥပဒေသခုနစ်ခု စသည်ဖြင့် ဒဿနများ မှာ အစုံရှိသည်။ သူက ထိုဥပဒေသ များ ရလာအောင် မည်သို့ လုပ်ရမည်ကို ကြိုတင်၍ပြောမပြ။ ကိုယ့်ဘာသာ ကိုယ်ရှာကြည့်ပါဟု ပြောသည်။ 'ပထမ ဥပဒေသကို ဘယ်လိုလုပ်ရမလဲ ဆိုတာ ပြောပြမယ်။ ပြီ ရင် အဲဒီဥပဒေသနဲ့ ပတ်သက်လို့ ဘယ်လို သရုပ် ဖော်မလဲဆိုတာ ခင်ဗျာ တွေ ကြည့်ပေါ့'ဟု ပြောပြသည်။ ပထမဥပဒေသကို နာ လည်သည့်အခါ သူ့ကို ပြောပြသည်။ ထိုအခါ ပထမဥပဒေသအရ ဒုတိယ ဥပဒေသကို မည်သို့ ဖန်တီ ရမည်ကို ပြောပြသည်။ ဤနည် ဖြင့် ဒုတိယ ဥပဒေသ အကြောင် ကို တွေ့ မိလာသည်။ ပထမ ဥပဒေသနှင့် ဒုတိယ ဥပဒေသတို့ကို ပေါင် စည် ပြီ တတိယ ဥပဒေသ ဖြစ်လာသည်။ စတုတ္တ ဥပဒေသသည် တတိယ ဥပဒေသ၏ ဆန့်ကျင်ဘက်ဖြစ်သည် စသည်ဖြင့် ဆက်လက်တွေ့ လာခဲ့သည်။

ကျွန်တော်က ဆဌမဥပဒေသသို့ ရောက်သောအခါ သတ္တမဥပဒေသ ကို ရောက်အောင် ဘယ်လို လုပ်ရမလဲဟု မေ သည်။ သူက 'သတ္တမ ဥပဒေသကို ရောက်အောင်သွာ လို့ မရဘူ ။ ခင်ဗျာ မရောက်နိုင်တဲ့ ကိစ္စနဲ့ ဆိုင်တယ်' ဟု ပြောလိုက်သည်။ ထိုအခါ ကျွန်တော်က နာ လည်သဘော ပေါက်သွာ ပြီ သတ္တမ ဥပဒေသ အကြောင် ကို ပြောပြသည်။ ထို့နောက် ကျွန်တော် ရေ ထာ သမျှကို ဆယ်လီထံသို့ ပို့လိုက်သည်။ ထိုသို့ ပို့ထာ စဉ် အခြာ မိတ်ဆွေများ ကလည် မိတ္တူများ ပွာ ပေ သည်။ မိတ္တူရရှိသည့် မိတ်ဆွေတစ်ဦ ဖြစ်သော ဒစ်ရေမွန်က ဥပဒေသ ခုနစ်ရပ်ကို အလွန် သဘောကျသဖြင့် မိတ္တူထပ်ပွာ ၍ တစ်ဆင့်ထပ်မံ ဝေငှသည်။

လ အနည် ငယ်ခန့် အတွင် တွင် အမေရိကန်နိုင်ငံ တစ်ဝန် ရှိ လူ အများ ထံမှမေတ္တာရပ်ခံချက်ပေါင် တစ်ဒါဇင်ခန့်ရရှိလာခဲ့သည်။ အတ္တလန်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တာရှိ ခရစ်ယာန် ဘုရာ ရှိခို ကျောင် များ ၊ နယူ ယောက် အိုင်ဘီအမ်ကုမ္ပဏီ ရှိ ဦး ဆောင်အရာရှိများ စသည်တို့က ဤဥပဒေသ ခုနစ်ရပ်နှင့် ပတ်သက်သော မိတ္တူများ ပေ ရန် မေတ္တာရပ်ခံကြသည်။ နောက်ဆုံ ၌ အထင်ကရ ထုတ်ဝေသူ တစ်ယောက်ဖြစ်သော ပင်ဂွင် ကုမ္ပဏီကလည်း သူ၏ အယ်ဒီတာ တစ်ယောက်ကို စရန်ငွေနှင့်အတူ စေလွှတ်ပြီ စာအုပ်တစ်အုပ် ရေ ရန် မေတ္တာရပ်ခံလာသည်။ စာအုပ်ရေ ရန် စဉ် စာ ပါမည်ဟု ကတိပေ လိုက်သည်။ ထိုအချိန်က ရေ ပြီ သာ စာအုပ်ကို ပေ ရမည်ဆိုလျှင် ပင်ဂွင် ကုမ္ပဏီကို ပေ ဖြစ်မည်ဟု ထင်သည်။ သို့သော် နောက်ဆုံ ၌ ပင်ဂွင် နယူ ယောက် ကုမ္ပဏီမှ စာအုပ်အယ်ဒီတာများ က လက်ခံခြင် မပြုခဲ့ပေ။

စာအုပ်တစ်အုပ် ရေ မည်ဟု ဆုံ ဖြတ်ရန် အချိန်သုံ လခန့်ကြာခဲ့သည်။ ဘာကြောင့်ဟု ရေရေရာရာ မပြောနိုင်ဘဲဖင့်နွှေ နေခဲ့ခြင် ဖြစ်သည်။ ကျွန်တော့်အနေဖြင့် စရန်ငွေပေ သည်ကို လည် ကောင် ၊ ကျော်ကြာ လိုမှုကို လည် ကောင် မလိုလာ ပေ။ လူအများ က အကူအညီ ပေ ရာမှ ရရှိမည့် ငွေကိုလည် စိတ်မဝင်စာ ပေ။ အစပိုင် ၌ ကျွန်တော် စာအုပ်မရေ ဘဲ နေခြင်မှာ စာအုပ်ငယ် ပုံစံဖြင့် ရေ ပြီ ခဲ့၍ ဖြစ်သည်။ အကျို မရှိဘဲ လူသိများ အောင် လုပ်ရသည်ကိုလည် သဘောမကျပေ။

ဆိုဖီ ပုံပြင်တစ်ခု၌ အလွန်ခက်ခဲသည့် မေ ခွန် တစ်ခုကို သင်တန်သာ များ က မာရှစ်အာ မေ ရန် ပြင်ဆင်ခဲ့ကြသည်။ မာရှစ် ရောက်လာသော အခါ သူတို့က ဘဝ၏အဓိပ္ပာယ် ဆိုသည်မှာ ဘာလဲဟု မေ သည်။ သူက အဖြေကို ဘယ်သူ သိသလဲဟု ပြန်မေ လိုက်သည်။ မည်သူကမျှ လက်မထောင်သည့်အခါ မာရှစ်က အဲဒီလိုဆိုရင် ငါက မင် တို့ကို ပြောပြလို့လည်နာ လည်မှာ မဟုတ်ဘူ ဟု ပြောလိုက်သည်။ နောက်တစ်နေ့၌ ကျောင် သာ များ က တစ်မျို တစ်ဖုံ ပြင်ဆင်ထာ ကြပြန်သည်။ မာရှစ် အခန် ထဲ ဝင်လာသောအခါ ဘဝ၏ အဓိပ္ပာယ်ဆိုတာ ဘာလဲဟု မေ ပြန်သည်။ သူကလည်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အဖြေကို ဘယ်သူသိသလဲဟု ပြန်မေးပြန်သည်။ ကျောင်းသားအားလုံးက လက်များကိုထောင်ပြကြသောအခါ ဒီလိုဆိုရင် ငါပြောပြနေဖို့ မလိုတော့ပါဘူးဟု မာရှစ်က ပြောသွားပြန်သည်။ တတိယနေ့၌ ဒီနေ့တော့ အဖြေရအောင် ထုတ်နိုင်မည်ဟု ထင်ကြသည်။ မာရှစ် အခန်းထဲသို့ ဝင်လာသည့်အခါ ဘဝ၏ အဓိပ္ပာယ်ကို မေးကြပြန်သည်။ သူကလည်း အဖြေကို ဘယ်သူသိသလဲဟု မေးပြန်သည်။ ထိုအခါ အခန်းရှိလူတစ်ဝက်က လက်ထောင်ပြပြီး ကျန်တစ်ဝက်က မထောင်ဘဲ နေကြသည်။ ထိုအခါ မာရှစ်က ဒီလိုဆို သိတဲ့သူတွေက မသိတဲ့သူတွေ ပြောပြလိုက်ကြဟု ပြောပြန်သည်။

ဤပုံပြင်ကို စံနမူနာအဖြစ် သဘောထားပြီး ကျွန်တော် ခုနစ်မျက်နှာရေပြီးသည်ကို ပို၍ ပျံ့နှံ့အောင် ကြိုးစား ထုတ်ရမည့် အဖြစ်အား စိတ်မပါ လက်မပါ ဖြစ်နေစေသည်။ သို့သော် အခြား အကြောင်းတရားများကလည်း ကျွန်တော့်ကို ဩဇာလွှမ်းမိုးနိုင်ကြပြီး တဖြည်းဖြည်း စိတ်ပြောင်းလာခဲ့သည်။ အနည်းဆုံး ကိုယ်ဖတ်ချင်သည့်၊ ကိုယ်စိတ်ဝင်စားသည့် စာအုပ်တစ်အုပ်တော့ ရေးဖို့ကောင်းသည်ဟု ကျွန်တော့်မိတ်ဆွေ ဂျက်အင်ကင်ဒယ်လ်က အကြံပေးသည်။ ဒုတိယမှာ ကျွန်တော့်အမေဖြစ်သည်။ အမေက သူ့သားကို ထည်ရှားကျော်ကြားစေချင်သည်။ သူမဖွင့်ဆိုသည့် ကျော်ကြားမှုဆိုသည်မှာ စာဖတ်မရိုးသတ်တွင် အသိများခြင်း၊ ရင်းနှီးခင်မင်စရာ မိတ်ဆွေတစ်စု အကြားတွင် ထင်ရှားခြင်း ဖြစ်သည်။

ကျွန်တော်က စာအုပ်၏ အရည်အသွေးကိုလည်း စိုးရိမ်ပူပန်နေမိသည်။ စာအုပ်တစ်အုပ်သည် စကြဝဠာထဲမှ အချို့သတင်း အချက်အလက်ကို သာကောက်ယူရေးနေသည်။ထိုသို့သတင်းအချက်အလက်များကောက်ယူတာတွင် ပြည့်စုံကောင်းမှ ပြည့်စုံနိုင်မည်။ ပြည့်စုံရန်လည်း ခက်ခဲလှသည်။ စာအုပ်ထဲ၌ ပါသည့် အကြောင်းအရာများသည် ရှေ့နောက်ဆီလျော်ညီညွတ်မှု ရှိရန်လည်း လိုသည်။ အစ ရှိသလို အဆုံး ရှိရမည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



သက်ဆိုင်ရာ ဘာသာရပ်နှင့် ပတ်သက်၍ အတန်အသင့် ခြုံမိငုံမိရမည်။ သို့သော် လောကဆိုသည်မှာ ထိုသို့ အစ အလယ် အဆုံး သေသေချာချာ ကျကျနန ရှိနေတတ်သည် မဟုတ်။ စာအုပ်တစ်အုပ်သည် တကယ် ထင်ရှာမရှိသည့် အမှန်တရား တစ်ခုကို ဖန်တီး လိုက်ရာ ရောက်သည်။ စာအုပ်တစ်အုပ် ရေး ရသည်မှာ မြင်းကျား တစ်ကောင်ကို ပုံဖော်ရသည်နှင့် တူသည်။ မြင်း ကျား ၏ အမည်း ရောင်ကို ပြောပြသည့်အခါ အခြား အရောင်ကို ချန်လှပ်ထား သလို ဖြစ်ပြီး မြင်း ကျား ကို ယာယီအား ဖြင့် အမည်း ဖြစ်အောင် လုပ်ပေ လိုက်သလို ဖြစ်သွား သည်။ ကျွန်တော်သည် ဤပြဿနာများ ကို ဖြေရှင်းရန်အတွက် ပန်း ချီကား များ၊ ကဗျာများ၊ ဓာတ်ပုံများ၊ အခြား သူများ ၏ ရှုမြင်ပုံများ ကို အာရုံစိုက်ခဲ့ပါသည်။

စာအုပ်တစ်အုပ်နှင့် မြင်းကျား တစ်ကောင်တို့ တူညီပုံ အခြား တစ်ခုမှာ မြင်း ကျား ကို ဆေး အဖြူ အား လုံး သုတ်ပေ လိုက်သလို ဖြစ်သည်။ စာအုပ်တစ်အုပ်ကို ရေး သည့် စာရေး သူလည်း ထိုသို့ပင် ဖြစ်တတ်သည်။ စာရေး သူတစ်ယောက်မှာ စရိုက်အမျိုး မျိုး၊ အကျင့်အမျိုး မျိုး ရှိနိုင်သည်။ သူ၏ ဘာသာစကား ကိုကြည့်၍လည်း ကောင်း၊ ရှုထောင့်တစ်ခု ရွေး ချယ်၍လည်း ကောင်း သူ့ကိုယ်သူ မည်သို့သော လူတစ်ယောက်ဖြစ်ရမည်ကို ရွေး ချယ်လိုက်သည်။ ဤနည်း အား ဖြင့် သူ့ကိုယ်သူ ဆွဲပြသည့် ပန်း ချီကား သည် လုံး ဝအဖြူရောင် ဖြစ်နေတတ်ကြသည်။ အခြား သူများ အထင်အမြင် ကြီး စေရန်အတွက် လိုအပ်သည့် အရာများ ကိုသာ ရွေး နုတ်ဖော်ပြခြင်း ဖြစ်သည်။ စာရေး သူနှင့် ပတ်သက်၍ ကျွန်တော်၏ အတွေ့အကြုံကို ဖော်ပြရလျှင် စာအုပ်ထဲ၌ သူတို့ကိုယ်သူတို့ ရွေး ချယ်ထား သည့် ပုံသဏ္ဌာန်များ နှင့် ပြင်ပက ပုံသဏ္ဌာန်များ အလွန်ခြား နား ကြောင်း တွေ့ရသည်။

မိမိအကြောင်း ကို ပြန်ပြောသည့် စာအုပ်၌ မိမိအတွေ့အကြုံများ ပါဝင်နေမည်သာ ဖြစ်သည်။ မိမိ၏ နောက်ခံသမိုင်း နှင့် မိမိ၏ ဆန္ဒများ ကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စာဖတ်သူများ ၏ အတွေ့အကြုံနှင့် မည်သို့ ပေါင် စပ်နိုင်မည်နည် ။ စာဖတ်သူများ အနေဖြင့် အလွယ်တကူ ပေါင် စပ်နိုင်မည် မဟုတ်ပါ။ လူချင် တွေ့ကြလျှင်လည် စာအုပ်ထဲက လူနှင့် အပြင်ကလူ ခြာ နာ နေသည်ကို တွေ့ရမည်။ ထိုသို့သော အဖြစ်မျို ကို အဖြစ်မခံလိုပါ။ လူချင် တွေ့သည့် အခါ၌လည် စာအုပ်ထဲက လူတစ်ယောက်နှင့် တူနေသည်ကိုသာ တွေ့စေ ချင်ပါသည်။ ကျွန်တော်ရေ သည့် ကိစ္စများ နှင့် ပတ်သက်၍ ဘယ်လို အကျို ရှိ ကြောင် ၊ ဘယ်လို သင်ခန် စာ ရကြောင် သာ ကြာ ချင်ပါသည်။

ဤစာအုပ်ကို ရေ သာ ရာ၌ တိတ်ခွေဖြင့် အသံသွင် ပြီ မှ ရေ သာ ခဲ့ခြင် ဖြစ်သဖြင့် နောက်ပိုင် ၌ အင်္ဂလိပ်စာ အရေ အသာ များ ကို ပြန်ပြင် ရသည်။ မျက်လုံ ထဲတွင် မြင်ပုံနှင့် နာ က ကြာ ပုံတို့ကြာ တွင် ခြာ နာ ခြင် တစ်ခု ရှိသည်။

စာအုပ်အဖြစ်သို့ အသွင်ပြောင် ရာ၌ စကာ ပြေအဖြစ်အဆင်ပြေမည် ကိုသာ ရွေ ချယ်ခဲ့သည်။ ဤစာအုပ်ကို ဖတ်ပြီ နောက် တစ်စုံတစ်ယောက်က ကျွန်တော်နှင့် လာတွေ့လျှင် ကျွန်တော် ဘယ်လိုလူ ဖြစ်သည်ကို မှန်မှန် ကန်ကန် မြင်စေချင်ပါသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

